ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**လူအပေါင်းချစ်မြတ်နိုး**

သီလနှင့်လည်းပြည့်စုံ၊ ဉာဏ်အမြင်နှင့်လည်း ပြည့်စုံ၊ တရား၌တည်၍ အမှန်ကိုလည်း ပြောဆိုတတ်၊ မိမိပြုအပ်သည့် ကျင့်ဝတ်နှင့်လည်း ပြည့်စုံသောသူကို လူအပေါင်းသည် ချစ်မြတ်နိုး၏။

ပိယဝဂ်(ဓမ္မပဒ -၂၁၇)

၁၃၈၅ ခုနှစ်၊ ပြာသိုလဆန်း ၁ ရက်၊ ကြာသပတေးနေ့။ Thursday, 11 January 2024 ၁၁၃၃၇

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာ အောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက် ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှု ရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## မိမိတို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေး တိုင်းရင်းသား ပြည်သူများအားလုံး ညီညီညွတ်ညွတ်ဆောင်ရွက်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ကရင်အမျိုးသားနှစ်သစ်ကူးနေ့သို့ ပေးပို့သည့် သဝဏ်လွှာ**

(၂၀၂၄ ခုနှစ် ဇန်နဝါရီလ ၁၁ ရက်)

**ချစ်ခင်လေးစားအပ်ပါသော မြန်မာနိုင်ငံအတွင်းရှိ မိဘပြည်သူများနှင့် ကရင်တိုင်းရင်းသား ညီအစ်ကို မောင်နှမများ ခင်ဗျာ –**

ယနေ့ ခရစ်နှစ် ၂၀၂၄ ခုနှစ် ဇန်နဝါရီလ ၁၁ ရက်၊ ကရင်သက္ကရာဇ် ၂၇၆၃ ခုနှစ်၊ မြန်မာသက္ကရာဇ် ၁၃၈၅ ခု ပြာသိုလဆန်း ၁ ရက်နေ့သည် ကရင်တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ မြတ်နိုးတန်ဖိုးထားသည့် ကရင်အမျိုးသားနှစ်သစ်ကူး နေ့ထူးနေ့မြတ်ဖြစ်ပါသည်။ ကရင်နှစ်သစ်ကူးအခါသမယတွင် ကရင်တိုင်းရင်းသားများအပါအဝင် မိဘပြည်သူအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်း စသည့် ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါသည်။

**စာမျက်နှာ ၄ ကော်လံ ၁ သို့ ☆**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အာဆီယံဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာအထူးကိုယ်စားလှယ် H.E. Mr. Alounkeo Kittikhoun အား လက်ခံတွေ့ဆုံစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အာဆီယံဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာအထူးကိုယ်စားလှယ်အား လက်ခံတွေ့ဆုံ

## နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် အမျိုးသားရင်ကြားစေ့ရေးအတွက် နိုင်ငံတော်အစိုးရအနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိမှုနှင့်ပတ်သက်၍ ဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၁၀

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် အာဆီယံဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်ဖြစ်သူ H.E. Mr. Alounkeo Kittikhoun အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖

ကြေးမုံ

# နိုင်ငံချစ်စိတ်ဖြင့် အားကစားကဏ္ဍမြှင့်တင်

အားကစားသည် ကျန်းမာကြံ့ခိုင်စေသည့်အပြင် အားကစားသမားရော အားပေးကြသူများပါ စိတ်ဓာတ်ခွန်အားမြင့်မားစေသည့် ကဏ္ဍတစ်ခုဖြစ်သည်။ အားကစားအောင်မြင်မှုဖြင့် စိတ်ဓာတ်ခွန်အားမြင့်မားလာကြသလို နိုင်ငံ့ဂုဏ်လည်းမြင့်မားပြီး တိုင်းပြည်နှင့်လူမျိုးအတွက် ခွန်အားများဖြစ်စေသည်။ ထို့ကြောင့် နိုင်ငံတော်က အားကစားကဏ္ဍကို မြှင့်တင်အားပေးလျက်ရှိရာ အားကစားသမားကောင်းများ စဉ်ဆက်မပြတ်ပေါ်ထွန်းနေသည်။

အားကစားကဏ္ဍမြင့်မားတိုးတက်ရေးကို ကြိုးပမ်းဆောင်ရွက်ရာတွင် အခြေခံကျသောကဏ္ဍများမှာ အခြေခံပညာကျောင်းပေါင်းစုံ၊ တက္ကသိုလ်ပေါင်းစုံ၊ ဝန်ကြီးဌာနပေါင်းစုံနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ် အားကစားပြိုင်ပွဲများဖြစ်သည်။ အားကစားပြိုင်ပွဲများတွင် ပြည်သူအများ အထူးအားပေးသော အားကစားပြိုင်ပွဲမှာ ဘောလုံးအားကစားပြိုင်ပွဲဖြစ်သည်။ အခြေခံပညာ၊ တက္ကသိုလ်၊ ဝန်ကြီးဌာန၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှတစ်ဆင့် ထူးချွန်ထက်မြက်သော လက်ရွေးစင်အားကစားသမားများပေါ်ထွက်လာပြီး ပြည်တွင်းသာမက နိုင်ငံတကာအဆင့်အားကစားပြိုင်ပွဲများတွင်ပါ နိုင်ငံ့ဂုဏ်နှင့်စိတ်ဓာတ်ခွန်အားများ မြှင့်တင်ပေးနိုင်ခဲ့သည်။

တက္ကသိုလ်ပေါင်းစုံအားကစားပြိုင်ပွဲကို ဇန်နဝါရီလ ၉ ရက်နေ့က ဖွင့်လှစ်ခဲ့သည်။ သမိုင်းတစ်ခေတ်တွင် အားကစားကဏ္ဍကို ထွန်းလင်းတောက်ပြောင်စေခဲ့သည့် တက္ကသိုလ်အားကစားပြိုင်ပွဲဖြစ်၍ ကြိုဆိုရမည်ဖြစ်ပြီး တက္ကသိုလ်အဆင့်တွင် အားကစားလူငယ်များနှင့် ဝါသနာရှင်များ ပေါ်ထွန်းလျက်ရှိသည်ကို ဝမ်းမြောက်မိပါသည်။ တက္ကသိုလ်အားကစားကဏ္ဍမှနေ၍ အောင်မြင်မှုသမိုင်းမှတ်တိုင်များစွာ စိုက်ထူနိုင်ခဲ့သည်။ ပြီးခဲ့သည့်နှစ်များက ကျင်းပခဲ့သည့် နိုင်ငံတကာပြိုင်ပွဲများတွင် တက္ကသိုလ်လက်ရွေးစင် အားကစားသမားများက အောင်ပွဲများကို ဆွတ်ခူးပေးနိုင်ခဲ့သဖြင့် နိုင်ငံတော်က ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှင့်ခဲ့သည်။

နိုင်ငံတော်အစိုးရက တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍကို မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိသည်။ နိုင်ငံ့ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၌ အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေးအတွက် ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်အောင် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိသည်။ ယင်းတို့တွင် ကျောင်းသားလူငယ်အားကစားကဏ္ဍသည် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ အားကစားကဏ္ဍမှတစ်ဆင့် စိတ်ဓာတ်ခွန်အားများ မြှင့်တင်ပေးနိုင်ပြီး နိုင်ငံတော်အတွက် အထောက်အပံ့ကောင်းများဖြစ်စေသည်။

ယနေ့အချိန်အခါတွင် လူငယ်များ၏စွမ်းပကားများ အထူးလိုအပ်လျက်ရှိသည်။ အားကစားသည် လူငယ်များ၏ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ကျန်းမာကြံ့ခိုင်မှုကို ဖြစ်ပေါ်စေရုံသာမက ဗလငါးတန်ဖွံ့ဖြိုးမှု၏ အခြေခံမျိုးစေ့လည်းဖြစ်သည်။ တက္ကသိုလ်ကျောင်းသား ကျောင်းသူများအနေဖြင့် အားကစားကဏ္ဍတွင် ပါဝင်ဆောင်ရွက်ကြခြင်းဖြင့် ကျန်းမာကြံ့ခိုင်ခြင်း၊ စိတ်လက်အပန်းပြေနိုင်ခြင်း၊ စိတ်ဖိစီးမှုများ လျော့ကျစေနိုင်ခြင်း၊ တက်ကြွဖျတ်လတ်ခြင်း၊ ပြဿနာကို ဖြေရှင်းနိုင်စွမ်းရှိခြင်း၊ စနစ်တကျတွေးခေါ်နိုင်ခြင်း၊ ဖြတ်ထိုးဉာဏ်ကို အသုံးချနိုင်ခြင်း၊ အသင်းအဖွဲ့နှင့် စုပေါင်းလုပ်ဆောင်တတ်ခြင်းစသည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်သည်။

ပညာရေးဝန်ကြီးဌာနအနေဖြင့် လူငယ်များ ဗလငါးတန်ဖွံ့ဖြိုးရေးနှင့် အားကစားကဏ္ဍ မြှင့်တင်ရေးအတွက် ကျောင်းအားကစားကွင်းများ အဆင့်မြှင့်ရေးကို ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ ပညာရေးနှင့်အားကစား ပေါင်းစပ်သင်ယူနိုင်သည့် အခွင့်အလမ်းများကို တိုးမြှင့်ဖော်ဆောင်ပေးလျက်ရှိသည်။ ပညာတတ်သော၊ စိတ်ဓာတ်စည်းကမ်းကောင်းမွန်သော၊ ကျန်းမာကြံ့ခိုင်သော လူချွန်လူကောင်းများ ပေါ်ထွက်လာစေရန် အားကစားကဏ္ဍနှင့် ပညာရေးကို ပေါင်းစပ်မြှင့်တင်ပေးနေသည်။ ခေတ်ကာလ အခြေအနေပြောင်းလဲလာသည်နှင့်အမျှ အားကစားဘက်တွင် စိတ်ဝင်စားမှုနည်းလာသောအခါ၌ ပညာရေးကဏ္ဍမှတစ်ဆင့် အားကစားကဏ္ဍကို မြှင့်တင်ဆောင်ရွက်ပေးနိုင်ပါက နိုင်ငံအနာဂတ်အတွက် ပိုမိုကောင်းမွန်လာမည်ဖြစ်သည်။

ကျန်းမာခြင်းသည် လာဘ်တစ်ပါးဖြစ်ပြီး ဘဝတစ်လျှောက်လုံးတွင် အလိုအပ်ဆုံးအရာဖြစ်၍ ကျောင်းသား ကျောင်းသူလူငယ်များ အားကစားဘက်တွင် ပါဝင်လိုက်စားလာပြီး သက်ရှည်ကျန်းမာစွာဖြင့် မိမိအကျိုး၊ နိုင်ငံ့အကျိုးကို သယ်ပိုးထမ်းဆောင်နိုင်မည့် အနာဂတ်သားကောင်းရတနာများဖြစ်လာပေမည်။ အားကစားဘက်တွင် ပါဝင်လိုက်စားကြသောကြောင့် စိတ်ဓာတ်စွမ်းအားများ၊ ကိုယ်ခန္ဓာကြံ့ခိုင်စွမ်းအားများ ပိုမိုကောင်းမွန်လာပြီး အဘက်ဘက်တွင် စွမ်းဆောင်နိုင်စွမ်းရှိသည့် နိုင်ငံ့သားကောင်းများဖြစ်လာပေမည်။ တက္ကသိုလ်အဆင့်တွင် အားကစားဘက်၌ စိတ်ပါဝင်စားသူများ များပြားလာပြီး ထူးချွန်ထက်မြက်သူများ စဉ်ဆက်မပြတ်ပေါ်ထွန်းနေသည်မှာ ဝမ်းမြောက်စရာဖြစ်သည်။

သို့ဖြစ်ရာ ပညာရေးကဏ္ဍအဆင့်ဆင့်တွင် အားကစားနည်းအမျိုးမျိုးကို လိုက်စားကြပြီး တစ်ကိုယ်ရေကျန်းမာကြံ့ခိုင်ရေးအတွက်သာမက နိုင်ငံ့လက်ရွေးစင်အားကစားသမားများဖြစ်အောင် ကြိုးစားအားထုတ်ကြပြီး နိုင်ငံ၏ဂုဏ်ကို ထိန်းသိမ်းမြှင့်တင်နိုင်သူများ၊ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ရှိသူများ ဖြစ်ထွန်းလာအောင် ကြိုးပမ်းကြရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်အမှတ်၊ ၆ / ၂၀၂၄**

၁၃၈၅ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၄ ရက်
(၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်)

**ဒုတိယဝန်ကြီးခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဦးထင်ကျော်သူအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန(၂) ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ
အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

## ဒုတိယအကြိမ်မြောက် တရုတ်-အာဆီယံ ဆန်းသစ်တီထွင်မှုနှင့် စွန့်ဦးတီထွင်ပြိုင်ပွဲ၌ စွန့်ဦးတီထွင်လုပ်ငန်းရှင်အဖွဲ့များ ပါဝင်ယှဉ်ပြိုင်ရန် ဖိတ်ခေါ်ထား

**ရန်ကုန် ဇန်နဝါရီ ၁၀**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနနှင့် ASEAN Secretariat တို့ပူးပေါင်း၍ တရုတ်နိုင်ငံနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု ဖလှယ်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန်၊ အနာဂတ်တွင် မျှဝေမှုဖြင့် တရုတ်-အာဆီယံ အသိုက်အဝန်းကို ပိုမိုခိုင်မာလာစေရန်ရည်ရွယ်၍ ဒုတိယအကြိမ်မြောက် တရုတ်-အာဆီယံ ဆန်းသစ်တီထွင်မှုနှင့် စွန့်ဦးတီထွင် (The 2th China-ASEAN Innovation and Entrepreneurship Competition-CAIEC) ပြိုင်ပွဲ၌ စွန့်ဦးတီထွင်လုပ်ငန်းရှင်အဖွဲ့များ ပါဝင်ယှဉ်ပြိုင်ရန် ဖိတ်ခေါ်ထားကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလမှ မတ်လအတွင်း ကျင်းပသွားမည်ဖြစ်ပြီး ပထမအကြိမ်၌ မြန်မာနိုင်ငံမှ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ လုပ်ငန်းရှင်တစ်ဦး (Green Toddy Co.,Ltd)က တတိယဆုနှင့် သဲဖြူ Ecolodges နှင့် DTVET Team က Creativity Stars ဆုများ ဆွတ်ခူးရရှိခဲ့သည်။ ပြိုင်ပွဲ Team အမည်မှာ "Digital Empowerment for a Shared Feture" ဖြစ်ပြီး ဒစ်ဂျစ်တယ်စီးပွားရေး၊ ဒစ်ဂျစ်တယ်ကုန်ထုတ်လုပ်မှု၊ ဒစ်ဂျစ်တယ်ထုတ်ကုန် ဝန်ဆောင်မှု၊ ဒစ်ဂျစ်တယ်နည်းပညာအသုံးချမှု၊ ဒစ်ဂျစ်တယ်အချက်ပြမောင်းနှင်မှုနှင့် ဒစ်ဂျစ်တယ်စွမ်းဆောင်ရည်မြှင့်တင်မှု စသည့် ပရောဂျက်နယ်ပယ်တို့၌ ပါဝင်ယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။

ပြိုင်ပွဲအတွက် မှတ်ပုံတင်ခြင်း (Registration )၊ အရည်အချင်းစစ်ဆေးခြင်း(Eligibility check)၊ ကနဦးရွေးချယ်ခြင်း(Initial selection)နှင့် ဖိုင်နယ်(Final) စသည့် အဆင့်လေးဆင့်ဖြင့် ကျင်းပသွားမည်ဖြစ်ပြီး ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်မှ ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်အတွင်း မှတ်ပုံတင်သွင်းနိုင်ကာ ဖေဖော်ဝါရီ ၁၆ ရက်မှ ၂၉ ရက်အထိ အရည်အချင်းစစ်ဆေးမှုကို ဆောင်ရွက်သွားမည်ဖြစ်သည်။ ပြိုင်ပွဲတွင် Awards for Team Groups၊ Awards for Enterprise Groups၊ Creativity Stars ဆုနှင့် Cooperation Stars ဆုများကို ချီးမြှင့်သွားမည်ဖြစ်ပြီး လုပ်ငန်းအဖွဲ့(Enterprise Groups)များနှင့် အသင်းအဖွဲ့(Team Groups)များအနေဖြင့် E-mail : caiec2022@vip.163.com တွင် ပါဝင်ယှဉ်ပြိုင်လျှောက်ထားနိုင်ကြောင်း သိရသည်။

**ညီမ်းသူ(သတင်းစဉ်)**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁၀ - ၁ -၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၆၀၀ | ၈,၇၀၀ | ၁၄၀ | ၁,၂၀၆,၀၀၀ |
| MTSH | ၂,၈၀၀ | ၂,၈၅၀ | ၄၁၇ | ၁,၁၇၂,၉၅၀ |
| MCB | ၇,၉၀၀ | ၇,၉၀၀ | ၀ | ၀ |
| FPB | ၁,၅၀၀ | ၁,၅၅၀ | ၄,၂၁၈ | ၆,၃၂၈,၁၀၀ |
| TMH | ၂,၅၀၀ | ၂,၅၀၀ | ၁၇၀ | ၄၂၅,၀၀၀ |
| EFR | ၁,၉၅၀ | ၁,၉၅၀ | ၀ | ၀ |
| AMATA | ၄,၇၀၀ | ၄,၇၀၀ | ၀ | ၀ |
| MAEX | ၁,၇၅၀ | ၁,၇၀၀ | ၁၂၀ | ၂၀၄,၁၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယည်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်မြသီတာနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

**❖ နိုင်ငံတော်စီမံမှု**

ထိုသို့တွေ့ဆုံရာတွင် လာအိုနိုင်ငံနှင့် မြန်မာနိုင်ငံအကြားချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ကောင်းမွန်လျက်ရှိသည့် အခြေအနေများ၊ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုဖြစ်ပွားခဲ့ခြင်းကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်တာဝန်များကို ထမ်းဆောင်ခဲ့ရမှု၊ နိုင်ငံရေးသဘောထားကွဲလွဲမှုကို နိုင်ငံရေးအရဖြေရှင်းမှုမပြုဘဲ လက်နက်ကိုင် အကြမ်းဖက်မှုများ လုပ်ဆောင်လာမှု၊ နိုင်ငံတည်ငြိမ် အေးချမ်းရေးနှင့် အမျိုးသား ရင်ကြားစေ့ရေးအတွက် နိုင်ငံတော်အစိုးရအနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိမှု၊ ပြည်သူများလိုလားသည့် ပါတီစုံဒီမိုကရေစီ လမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာရှိစေရေး တပ်မတော်အနေဖြင့် အခိုင်အမာရပ်တည်ဆောင်ရွက်လျက်ရှိမှု၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရအနေဖြင့် ရှေ့လုပ်ငန်းစဉ်(၅)ရပ် ချမှတ်၍ နိုင်ငံတည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဆောင်ရွက်လျက်ရှိမှု၊ နိုင်ငံရေးမျှော်မှန်းချက်နှင့် အမျိုးသားရေးမျှော်မှန်းချက်များ ချမှတ်ဆောင်ရွက်လျက်ရှိမှု၊ မြန်မာနိုင်ငံအနေဖြင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးကိစ္စရပ်များတွင် အပြည့်အဝ ပူးပေါင်းဆောင်ရွက်လျက်ရှိမှု၊ ၂၀၂၄ ခုနှစ် အာဆီယံအလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်သည့်အချိန်၌ ဦးစားပေးအကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းများကိစ္စ၊ မြန်မာနိုင်ငံအနေဖြင့် အာဆီယံဘုံသဘောတူညီချက်(၅)ရပ်အပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ချမှတ်ဆောင်ရွက်လျက်ရှိသည့် ရှေ့လုပ်ငန်းစဉ်များနှင့် ချိန်ညှိ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိမှု အခြေအနေများနှင့်ပတ်သက်၍ ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြသည်။

○ **မြန်မာနိုင်ငံအနေဖြင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးကိစ္စရပ်များတွင် အပြည့်အဝ ပူးပေါင်းဆောင်ရွက်လျက်ရှိမှု၊ ၂၀၂၄ ခုနှစ် အာဆီယံအလှည့်ကျ ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်သည့်အချိန်၌ ဦးစားပေးအကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းများကိစ္စ၊ မြန်မာနိုင်ငံအနေဖြင့် အာဆီယံဘုံသဘောတူညီချက်(၅)ရပ်အပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ချမှတ်ဆောင်ရွက်လျက်ရှိသည့် ရှေ့လုပ်ငန်းစဉ်များနှင့်ချိန်ညှိ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု အခြေအနေများနှင့်ပတ်သက်၍ ရင်းရင်းနှီးနှီးဆွေးနွေး**

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အာဆီယံဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်တို့သည် တက်ရောက် လာကြသူများနှင့် အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

**တက်ရောက်**

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အတူ ကောင်စီ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး အာဆီယံဥက္ကဋ္ဌ၏မြန်မာနိုင်ငံဆိုင်ရာအထူးကိုယ်စားလှယ်နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ လာအိုနိုင်ငံသံအမတ်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အာဆီယံဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာအထူးကိုယ်စားလှယ်ဖြစ်သူ H.E. Mr. Alounkeo Kittikhoun အားရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ အာဆီယံဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်ဖြစ်သူ H.E. Mr. Alounkeo Kittikhoun ဦးဆောင်သည့် အဖွဲ့နှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

## မြန်မာ့မတ်ပဲကို အိန္ဒိယမှတစ်ဆင့် ပါကစ္စတန်အထိပါ ဈေးကွက်ပေါက်နေ

**ရန်ကုန် ဇန်နဝါရီ ၁၀**

မြန်မာ့မတ်ပဲကို အိန္ဒိယနိုင်ငံမှတစ်ဆင့် ပါကစ္စတန် နိုင်ငံအထိပင် ဈေးကွက်ရှိနေပြီး အဝယ်လိုက်နေကြောင်း မတ်ပဲရောင်းဝယ်ရေးလုပ်ငန်းဆောင်ရွက်နေသည့် အသိုင်းအဝိုင်းမှ စုံစမ်းသိရသည်။

"အိန္ဒိယကတော့ အများဆုံးဝယ်တာဗျ။ တန်ချိန်သိန်းနဲ့ချီဝယ်တယ်။ ထိုင်းတို့၊ စင်ကာပူဘက်တို့ သွားတာတွေလည်းရှိတယ်။ ဒါပေမဲ့ ပဲပင်ပေါက်ဖောက်ဖို့အတွက်ပဲ သွားတာ။ ကျွန်တော်တို့ဆီ အများဆုံးယူတာက အိန္ဒိယဗျ။ အိန္ဒိယကနေ ပါကစ္စတန်အထိ သွားတယ်လို့ သိရတယ်။ ဒါပေမဲ့ ကျွန်တော်တို့ဆီ တိုက်ရိုက်ယူတာက အိန္ဒိယပါ" ဟု ပြည်တွင်း ပြည်ပသို့ မတ်ပဲရောင်းချနေသူ လုပ်ငန်းရှင်တစ်ဦးက ဆိုသည်။

လက်ရှိတွင် မတ်ပဲမှာ ပြည်ပဈေးကွက်တွင် ဈေးကျနေသော်လည်း ဝယ်လိုအားများနေကြောင်း သိရသည်။

"ပြည်ပဈေးကွက်အခြေအနေက အိန္ဒိယဘက်မှာ ဈေးကျစပြုတယ်ပေါ့။ မတ်ပဲဈေးက အများကြီးတက်နေတာတော့ မရှိဘူး။ ဒါပေမဲ့ ဈေးကတက်တော့တက်တယ်။ ကြည့်ရတာ ဝယ်လိုအားတော့ များနေတဲ့ပုံမှာရှိတယ်" ဟု ၎င်းက ဆိုသည်။

ပြည်တွင်းမှာမူ မတ်ပဲဈေးကွက်တွင် ဈေးတက်နေပြီး စံချိန်တင် မြင့်တက်နေကြောင်းလည်း သိရသည်။

"မတ်ပဲဈေးကွက်က အရင်နှစ်တွေနဲ့မတူတော့ဘူး။ ဒီချိန်ဆိုမတ်ပဲဈေးကျတဲ့အချိန်။ အကျဆုံးကတော့ ဧပြီလပေါ့။ ဒါပေမဲ့ ဒီဇင်ဘာလကတည်းက စကျစပြုနေပြီ။ အမြင့်ဆုံးလတွေကတော့ အောက်တိုဘာ၊ နိုဝင်ဘာပေါ့။ ဒီနှစ်ကတော့ ဈေးမကျဘူး ။ စံချိန်တင်ဈေးလို့ပြောလို့ရလောက်တဲ့အခြေအနေကိုရောက်နေတယ်" ဟု ၎င်းက ရှင်းပြသည်။

**သစ်တော်**

# တိုင်းရင်းသားအားလုံးတို့သည် မိမိတို့၏ကောင်းမြတ်သော အစဉ်အလာများကို အစဉ်အမြဲ ထိန်းသိမ်းစောင့်ရှောက်သွားမည်ဆိုပါက ပြည်ထောင်စုကြီး စည်းလုံးညီညွတ်စွာဖြင့် အရှည်တည်တံ့ခိုင်မြဲနေမည်

☆ ရှေ့ဖုံးမှ

ကမ္ဘာပေါ်ရှိ လူမျိုးအသီးသီးတို့သည် ရှေးပဝေသဏီကပင် မိမိတို့ဆိုင်ရာလူမျိုးအလိုက် စုပေါင်း၍ ရေကြည်ရာမြက်နုရာဒေသများသို့ အဆင့်ဆင့်ရွှေ့ပြောင်းနေထိုင် အခြေချခဲ့ကြသည်။ ကရင်လူမျိုးတို့သည် ဘီစီ ၇၃၉ ခုနှစ်၌ မြန်မာနိုင်ငံအတွင်းသို့ ရောက်ရှိအခြေချနေထိုင်လာခဲ့ခြင်းကြောင့် ကရင်အမျိုးသားများ စတင်ရောက်ရှိခဲ့သည့် ဘီစီ ၇၃၉ ခုနှစ်ကို အခြေခံပြီး တွက်ချက်လာခဲ့ကြရာ ယခုနှစ်သည် ကရင်သက္ကရာဇ် ၂၇၆၃ ခုနှစ် ဖြစ်ပါသည်။

ယခုနှစ်တွင် ကျရောက်သည့် ကရင်သက္ကရာဇ် ၂၇၆၃ ခုနှစ်၊ သလေး (စကောကရင်) (၁) ရက်နေ့နှင့် ထိုင်ခေါက်ဖို (ပိုးကရင်) (၁) ရက်နေ့သည် ကရင်တိုင်းရင်းသားတို့၏ ကရင်အမျိုးသားနှစ်သစ်ကူးနေ့ဖြစ်ပါသည်။ မြန်မာသက္ကရာဇ်အရဆိုပါက ၁၃၈၅ ခုနှစ် ပြာသိုလဆန်း (၁) ရက်နေ့ ဖြစ်ပါသည်။ ကရင်နှစ်သစ်ကူးနေ့ကို နိုင်ငံတော်အစိုးရက မြန်မာတစ်နိုင်ငံလုံး တရားဝင်ရုံးပိတ်ရက်အဖြစ် ဂုဏ်ပြုသတ်မှတ်ပေးထားပါသည်။

**ချစ်ခင်လေးစားအပ်ပါသော တိုင်းရင်းသား မိဘပြည်သူ ညီအစ်ကိုမောင်နှမများခင်ဗျာ−**

ကရင်အမျိုးသားဆိုသည်မှာ လူမျိုးတစ်ခုတည်း၏ အမျိုးဇာတိ၊ ဘာသာအယူဝါဒ၊ ယုံကြည်ကိုးကွယ်မှုတို့နှင့်မသက်ဆိုင်ဘဲ အားလုံးသော ကရင်မျိုးနွယ်များ၊ မျိုးနွယ်စုများ၊ မိသားစုဝင်အနွယ်တူ လူမျိုးများ အားလုံးကို စုပေါင်း၍ ခေါ်ဆိုခြင်းဖြစ်ပါသည်။ ကရင်မျိုးနွယ်စု ၁၁ မျိုးရှိပြီး ၎င်းတို့မှာ ကရင်လူမျိုး၊ ကရင်ဖြူလူမျိုး (ဂေဘားကရင်)၊ ပလေကီးလူမျိုး (ပလေချီး)၊ မွန်ကရင်လူမျိုး (စာဖြူ) (အရှေ့ပိုးကရင်)၊ စကောကရင်လူမျိုး၊ တလေ့ပွာလူမျိုး (တလေ့ပွား)၊ ပကူးလူမျိုး၊ ဘွဲလူမျိုး၊ မောနေပွားလူမျိုး၊ မိုးပွလူမျိုး (မိုးပွား)၊ ပိုးကရင်လူမျိုး(ရှို) (အနောက်ပိုး ကရင်) တို့ဖြစ်သည်ကို တွေ့ရှိရပါသည်။ ကရင်လူမျိုးများတွင် စကောကရင်နှင့် ပိုးကရင်ဟူ၍ အဓိကလူမျိုးစုကြီး နှစ်စုရှိပြီး ယဉ်ကျေးမှုဓလေ့စရိုက်နှင့် အသုံးပြုသော ဘာသာစကားတွင် ကွဲပြားခြားနားမှုရှိသည်ကို တွေ့ရှိရပါသည်။

ကရင်တိုင်းရင်းသားများသည် မြန်မာတိုင်းရင်းသားများဖြစ်သည်နှင့်အညီ ကရင်ပြည်နယ်နှင့် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် နေထိုင်ခဲ့ကြပါသည်။ အထူးသဖြင့် မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးတို့တွင် ပျံ့နှံ့နေထိုင်လျက် ရှိကြပါသည်။ သမိုင်းတစ်လျှောက် မြန်မာနိုင်ငံအနှံ့ တိုင်းရင်းသားအားလုံးနှင့် အေးအတူပူအမျှ စည်းလုံးညီညွတ်စွာ အတူယှဉ်တွဲနေထိုင်ခဲ့ကြပါသည်။ ထို့မျှသာမက မိမိတို့နိုင်ငံသူ့ကျွန်လက်အောက် ကျရောက်ခဲ့စဉ်ကလည်း နိုင်ငံလွတ်လပ်ရေးအတွက် မျိုးချစ်စိတ်၊ တိုင်းချစ်ပြည်ချစ်စိတ်၊ နိုင်ငံချစ်စိတ်အပြည့်ဖြင့် တိုင်းရင်းသားအားလုံးနှင့်အတူ အသက်၊ သွေး၊ ချွေးစတေး၍ တိုက်ပွဲဝင်ခဲ့ကြသည်မှာ လေးစားဂုဏ်ယူဖွယ်ရာ ဖြစ်ပါသည်။

ကရင်ပြည်နယ်၏ အထင်ကရနေရာ အမှတ်အသားသည် ဇွဲကပင်တောင်ဖြစ်သကဲ့သို့ ကရင်တိုင်းရင်းသားတို့၏ ကိုယ်စားပြုယဉ်ကျေးမှုသင်္ကေတမှာ ဖားစည်နှင့် ကြွေချိုဖြစ်ပါသည်။ ကရင်မျိုးနွယ်စုအားလုံးတို့သည် နှစ်သစ်ကူးပွဲ၊ အိမ်သစ်တက်ပွဲ၊ ကောက်သစ်စားပွဲ၊ လိပ်ပြာခေါ်ပွဲ၊ ဝါခေါင်လချည်ဖြူဖွဲ့ မင်္ဂလာပွဲတော်စသည့် ဘာသာရေးဆိုင်ရာနှင့် ရိုးရာပွဲတော်များကို သတ်မှတ်ကာလအလိုက် ပြုလုပ်ကျင်းပကြပါသည်။ ထို့ပြင် ကရင်လူမျိုးတို့၏ ကရင်ဒုံးအကသည် မြူးကြွသွက်လက်၍ လူကြိုက်များသောအကဖြစ်ပြီး ပြည်တွင်း၌သာမက ကမ္ဘာအနှံ့အထိ ပျံ့နှံ့ကာ နိုင်ငံတကာက စိတ်ဝင်စားနှစ်ခြိုက် မြတ်နိုးကြသည့် မိမိတို့တိုင်းရင်းသားကိုယ်ပိုင်ယဉ်ကျေးမှုအကတစ်ခု ဖြစ်ပါသည်။

မြန်မာနိုင်ငံအတွင်း နေထိုင်ကြသည့် ကရင်တိုင်းရင်းသားများနှင့် အနယ်နယ်အရပ်ရပ်ရှိ ကရင်တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအားလုံးအနေဖြင့် စည်းလုံးညီညွတ်ခြင်းများနှင့်အတူ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းများကို သားစဉ်မြေးဆက် လက်ဆင့်ကမ်း ထိန်းသိမ်းစောင့်ရှောက်သွားကြရမည်ဖြစ်ပါသည်။ တိုင်းရင်းသားအားလုံးတို့သည် မိမိတို့၏ကောင်းမြတ်သော အစဉ်အလာများကို အစဉ်အမြဲ ထိန်းသိမ်းစောင့်ရှောက်သွားမည်ဆိုပါက ပြည်ထောင်စုကြီး စည်းလုံးညီညွတ်စွာဖြင့် အရှည်တည်တံ့ခိုင်မြဲနေမည်ဖြစ်ပါသည်။

ထို့ကြောင့် ကရင်တိုင်းရင်းသားများအနေဖြင့် မိမိတို့၏တိုင်းရင်းသားစာပေ၊ ဘာသာစကား၊ ယဉ်ကျေးမှု၊ အနုပညာ၊ ရိုးရာဓလေ့ထုံးတမ်း၊ သမိုင်းအမွေအနှစ်များ ဘိုးဘွားဘီဘင် အစဉ်အဆက် လက်ဆင့်ကမ်း ထိန်းသိမ်းလာခဲ့ကြသကဲ့သို့ ရိုးသားမှု၊ ကြိုးစားမှု၊ သစ္စာရှိမှု၊ တိကျပြတ်သားစွာ ဆောင်ရွက်တတ်မှု စသည့် အစဉ်အလာကောင်းများကို နောင်အနာဂတ် တိုင်းရင်းသားလူငယ်မျိုးဆက်သစ်များက ဆက်လက် ထိန်းသိမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါသည်။

**ချစ်ခင်လေးစားအပ်ပါသော တိုင်းရင်းသား မိဘပြည်သူညီအစ်ကို မောင်နှမများ ခင်ဗျာ−**

မိမိတို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် တိုင်းရင်းသားပြည်သူများ၏ ဆန္ဒနှင့်အညီ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီး တည်ဆောက်ရေးအတွက် ရည်မှန်းချက်များနှင့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက် ( ၉ ) ရပ်တို့ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများနှင့် ဝန်ကြီးဌာနများနှင့်အတူ ဒေသအလိုက် အကောင်အထည်ဖော်ဆောင်ရွက်ရသော တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အစိုးရအဖွဲ့များက ရည်မှန်းချက်များ အောင်မြင်ရေး အလေးထားအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

မိမိတို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များနှင့် ဒေသခံ တိုင်းရင်းသား ပြည်သူများအားလုံး ပူးပေါင်း၍ ညီညီညွတ်ညွတ် ဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။ နိုင်ငံတော်အနေဖြင့် ပြည်သူများအတွက် တည်ငြိမ်အေးချမ်းရေးနှင့် အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုး၊ မွေးမြူရေးကို ဦးစားပေးဆောင်ရွက်ပေးလျက်ရှိပါသည်။ ၎င်းမှတစ်ဆင့် ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်လာစေရန် ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိပါသည်။

၎င်းအပြင် နိုင်ငံနှင့် ပြည်သူလူထုအတွက်အကျိုးရှိပြီး ရေရှည်အာမခံချက်ရှိသော စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံနိုင်ပါက လုပ်ငန်းရှင်၊ အလုပ်သမား၊ နိုင်ငံတော်နှင့် ပြည်သူ အကျိုးများစွာ ရရှိနိုင်သည့်အတွက် ရင်းနှီးမြှုပ်နှံမှုများကို အားပေးဆောင်ရွက်လျက်ရှိပါသည်။ မိမိတို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံ့စီးပွားရေး အင်အားတောင့်တင်းခိုင်မာရန်မှာလည်း အဓိကလိုအပ်ချက်တစ်ရပ်ဖြစ်ပါသည်။ ဒေသအလိုက် စိုက်ပျိုးရေးနှင့် မွေးမြူရေး သဘာဝထွက်ကုန်များကို အခြေခံသော MSME လုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရေးအတွက် အခြေခံသွင်းအားစုများ တိုက်ရိုက်တင်သွင်းနိုင်ရေး ဆောင်ရွက်၍ စီးပွားရေးကို မြှင့်တင်ကြရမည်ဖြစ်ပါသည်။

ပြည်နယ်အတွင်း ထွက်ရှိသည့် ကုန်ကြမ်းများကို အခြေပြုပြီး **“ဒေသတစ်ခု ထုတ်ကုန်တစ်ခု”** ဖြစ်အောင် ကြိုးစားလုပ်ဆောင်သွားနိုင်ပါက တိုင်းရင်းသားတို့၏ လူမှုစီးပွားဘဝကို မြှင့်တင်ပေးနိုင်မည်ဖြစ်ပြီး တစ်ဖက်တစ်လမ်းကလည်း နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုမည်ဖြစ်ကြောင်း တိုက်တွန်းမှာကြားလိုပါသည်။

**ချစ်ခင်လေးစားအပ်ပါသော တိုင်းရင်းသား မိဘပြည်သူညီအစ်ကို မောင်နှမများ ခင်ဗျာ−**

ယခုအချိန်တွင် ကရင်ပြည်နယ် ဒေသအချို့ အပါအဝင် နိုင်ငံတော်အတွင်း ဖြစ်ပေါ်နေသည့် ပဋိပက္ခများကြောင့် နိုင်ငံတော်နှင့် ပြည်သူအားလုံး ဘက်ပေါင်းစုံမှ များစွာထိခိုက်နစ်နာမှုများ ဖြစ်ပေါ်လျက်ရှိပါသည်။ အမှန်တရားအပေါ်အခြေမပြုဘဲ ပြည်တွင်းပြည်ပ သွေးထိုးမြှောက်ပင့်မှုများနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့၏ အားပေးကူညီမှုများကြောင့် ဖြစ်ပေါ်နေသည့် ဆူပူအကြမ်းဖက်မှုများနှင့် တိုက်ပွဲများ၏ ဆိုးကျိုးနှင့် ဆင်းရဲဒုက္ခကို လက်တွေ့ခံစားနေကြရသူများမှာ တိုင်းရင်းသားပြည်သူများသာ ဖြစ်ပါသည်။ အသက်ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်ကြရပြီး စားဝတ်နေရေး၊ ကျန်းမာရေး၊ ပညာရေးစသည့် ဘက်ပေါင်းစုံတွင် အခက်အခဲများစွာကို ရင်ဆိုင်နေကြရပါသည်။ အချိန်ကာလကြာမြင့်စွာ အချိန်ယူတည်ဆောက်ခဲ့ရသည့် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုများမှာ ပျက်စီးဆုံးရှုံးပြီး မူလအခြေအနေ ပြန်လည်ရရှိရန် အချိန်ကာလ၊ လူအင်အား၊ ငွေအင်အား ဘက်ပေါင်းစုံမှ ကြိုးစားတည်ဆောက်ကြရမည်ဖြစ်ပါသည်။

နိုင်ငံအတွင်း ဖြစ်ပွားနေသည့် ဆူပူအကြမ်းဖက်မှုများနှင့် လက်နက်ကိုင်ပဋိပက္ခများကြောင့် ပျက်စီးဆုံးရှုံးသွားသမျှသော အသက်ခန္ဓာများနှင့် အရာဝတ္ထုအားလုံးမှာ မိမိတို့နိုင်ငံ၏ အဖိုးတန်အရင်းအမြစ်များပင် ဖြစ်ပါသည်။ တည်ငြိမ်အေးချမ်းမှုမရှိသောနေရာဒေသသည် ဖွံ့ဖြိုးတိုးတက်မှုနှင့် သာယာဝပြောမှု ကင်းဝေးလျက် ဒေသခံတိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝမှာလည်း နိမ့်ကျလျက်ရှိနေမည်ဆိုသည့်အချက်ကို အားလုံးက သတိပြု အလေးအနက်ထားကြစေလိုပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ဒို့တာဝန်အရေး သုံးပါးဖြစ်သည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကို အမျိုးသားရေးခံယူချက်ဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါ အမျိုးသားရေးလုပ်ငန်းသုံးရပ်ကို အခြေခံသော ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် နိုင်ငံတော်ကို တည်ဆောက်ပေးထားခြင်းဖြစ်ပြီး ခိုင်ခိုင်မာမာ ဆောင်ရွက်ထားခြင်းဖြစ်သဖြင့် လုံးဝအထိခိုက်ခံမည်မဟုတ်ပါကြောင်း အလေးအနက်ပြောကြားလိုပါသည်။

ထို့ပြင် နိုင်ငံတော်ငြိမ်းချမ်းရေးအတွက် အစဉ်ထာဝရ တံခါးဖွင့်ကြိုဆိုလျက်ရှိပြီး အခက်အခဲမှန်သမျှကို လက်နက်ကိုင်လမ်းစဉ်ဖြင့် မဖြေရှင်းဘဲ ဆွေးနွေးညှိနှိုင်းခြင်းဖြင့် NCA ပါ သဘောတူညီချက်များနှင့်အညီ လက်တွဲဖြေရှင်း ဆောင်ရွက်နိုင်ကြပါရန် တိုင်းရင်းသားအဖွဲ့အစည်းများအားလုံးကို အမြဲလက်ကမ်းဖိတ်ခေါ် ကြိုဆိုလျက်ရှိပါကြောင်း ထပ်လောင်းပြောကြားလိုပါသည်။

ယနေ့ မိမိတို့နိုင်ငံအတွက် လိုအပ်လျက်ရှိသော တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ကရင်ပြည်နယ်အပါအဝင် တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်းအကောင်အထည်ဖော် ဆောင်ရွက်နိုင်မှသာလျှင် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံအဖြစ် ကမ္ဘာ့အလယ်တွင် ရပ်တည်နိုင်မည်ဖြစ်ပါသည်။ မိမိတို့နေထိုင်ရာဒေသများတွင် တိုက်ပွဲများနှင့် ဆူပူအကြမ်းဖက်မှုများ လျော့နည်းပပျောက်လာအောင် အချင်းချင်း ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ပြီး တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်စွာဖြင့် ပြည်ထောင်စုကြီး အေးချမ်းသာယာဝပြောရေး ဆောင်ရွက်ကြကာ နိုင်ငံနှင့် ပြည်သူအကျိုးကို အကောင်အထည်ဖော် ဆောင်ရွက်ပေးကြပါရန် တိုက်တွန်းနှိုးဆော်လျက် ကရင်အမျိုးသားနှစ်သစ်ကူးနေ့သဝဏ်လွှာ ပေးပို့အပ်ပါသည်။

ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ
သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်
နိုင်ငံတော်ဝန်ကြီးချုပ်
ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

❍ မိမိတို့နိုင်ငံအတွက် လိုအပ်လျက်ရှိသော တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ကရင်ပြည်နယ်အပါအဝင် တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်းအကောင်အထည်ဖော် ဆောင်ရွက်နိုင်မှသာလျှင် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံအဖြစ် ကမ္ဘာ့အလယ်တွင်ရပ်တည်နိုင်မည်

❍ မိမိတို့နေထိုင်ရာဒေသများတွင် တိုက်ပွဲများနှင့် ဆူပူအကြမ်းဖက်မှုများ လျော့နည်းပပျောက်လာအောင် အချင်းချင်း ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ပြီး တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်စွာဖြင့် ပြည်ထောင်စုကြီး အေးချမ်းသာယာဝပြောရေး ဆောင်ရွက်ကြကာ နိုင်ငံနှင့်ပြည်သူအကျိုးကို အကောင်အထည်ဖော် ဆောင်ရွက်ပေး

❍ ကရင်တိုင်းရင်းသားများအနေဖြင့် မိမိတို့၏တိုင်းရင်းသားစာပေ၊ ဘာသာစကား၊ ယဉ်ကျေးမှု၊ အနုပညာ၊ ရိုးရာဓလေ့ထုံးတမ်း၊ သမိုင်းအမွေအနှစ်များ ဘိုးဘွားဘီဘင် အစဉ်အဆက် လက်ဆင့်ကမ်းထိန်းသိမ်းလာခဲ့ကြသကဲ့သို့ ရိုးသားမှု၊ ကြိုးစားမှု၊ သစ္စာရှိမှု၊ တိကျပြတ်သားစွာ ဆောင်ရွက်တတ်မှု စသည့်အစဉ်အလာကောင်းများကို နောင်အနာဂတ် တိုင်းရင်းသားလူငယ်မျိုးဆက်သစ်များက ဆက်လက်ထိန်းသိမ်း

☆ ကျောဖုံးမှ

တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ရခိုင်ပြည်နယ်ဝန်ကြီးချုပ်တို့က ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

**ဦးတည်ချက်ချမှတ်ထား**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ စီးပွားရေးဦးတည်ချက်(၃)ရပ်အနက် ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရန် ဦးတည်ချက်ချမှတ်ထားပါကြောင်း၊ အဆိုပါဦးတည်ချက်ကိုအောင်မြင်အောင်အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် အထူးစီးပွားရေးဇုန်အလိုက် SOP များကို စနစ်တကျရေးဆွဲပြီး လက်တွေ့ကျကျလုပ်ကိုင်နိုင်ရန် နိုင်ငံတကာ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြန်မာအထူးစီးပွားရေးဇုန်ဥပဒေ ၂၀၁၄ ကို ထုတ်ပြန်ပြီး One Stop Service များနှင့် စီမံဆောင်ရွက်ရန်ရှိပါကြောင်း။

ထိုသို့ ဆောင်ရွက်ရာတွင် ဇုန်များ၌ရှိပြီးသားဖြစ်သည့် ရင်းနှီးမြှုပ်နှံမှုများကို လျော့ကျမသွားအောင် ဆက်လက်ထိန်းသိမ်း ဆောင်ရွက်သွားကြရန်လိုပါကြောင်း၊ အလားတူ တစ်ဖက်ကလည်း ရင်းနှီးမြှုပ်နှံမှုအသစ်များ ထပ်မံဝင်ရောက်လာနိုင်ရန်အတွက် နည်းလမ်းမျိုးစုံဖြင့် ဖိတ်ခေါ်ရမည်ဖြစ်ပါကြောင်း၊ သို့မှသာ နိုင်ငံတော်စီးပွားရေးကို တစ်ဖက်တစ်လမ်းမှ များစွာ အထောက်အကူပြုနိုင်မည်ဖြစ်ပါကြောင်း၊ MSME လုပ်ငန်းများကလည်း ယင်းနှင့်ဆက်နွှယ်ပြီး လုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း၊ အထူးစီးပွားရေးဇုန်များကို ယခုထက် ပိုမိုကောင်းမွန်အောင် ဦးဆောင်နိုင်ရန်အတွက် သက်ဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီများအလိုက် ဖွဲ့စည်းပေးထားသည်များရှိပါကြောင်း၊ ယင်းအပေါ်တွင်လည်း စီမံခန့်ခွဲရေးကော်မတီများက မိမိတို့ဇုန်အလိုက် အထူးစီးပွားရေးဇုန်များ အောင်မြင်အောင် ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

သီလဝါအထူးစီးပွားရေးဇုန်အနေဖြင့် ယခုထက်ပို၍ ထိထိရောက်ရောက်ရှိပြီးသား ရင်းနှီးမြှုပ်နှံမှုများနှင့် အသစ်ရင်းနှီးမြှုပ်နှံမှုများ လျော့ကျမသွားအောင် နည်းမျိုးစုံဖြင့် ထိန်းသိမ်းပြီး တိကျသေချာစနစ်ကျသည့်လုပ်ငန်းအဖြစ် ယင်းတွင်ရှိသည့်လုပ်ငန်းများကို One Stop Service ဆောင်ရွက်ပေးမှုအပေါ် မူတည်၍ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ လက်ရှိမြန်မာနိုင်ငံတွင် စီးပွားရေးဇုန်သုံးခု အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ လက်ရှိအနေဖြင့် အထူးစီးပွားရေးဇုန် သုံးခုအနက် သီလဝါအထူးစီးပွားရေးဇုန်သည် အောင်မြင်စွာဖြင့် ချီတက်နေပါကြောင်း၊ အောင်မြင်စွာ ချီတက်နေသည့်နေရာတွင်လည်း မိမိနိုင်ငံအတွင်းတွင်ရှိသည့် အနေအထားကို ပြောရခြင်းဖြစ်ပါကြောင်း၊ နိုင်ငံတကာနှင့်ယှဉ်ပါက မိမိတို့အထူးစီးပွားရေးဇုန်များ၏ အရေအတွက်မှာ အင်မတန်နည်းနေပါကြောင်း၊ ယင်းကိစ္စကိုလည်း ကော်မတီအဖွဲ့ဝင်များအားလုံးက မှတ်သားထားပြီးယခုထက်အထူးစီးပွားရေးဇုန်များပေါ်ထွက်လာအောင် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

ကျောက်ဖြူအထူးစီးပွားရေးဇုန်နှင့် ထားဝယ်အထူးစီးပွားရေးဇုန် နှစ်ခုကို အမြန်ဆုံး အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် အားလုံးဝိုင်းဝန်းပြီး ကြိုးပမ်းဆောင်ရွက် သွားကြရမည်ဖြစ်ပါကြောင်း၊ သီလဝါအထူးစီးပွားရေးဇုန်အနေဖြင့် လုပ်ငန်းများကို မြန်မာနိုင်ငံ၏ အတိုင်းအတာအရ ဆောင်ရွက်နိုင်သည့်အတွက် အောင်မြင်သင့်သမျှ အောင်မြင်ပါကြောင်း၊ အထူးစီးပွားရေးဇုန်အတွင်း လုပ်ငန်းများဆောင်ရွက်မှုအစီအစဉ် စနစ်ကျနမှု၊ ဝန်ထမ်းများ၏ One Stop Service အရည်အသွေးကောင်းမွန်မှုနှင့် တာဝန်ကျေပွန်စွာ ထမ်းဆောင်မှုတို့ကြောင့် အရှေ့တောင်အာရှအတွင်း နာမည်ရသည့် အထူးစီးပွားရေးဇုန်တစ်ခုဖြစ်ပါကြောင်း။

ယင်းစီးပွားရေးဇုန်ကိုလည်း လက်ရှိရင်းနှီးမြှုပ်နှံမှု ရှိပြီးသားထဲမှ လျော့ကျမသွားအောင် ထိန်းသိမ်းကြရမည်ဖြစ်ပါကြောင်း၊ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးတက်အောင် ဖိတ်ခေါ်ရမည်ဖြစ်ပါကြောင်း၊ ဖိတ်ခေါ်ရာတွင်လည်း တစ်ဖက်မှာရှိသည့် အောင်မြင်မှုအတိုင်းအတာအပေါ် မူတည်၍ အောင်မြင်မှုရှိပြီး လုပ်သာကိုင်သာရှိမှသာ လာရောက်ရင်းနှီးမြှုပ်နှံမှုများ ရှိမည်ဖြစ်ပါကြောင်း။

သီလဝါ အထူးစီးပွားရေးဇုန်တွင် ၂၀၁၃ ခုနှစ် နိုဝင်ဘာလအထိ ရင်းနှီးမြှုပ်နှံမှု နိုင်ငံပေါင်း ၂၁ နိုင်ငံ၊ ကုမ္ပဏီပေါင်း ၁၁၄ ခု၊ ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၂ ဒသမ ၁ ဘီလီယံ ရှိပါကြောင်း၊ ယင်းကုမ္ပဏီများ၏ ပထမတစ်နှစ်တာ အလုပ်အကိုင်ဖန်တီးနိုင်မှု ခန့်မှန်းခြေ အလုပ်သမားဦးရေ ၃၇၀၀၀ ကျော်နှင့် ပြည်ပပညာရှင်၊ ပြည်ပအလုပ်သမား ၈၈၇ ဦး ဖြစ်ပါကြောင်း၊ သို့သော်လည်း အလုပ်အကိုင်ဖန်တီးနိုင်မှုအရေအတွက် နည်းနေပါကြောင်း၊ တစ်ဖက်ကလည်း ရင်းနှီးမြှုပ်နှံမှုများ အသစ်ထပ်မံတိုးပွားလာမှုအပေါ်မူတည်ပြီး ပညာရှင်များနှင့် အလုပ်သမားများ အလုပ်အကိုင်ရရှိရေး ပိုမိုရရှိလာမည်ဖြစ်ပါကြောင်း။

သီလဝါအထူးစီးပွားရေးဇုန်၏ ပို့ကုန်၊ သွင်းကုန်ကို ကြည့်ပါက နိုဝင်ဘာလအတွင်း ပြည်ပသို့တင်ပို့သည့် ကုန်စည်အမျိုးအစားများသည် အဝတ်အထည်၊ ဆော်လမွန်ငါး၊ သန့်စင်ပြီးသတ္တုပစ္စည်းများ၊ ပလတ်စတစ်ကုန်ချောစစ်ပစ္စည်းနှင့် မော်တော်ယာဉ်အပိုပစ္စည်း ငါးမျိုးတို့ဖြစ်ပါကြောင်း၊ သွင်းသည့် ကုန်စည်များသည် ပြည်တွင်းတွင်သုံးသည့် လယ်ထွန်စက်အပို ကုန်ပစ္စည်းများ၊ အခြားကုန်ကြမ်းပစ္စည်းများ၊ အဝတ်အထည်ချုပ်ကုန်ပစ္စည်းများ၊ အလူမီနီယံကုန်ကြမ်းပစ္စည်းများနှင့် မော်တော်ယာဉ်ပစ္စည်းဖြစ်သည်ကို တွေ့ရပါကြောင်း၊ ယင်းထဲတွင် ဗဟိုကော်မတီမှလမ်းညွှန်ခဲ့သည့် သီလဝါအထူးစီးပွားရေးဇုန်ကိုလည်း ပြည်တွင်းမှာရှိသည့် MSME လုပ်ငန်းများက ပေါင်းစပ်ပြီး ထုတ်ကုန်များကို ပြည်ပသို့တင်သွင်းရာတွင် နိုဝင်ဘာလအတွင်း၌ MSME လုပ်ငန်းများ၏ ကုန်ကြမ်းပစ္စည်းနှင့် ပြည်တွင်းထုတ်ကုန်များ၏ အခြားသောပစ္စည်းများ တင်သွင်းမှုသည် မြန်မာငွေကျပ် ၁ ဒသမ ၃ ဘီလီယံကျော် တင်ပို့နိုင်ခဲ့ပါကြောင်း၊ ယင်းသည် ခြေလှမ်းအစဖြစ်ပြီး ယခုထက်ပို၍ MSME လုပ်ငန်းမှထွက်ရှိသည့် ပြည်တွင်းထုတ်ကုန်ကုန်ကြမ်းများနှင့် အခြားသောပစ္စည်းများကို ယခုထက် တင်ပို့နိုင်ရန်နှင့် မြန်မာကျပ်ငွေအစား နိုင်ငံခြားငွေရရှိရန် မိမိတို့၏ထုတ်ကုန်အရည်အသွေး ပိုမိုပြီးကောင်းအောင် ဆက်လက်လုပ်ဆောင်သွားကြရမည်ဖြစ်ပါကြောင်း။

**ပို့ကုန်တန်ဖိုးနှင့် သွင်းကုန်တန်ဖိုး ကွာဟချက်များနေသည်ကိုတွေ့ရ**

ဇုန်အလိုက် ကြည့်မည်ဆိုပါက Free Zone တွင် နိုဝင်ဘာလအထိ ကုမ္ပဏီ ၂၅ ခုရှိပြီး Promotion Zone တွင် ကုမ္ပဏီ ၃၈ ခု ရှိပါကြောင်း၊ ယင်းတို့မှ တင်သွင်းသည့် တန်ဖိုးပမာဏမှာ ကျပ်သန်းပေါင်း ၈၉ ဘီလီယံကျော်ရှိပြီး အကောက်အခွန်ရရှိသည့်ငွေမှာလည်း ၆၀၆ သန်းကျော်၊ ကုန်သွယ်လုပ်ငန်းအခွန်ဝင်ငွေမှာ ၁ ဒသမ ၈ ဘီလီယံ၊ ကြိုတင်ဝင်ငွေခွန် ကျပ်သန်းပေါင်း ၇၅၇ သန်းရှိပါကြောင်း၊ အားလုံးကို ခြုံကြည့်ပါက နိုဝင်ဘာလအတွင်း ပို့ကုန်ပမာဏမှာ အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၉၅ သန်းဖြစ်ပြီး သွင်းကုန်ပမာဏမှာ အမေရိကန်ဒေါ်လာ ၄၂ ဒသမ ၅၆၇ သန်းဖြစ်သည့်အတွက် ကုန်သွယ်မှုပမာဏ နှစ်ခုပေါင်း အမေရိကန်ဒေါ်လာ ၅၅ ဒသမ ၅၁၇ သန်းဖြစ်ပါကြောင်း၊ ယင်းကို ကြည့်ပါက ပို့ကုန်တန်ဖိုးနှင့် သွင်းကုန်တန်ဖိုး ကွာဟချက်များနေသည်ကိုတွေ့ရကြောင်း၊ အထူးသဖြင့် Promotion Zone တွင် ရှိနေသည့် ကုမ္ပဏီများသည် ၂၀၁၄ ခုနှစ် မြန်မာအထူးစီးပွားရေးဇုန် ဥပဒေတွင် ပါဝင်သည်များနှင့် မလွတ်အောင် ဥပဒေဘောင်အတွင်းမှ ဆောင်ရွက်ပါက အတတ်နိုင်ဆုံး ပြည်တွင်းတွင် နိုင်ငံခြားသုံးငွေကို လျော့နည်းသွားအောင် ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

လျှပ်စစ်ကိစ္စနှင့်ပတ်သက်၍ ဆိုလာစနစ်ဖြင့် အသုံးပြုရန် ကုမ္ပဏီသုံးခု ဆွေးနွေးခဲ့ပြီး လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသို့ ဆိုလာနှင့်ပတ်သက်၍ လာရောက်ဆွေးနွေးခဲ့သည်ကို သိရှိရပါကြောင်း၊ Solar Powerနှင့် Solar Plant တို့မှ လျှပ်စစ်ဓာတ်အားရရှိပါကလည်း ဇုန်အတွင်း မူလသုံးစွဲရမည့် လျှပ်စစ်ဓာတ်အားကို အခြားလိုအပ်သည့်နေရာတွင် သုံးစွဲနိုင်မည်ဖြစ်သည့်အတွက် သီလဝါအထူးစီးပွားရေးဇုန်အတွင်း ဆိုလာလျှပ်စစ်မီးရရှိရေးအတွက် ဝိုင်းဝန်းအားပေးဆောင်ရွက်ပေးကြရန် လိုပါကြောင်း။

ဆက်လက်၍ ကျောက်ဖြူအထူးစီးပွားရေးဇုန်ကို ၂၀၂၁ ခုနှစ် မိမိတို့အစိုးရတာဝန်ယူခဲ့သည့်အချိန်တွင် စီမံခန့်ခွဲမှုကော်မတီကို အသစ်ပြန်လည်ဖွဲ့စည်းခဲ့ပါကြောင်း၊ ဖွဲ့စည်းပြီးသည့်အခါတွင်လည်း ဖြစ်သင့် ဖြစ်ထိုက်သည်များ ဖြစ်အောင်၊ မဖြစ်သင့် မဖြစ်ထိုက်သည်များ မဖြစ်အောင်၊ နိုင်ငံအတွက် နစ်နာမှုမရှိအောင် ရည်ရွယ်ပြီး စိစစ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ သို့သော်လည်း နောက်ပိုင်းတွင် ညှိနှိုင်းမည့် စီမံခန့်ခွဲမှုကော်မတီက နိုင်ငံတော်အကျိုးစီးပွားကို အဓိကထားပြီး တင်းကျပ်စွာ ညှိနှိုင်းဆောင်ရွက်သည့်အတွက် မကြာသင့်သည့်အချိန်နှင့် အဆင်မပြေမှုများကြောင့် နှစ်နှစ်တာကာလအတွင်း အခက်အခဲများ တွေ့ကြုံခဲ့ရပါကြောင်း၊ ထို့ကြောင့် နောက်ပိုင်းတွင် ဗဟိုကော်မတီအဆင့်က ဝိုင်းဝန်းဆွေးနွေးပြီး နှစ်ဖက် Win-Win Solution ဖြစ်အောင် ညှိနှိုင်းဆောင်ရွက်ကာ နိုင်ငံတော်အကြီးအကဲကိုလည်း တင်ပြခဲ့ပြီးနောက် လုပ်ငန်းကော်မတီမှ ဦးဆောင်၍ နှစ်ဖက်ညှိနှိုင်းဆောင်ရွက်ခဲ့မှုကြောင့် ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၂၆ ရက်တွင် ကျောက်ဖြူအထူးစီးပွားရေးဇုန် ရေနက်စီမံကိန်း လုပ်ကိုင်ခွင့်သဘောတူစာချုပ်၏ နောက်ဆက်တွဲစာချုပ်ကို လက်မှတ်ရေးထိုးနိုင်ခဲ့ပါကြောင်း၊ လက်မှတ်ရေးထိုးပြီးသည့်နောက်ပိုင်းတွင်လည်း Long Stop Date ဒီဇင်ဘာ ၂၆ ရက်မှစ၍ ၁၈ လတာကာလထပ်မံသက်တမ်းတိုးခဲ့ရာ အဆိုပါကာလအတွင်း လုပ်ဆောင်ရမည့် Condition Precedent များကို တစ်ဆင့်ပြီးတစ်ဆင့် မြန်မြန်ဆန်ဆန်ဖြင့် ဆောင်ရွက်မည်ဆိုပါက အမြန်ဆုံး ကျောက်ဖြူစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း။

အဆိုပါ စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ပါက ဒေသခံများ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိပြီး ထိုမှတစ်ဆင့် ကျွမ်းကျင်လုပ်သားများ ပေါ်ထွက်လာကာ ကျန်စီးပွားရေးဇုန်များကို အထောက်အကူပြုနိုင်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် အထူးစီးပွားရေးဇုန်နှင့်ပတ်သက်၍ သတ်မှတ်ထားသည့် ကာလအလိုက် အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုပါကြောင်း၊ ညှိနှိုင်းမှုများကို နှီးဆော်တာဝန်ယူပေးသည့် ဗဟိုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌနှင့် ကြိုတင်ညှိနှိုင်းဆွေးနွေးခဲ့ကြသည့် ကျွမ်းကျင်ပညာရှင်များ၏ ကြိုးပမ်းဆောင်ရွက်မှုများကို အသိအမှတ်ပြုပါကြောင်း၊ ထိုသို့ အောင်မြင်အောင် ညှိနှိုင်းမှုများ ဆောင်ရွက်နိုင်ခဲ့ခြင်းသည် မိမိတို့ဗဟိုကော်မတီ၏ အောင်မြင်မှုတစ်ခုပင် ဖြစ်ပါကြောင်းနှင့် ကျောက်ဖြူအထူးစီးပွားရေးဇုန် အမြန်ဆုံးစတင်လုပ်ငန်းလည်ပတ်နိုင်ရေးအတွက် အားလုံး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းသည် နှစ်နိုင်ငံချစ်ကြည်ရေးကိုရှေးရှု၍ နှစ်နိုင်ငံစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာ အထောက်အကူပြုသည့် စီမံကိန်းတစ်ခုဖြစ်ပါကြောင်း။

တတိယစီမံကိန်းမှာ ထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်းဖြစ်ပြီး ၂၀၀၈ ခုနှစ်ကတည်းက အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် တာဝန်ပေးထားသည့် အီတာလျံ-ထိုင်းကုမ္ပဏီက ရှေ့ဆက်မတိုးနိုင်ဘဲ လုပ်ငန်းရပ်စဲထားခဲ့ပါကြောင်း၊ ဆက်လက်ပြီး ဖြေရှင်းဆောင်ရွက်ရမည့် အနေအထားများလည်း ရှိပါကြောင်း၊ သို့သော်လည်း ထိုင်းနိုင်ငံ၏ နိုင်ငံရေးအပြောင်းအလဲကြောင့် ထားဝယ်အထူးစီးပွားရေးဇုန်ကို ထိုင်းနိုင်ငံအစိုးရနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ရန် အစီအစဉ်ရှိနေသည်ကို သိရပါကြောင်း၊ လက်ရှိထိုင်းအစိုးရအနေဖြင့် ထားဝယ် အထူးစီးပွားရေးဇုန် ကိစ္စကို စိတ်ဝင်စားပြီး ပြန်လည်ဆက်သွယ်လာသည့် အနေအထားများရှိသည့်အတွက် ယင်းအပေါ်တွင် မိမိတို့အနေဖြင့် လိုအပ်သလို ပူးပေါင်းဆောင်ရွက်သွားရန် လိုပါကြောင်း။

ထိုင်းနိုင်ငံ၏ လက်ရှိအစိုးရမူဝါဒအနေဖြင့် ထိုင်းနိုင်ငံအရှေ့ပိုင်းပြည်နယ်တွင် အထူးစီးပွားရေးဇုန် တည်ထောင်ပြီး အရှေ့စီးပွားရေးစင်္ကြံ(Eastern Economic Corridor)ကို အကောင်အထည်ဖော်ဆောင်ရွက်နေပြီး ထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်းနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်မည်ဟု ယူဆပါကြောင်း၊ တစ်ဖက်တွင်လည်း ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီအနေဖြင့် ရင်းနှီးတည်ဆောက်သူအသစ် ရွေးချယ်၍ ကုန်ကျစရိတ်များသာရှိပြီး ဝင်ငွေမရှိသည့် Special Purpose Vehicle (SPV) ဖျက်သိမ်းရေးကိစ္စရပ်များကို အမြန်ဆုံးပြီးပြတ်အောင် ဆောင်ရွက်ရန်ဖြစ်ပါကြောင်း၊ ယနေ့ အစည်းအဝေးတွင် ခြောက်လတာကာလအတွင်း ရှေ့ဆက်ဆောင်ရွက်သွားမည့် ဇုန်အလိုက် လုပ်ငန်းစဉ်များကို သက်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီများက ပွင့်ပွင့်လင်းလင်းတင်ပြပြီး ဗဟိုကော်မတီဝင်များကလည်း ဝိုင်းဝန်းအကြံပြု ဆွေးနွေးကြရန် လိုပါကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်းက မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့(၁/၂၀၂၃)ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ထားမှုအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြန်မာနိုင်ငံအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုအဖွဲ့ အတွင်းရေးမှူး(၁) နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၌ ဥက္ကဋ္ဌရုံးဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးနှင့် အတွင်းရေးမှူး(၂) စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံတို့က မြန်မာအထူးစီးပွားရေးဇုန်များ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ အတွင်းရေးမှူးနှင့် သီလဝါအထူးစီးပွားရေးဇုန်၊ ကျောက်ဖြူ အထူးစီးပွားရေးဇုန်နှင့် ထားဝယ် အထူးစီးပွားရေးဇုန်များမှ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌများက မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့ အစည်းအဝေးသို့တင်ပြသည့် အမှာစာများကို ဖတ်ကြားတင်ပြကြပြီး အတည်ပြုချက် ရယူကြသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက အကြံပြုချက်များနှင့် အထူးစီးပွားရေးဇုန်များအလိုက် လုပ်ငန်းဆောင်ရွက်နေမှုဆိုင်ရာ ကိစ္စများနှင့်ပတ်သက်၍ သက်ဆိုင်ရာကဏ္ဍများအလိုက် ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုလုပ်ငန်းအဖွဲ့ အတွင်းရေးမှူးက မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့အစည်းအဝေး(၁/၂၀၂၄) အစည်းအဝေးဆုံးဖြတ်ချက်မူကြမ်းကို ဖတ်ကြားတင်ပြ အတည်ပြုချက်ရယူသည်။

ထို့နောက် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ရှင်းလင်းဆွေးနွေးတင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း (၇၆)နှစ်မြောက် ကချင်ပြည်နယ်နေ့ အထိမ်းအမှတ် သဝဏ်လွှာဖတ်ပွဲ၊ ဂုဏ်ထူးဆောင်လက်မှတ်၊ ဂုဏ်ထူးဆောင်ဆုနှင့် မှတ်တမ်းတင်ဂုဏ်ပြုလွှာရရှိသူများအား ဆုများအပ်နှင်းချီးမြှင့်ပွဲသို့ တက်ရောက်



(၇၆)နှစ်မြောက် ကချင်ပြည်နယ်နေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပစဉ်။

မြစ်ကြီးနား ဇန်နဝါရီ ၁၀

(၇၆)နှစ်မြောက် ကချင်ပြည်နယ်နေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် ကချင်ပြည်နယ်အစိုးရ အဖွဲ့ရုံးဝင်းရှေ့ မြက်ခင်းပြင်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပ ပြုလုပ်သည်။

ဖတ်ကြား

အခမ်းအနားတွင်ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ၂၀၂၄ ခုနှစ် (၇၆)နှစ်မြောက် ကချင်ပြည်နယ်နေ့ အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာအား နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းက ဖတ်ကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က နှစ်သစ်နှုတ်ခွန်းဆက် အမှာစကား ပြောကြားသည်။

ထို့နောက်နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က ကချင်ပြည်နယ် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သောနေရာများတွင် ထောက်ပံ့ပေးအပ်နိုင်ရန် နေရောင်ခြည်စွမ်းအင်သုံး အိမ်သုံးဆိုလာ (Panels 120W Solar Home System) အစုံ ၁၅၀ ကို ပြည်နယ် အစိုးရအဖွဲ့ထံ ပေးအပ်ရာ ပြည်နယ် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးက လက်ခံရယူသည်။

ဆက်လက်၍ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ကချင်ပြည်နယ် အစိုးရအဖွဲ့အတွက် MRTV DTD ငါးစုံနှင့် DVB T2 Set Top Box အလုံး ၅၀ ကို ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီးထံ လည်းကောင်း၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်အတွက် MRTV DTD ငါးစုံနှင့် DVB T2 Set Top Box အလုံး ၅၀ ကို မြစ်ကြီးနား တပ်နယ်မှူးထံ လည်းကောင်း ပေးအပ်သည်။

ယင်းနောက် ပြည်နယ်အစိုးရအဖွဲ့ရုံး မြက်ခင်းပြင်ရှေ့ မနောကွင်း၌ (၇၆)နှစ်မြောက် ကချင်ပြည်နယ်နေ့ အထိမ်းအမှတ် အပိတ်မနောအကကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ် အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့်တကွ ၎င်းတို့၏ဇနီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ ငြိမ်းချမ်းရေးအကျိုးဆောင်အဖွဲ့ဝင်များ၊ ဌာနေပြည်သူ့စစ်ခေါင်းဆောင်များ၊ ကချင်ပြည်နယ်အတွင်းရှိ ကချင်မျိုးနွယ်စု (၆)မျိုး၊ ရှမ်းမျိုးနွယ်စု (၅)မျိုးနှင့် ဗမာ တိုင်းရင်းသား ရိုးရာယဉ်ကျေးမှု အဖွဲ့များ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ဌာနဆိုင်ရာ အသီးသီးမှ ဝန်ထမ်းများ၊ ပညာရေးကောလိပ်၊ သူနာပြုသင်တန်းကျောင်းများမှ သင်တန်းသား သင်တန်းသူများ၊ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းများမှ ကျောင်းသား ကျောင်းသူများက မနောအက ဦးဆောင်သူ နောင်ရှောင်(Nau Shawng)များ၏ ဦးဆောင်မှုဖြင့် ရိုးရာအစဉ်အလာနှင့်အညီ မနောကွင်းအတွင်း တပျော်တပါး စုပေါင်းဆင်နွှဲခဲ့ကြပြီး မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ကချင်ပြည်နယ်နေ့သည် မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိခဲ့သည့် ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက်ပြီး နောက်ခြောက်ရက်အကြာ ဇန်နဝါရီ ၁၀ ရက်နေ့တွင် ကျင်းပခဲ့သည့် ကချင်ပြည်နယ်ကောင်စီ ညီလာခံကို မြစ်ကြီးနားမြို့ စီတာပူမနောကွင်း၌ ကျင်းပပြုလုပ်ခဲ့ရာ မြန်မာနိုင်ငံ၏ ပထမဆုံးသော သမ္မတ စပ်ရွှေသိုက်ကိုယ်တိုင် တက်ရောက်၍ ကချင်ပြည်နယ် အစိုးအရအဖွဲ့ကို ဖွဲ့စည်းပေးခဲ့ပြီး ၎င်း ဇန်နဝါရီ ၁၀ ရက်နေ့ကို ကချင်ပြည်နယ်နေ့ အဖြစ် သတ်မှတ်၍ နှစ်စဉ်ကျင်းပခဲ့ရာ ယခုနှစ်တွင် (၇၆)နှစ်မြောက်အထိ ရောက်ရှိခဲ့ပြီ ဖြစ်သည်။

တက်ရောက်

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ စာမျက်နှာ ၇ သို့ ❖



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ၂၀၂၄ ခုနှစ် (၇၆)နှစ်မြောက် ကချင်ပြည်နယ်နေ့ အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း ဖတ်ကြားစဉ်။



ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က ကချင်ပြည်နယ် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်စဉ်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ထောက်ပံ့ပစ္စည်းများကို ပေးအပ်စဉ်။



ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း စီမံခန့်ခွဲရေးဆိုင်ရာ ထူးချွန်ဆု (ပထမအဆင့်) ရရှိသူတစ်ဦးကို ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူ စီမံခန့်ခွဲရေးဆိုင်ရာထူးချွန်ဆု (ပထမအဆင့်) ရရှိသူတစ်ဦးကို ဆုပေးအပ်ချီးမြှင့်စဉ်။

❖ စာမျက်နှာ ၆ မှ

သည် မြစ်ကြီးနားမြို့ ပြည်နယ်ပြည်သူ့အားကစားကွင်းအတွင်းရှိ မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပပြုလုပ်သည့် (၇၆)နှစ်မြောက် ကချင်ပြည်နယ်နေ့ အထိမ်းအမှတ် ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် အေးချမ်းတည်ငြိမ်ရေးအတွက် ဘက်စုံ၊ ထောင့်စုံ၊ ကဏ္ဍစုံမှ စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ကြသည့် လူပုဂ္ဂိုလ်အဖွဲ့အစည်းများအား ဂုဏ်ထူးဆောင်လက်မှတ်၊ ဂုဏ်ထူးဆောင်ဆုနှင့် မှတ်တမ်းတင်ဂုဏ်ပြုလွှာရရှိသူများအား ဆုချီးမြှင့်ပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က ဂုဏ်ထူးဆောင်ဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ချီးမြှင့်အပ်နှင်းနိုင်ရေး ဆောင်ရွက်ခဲ့မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

### ရှင်းလင်းတင်ပြ

ယင်းနောက် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်သူရက ဂုဏ်ထူးဆောင်လက်မှတ်၊ ဂုဏ်ထူးဆောင်ဆုနှင့် မှတ်တမ်းတင် ဂုဏ်ပြုလွှာများ ချီးမြှင့်အပ်နှင်းနိုင်ရေး လုပ်ငန်းကော်မတီများ ဖွဲ့စည်းပြီး ဥပဒေနှင့်အညီ စိစစ်ရွေးချယ်ဆောင်ရွက်ခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူ၊ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဒေါက်တာသက်ခိုင်ဝင်း၊ ဒေါက်တာသက်သက်ခိုင်တို့က စီးပွားရေးဆိုင်ရာနှင့် လူမှုရေးဆိုင်ရာထူးချွန်ဆု (ပထမအဆင့်) ဆုရပုဂ္ဂိုလ်များကိုလည်းကောင်း၊ ပြည်နယ်ဝန်ကြီးချုပ်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးတို့က လူမှုရေးဆိုင်ရာထူးချွန်ဆု(ပထမအဆင့်)ဆုရ ပုဂ္ဂိုလ်များကို လည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြပြီး ဆုရရှိသူများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။



ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန် လူမှုရေးဆိုင်ရာထူးချွန်ဆု (ပထမအဆင့်) ရရှိသူတစ်ဦးကို ဆုပေးအပ်ချီးမြှင့်စဉ်။

ဆက်လက်၍ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး၊ အဖွဲ့ဝင်များသည် ကချင်ပြည်နယ်အစိုးရအဖွဲ့ရုံး မလိခခန်းမ၌ ပြည်နယ်အတွင်းရှိ ဂိုဏ်းပေါင်းစုံ ခရစ်ယာန်အသင်းတော်များမှ ဘာသာရေးခေါင်းဆောင်များနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက ကချင်ပြည်နယ်အတွင်း ဘာသာပေါင်းစုံ ကွဲပြားကြသော်လည်း မိမိတို့၏ ယုံကြည်ကိုးကွယ်သည့် ဘာသာတရား အဆုံးအမအတိုင်း ရင်းနှီးချစ်ကြည်စွာ ပေါင်းစည်းနေထိုင်ကြသည်ကို တွေ့ရှိရသည့်အတွက် ကြည်နူးဝမ်းသာရပါကြောင်း၊ ယုံကြည်ကိုးကွယ်မှုအရ ဘာသာတရား ကွဲပြားကြသော်လည်း ဘာသာတရားအားလုံး၏ အဓိက သွန်သင်ဆုံးမမှု အနှစ်သာရမှာ **“ကိုယ်နှုတ် စိတ်ဝမ်း ငြိမ်းချမ်းခြင်း”** ဖြစ်သဖြင့် ယနေ့ကြွရောက်လာကြသည့် အသင်းတော်အသီးသီးမှ ဆရာတော်များ၊ ခေါင်းဆောင်များအနေဖြင့် မိမိတို့ဘာသာဝင်များကို သက်ဆိုင်ရာ ဘာသာတရား၏ သွန်သင်ဆုံးမမှုများနှင့်အညီ လမ်းညွှန်ပြသကြမည်ဟု အခိုင်အမာယုံကြည်ပါကြောင်း၊ ထို့အပြင် ပြည်ထောင်စုကြီး ငြိမ်းချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဂိုဏ်းပေါင်းစုံ ခရစ်ယာန်အသီးသီးကလည်း ဆုတောင်းမေတ္တာပို့သလျက် စွမ်းဆောင်နိုင်သည့် ကဏ္ဍမှ ပါဝင်ကူညီဆောင်ရွက်ကြမည်ဟု ယုံကြည်မျှော်လင့်ပါကြောင်း နှုတ်ခွန်းဆက်စကား ပြောကြားသည်။

### ဆွေးနွေး

ထို့နောက် ဂိုဏ်းပေါင်းစုံ ခရစ်ယာန်အသင်းတော် အသီးသီး ကိုယ်စား ကက်သလစ်အသင်းတော် ဖာသာဒေါက်တာ ဂေါ်လူယုံဝါက ကျေးဇူးတင်ဝမ်းမြောက်ကြောင်း ပြောကြားပြီး အသင်းတော်အသီးသီးမှ ခေါင်းဆောင်များနှင့် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက ဂိုဏ်းပေါင်းစုံ ခရစ်ယာန်အသင်းတော်ခြောက်ခုမှဆရာတော်များနှင့် ဘာသာရေးခေါင်းဆောင်များထံ အမှတ်တရလက်ဆောင် သစ်သီးခြင်းနှင့် အလှူငွေကျပ် ၁၀ သိန်းစီကို ပေးအပ်လှူဒါန်းသည်။

ညနေပိုင်းတွင် (၇၆)နှစ်မြောက် ကချင်ပြည်နယ်နေ့ အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲကို ပြည်နယ် အစိုးရအဖွဲ့ရုံးရှေ့ မြက်ခင်းပြင်၌ ကျင်းပပြုလုပ်ရာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စု ဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များ တက်ရောက်ကြသည်။

ဦးစွာ ဂုဏ်ပြုညစာစားပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်က ယနေ့ကျရောက်သည့် (၇၆)နှစ်မြောက် ကချင်ပြည်နယ်နေ့မှသည် မိမိတို့၏ စည်းလုံးညီညွတ်မှုကို ပြသပြီး နိုင်ငံတော်နှင့် ပြည်နယ်ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြစေလိုကြောင်း ဂုဏ်ပြုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် ကချင်ပြည်နယ်နေ့ အထိမ်းအမှတ် ဂုဏ်ပြုညစာကို အတူတကွ နွေးထွေးပျော်ရွှင်စွာ သုံးဆောင်ကြပြီး တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကအဖွဲ့များ၏ ရိုးရာယဉ်ကျေးမှု အကအလှများ၊ တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်မှုကို အားပေးကြည့်ရှုခဲ့ကြကာ ဂုဏ်ပြုချီးမြှင့်ငွေများကို ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**





(၇၆)နှစ်မြောက် ကချင်ပြည်နယ်နေ့ အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲအခမ်းအနား ကျင်းပစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် အာဆီယံဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် H. E. Mr. Alounkeo Kittikhoun ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



နေပြည်တော် ဇန်နဝါရီ ၁၀

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် သည် အာဆီယံဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် H. E. Mr. Alounkeo Kittikhoun ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း(ငြိမ်း)၊ ဒုတိယဗိုလ်ချုပ်ကြီး ဝင်းဗိုလ်ရှိန်၊ သံအမတ်ကြီး(ငြိမ်း) ဦးစံလွင်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် အာဆီယံဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်တို့က မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုင်ရာကိစ္စရပ်များ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးမှုအခြေအနေများ၊ အာဆီယံတူညီဆန္ဒ(၅)ရပ် အပေါ် ဆောင်ရွက်ချက်များ၊ လူသားချင်း စာနာထောက်ထားမှုအကူအညီပေးရေးဆိုင်ရာကိစ္စများနှင့်ပတ်သက်၍ အမြင်ချင်းဖလှယ် ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြပြီး အမှတ်တရလက်ဆောင်ပစ္စည်း ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အာဆီယံဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်အား လက်ခံတွေ့ဆုံ



နေပြည်တော် ဇန်နဝါရီ ၁၀

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် အာဆီယံဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် H.E. Mr. Alounkeo Kittikhoun ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ PARK ROYAL ဟိုတယ် နီလာခန်းမ၌ တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်နှင့်အညီ အာဆီယံတူညီဆန္ဒ (၅)ရပ် အကောင်အထည်ဖော်ဆောင်ရာတွင် တိုးတက်မှုများရရှိရန် အာဆီယံအလှည့်ကျဥက္ကဋ္ဌ အာဆီယံဥက္ကဋ္ဌ၏ အထူးကိုယ်စားလှယ်တို့နှင့် ရှေ့ဆက်ပူးပေါင်းဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များ၊ လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် မြန်မာနိုင်ငံ၏ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အကောင်အထည်ဖော်ဆောင်ရွက်မှုနှင့် လက်ရှိ ပြည်တွင်းနိုင်ငံရေး ဖြစ်ပေါ်တိုးတက်မှုအခြေအနေများကိုလည်း ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အာဆီယံဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် H. E. Mr. Alounkeo Kittikhoun ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ခုနစ်ဖွဲ့တို့ တွေ့ဆုံဆွေးနွေး



နေပြည်တော် ဇန်နဝါရီ ၁၀

အာဆီယံဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် H. E. Mr. Alounkeo Kittikhoun ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ခုနစ်ဖွဲ့တို့သည် ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ အာဆီယံဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် H. E. Mr. Alounkeo Kittikhoun ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများဖြစ်ကြသည့် ရခိုင်ပြည် လွတ်မြောက်ရေးပါတီ(ALP)၊ KNU/KNLA ငြိမ်းချမ်းရေးကောင်စီ၊ လားဟူ ဒီမိုကရက်တစ်အစည်းအရုံး(LDU)၊ ပအိုဝ်း အမျိုးသားလွတ်မြောက်ရေး အဖွဲ့ချုပ် (PNLO)၊ ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော် (DKBA)၊ မွန်ပြည်သစ်ပါတီ (NMSP)၊ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS)နှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဦးဆောင်အဖွဲ့(PPST) တို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံ ဆွေးနွေးပွဲတွင် အာဆီယံဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်က နှုတ်ခွန်းဆက်စကားပြောကြားပြီး အာဆီယံ တူညီဆန္ဒ(၅)ရပ်၊ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုင်ရာ ကိစ္စများနှင့် လူသားချင်းစာနာ ထောက်ထားမှု အကူအညီပေးရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးပြောကြားသည်။

ထို့နောက် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ခုနစ်ဖွဲ့ကိုယ်စား KNU/KNLA ငြိမ်းချမ်းရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒေါက်တာ နော်ကပေါ်ထူးက နှုတ်ခွန်းဆက်စကား ပြောကြားပြီး တက်ရောက်လာသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများက တစ်ဦးချင်း မိတ်ဆက်စကားများ ပြောကြားကာ တစ်ဖွဲ့ချင်းစီ၏သဘောထားအမြင်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးပြောကြားခဲ့ကြသည်။

ယင်းနောက် တက်ရောက်လာကြသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများကိုယ်စား ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO) ဦးဆောင်နာယက ဦးခွန်ဥက္ကာက ကျေးဇူးတင်စကားပြောကြားပြီး အာဆီယံဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်က နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးအောင်ဇော်သိန်း အင်ဒိုနီးရှားသမ္မတနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးက ကျင်းပပြုလုပ်သည့် ၂၀၂၃ ခုနှစ် နှစ်ပတ်လည်အစီရင်ခံစာတင်ပြခြင်းနှင့် Legal Year 2024 ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်




နေပြည်တော် ဇန်နဝါရီ ၁၀

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးအောင်ဇော်သိန်းသည် ယနေ့နံနက်ပိုင်းတွင် အင်ဒိုနီးရှားသမ္မတနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးက အွန်လိုင်းဖြင့် ကျင်းပပြုလုပ်သည့် ၂၀၂၃ ခုနှစ် နှစ်ပတ်လည်အစီရင်ခံစာ တင်ပြခြင်းနှင့် Legal Year 2024 ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး တရားသူကြီးချုပ် Dr. Suhartoyo S.H., M.H. က အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ ၂၀၂၃ ခုနှစ်အတွင်း ဆောင်ရွက်ချက်များကို အစီရင်ခံတင်ပြရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးက စစ်ဆေးစီရင်ခဲ့သည့်အမှုများနှင့်စပ်လျဉ်း၍လည်းကောင်း၊ Judicial Ethics Council ဖွဲ့စည်းတည်ထောင်ခဲ့မှုများနှင့်စပ်လျဉ်း၍လည်းကောင်း၊ အခြားနိုင်ငံများ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့မှုများနှင့်စပ်လျဉ်း၍လည်းကောင်း အစီရင်ခံတင်ပြပြီး ဆောင်ရွက်ချက်မှတ်တမ်းဗီဒီယိုကို ပြသသည်။

ထို့နောက် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး တရားသူကြီးချုပ်က နှုတ်ဆက်စကားပြောကြား၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားသို့ အာရှဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးများနှင့် အဆင့်တူအဖွဲ့အစည်းများအသင်း (Association of Asian Constitutional Courts and Equivalent Institutions–AACC)၏ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သော မြန်မာနိုင်ငံနှင့်အတူ အခြားအဖွဲ့ဝင်နိုင်ငံများမှ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးဥက္ကဋ္ဌများ၊ တရားသူကြီးချုပ်များ၊ တရားသူကြီးများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**




## ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် နှစ် (၆၀) ပြည့် အခမ်းအနားကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၀

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် နှစ် (၆၀) ပြည့် အခမ်းအနားသို့ တက်ရောက်ကာ ကျောင်းသား ကျောင်းသူများ၏ အထူးပြုဘာသာစကားအလိုက် ရိုးရာအစားအစာနှင့် အမှတ်တရပစ္စည်းအရောင်းဆိုင်ခန်းများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ထို့နောက် ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် နှစ် (၆၀) ပြည့် အထိမ်းအမှတ်ဖွင့်ပွဲအခမ်းအနားကို ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ရာစုနှစ် ခြောက်ခုတိုင်အောင် နိုင်ငံတကာနှင့် မိမိကျောင်းသား ကျောင်းသူများ၏ လေ့လာဆည်းပူးပုံဖော်လိုသည့် စိတ်ဆန္ဒများကို ဖြည့်စွမ်းပေးနိုင်ခြင်း၊ မိမိနိုင်ငံနှင့် နိုင်ငံတကာအကြား ယဉ်ကျေးမှုဆိုင်ရာနားလည်မှုကို မြှင့်တင်ပေးနိုင်ခြင်းတို့ကြောင့် ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် မိသားစု၏ ကြိုးပမ်းအားထုတ်မှုကို လေးစားဂုဏ်ပြုပါကြောင်း၊ ယနေ့သမိုင်းမှတ်တိုင်တစ်ခုမှဆက်လက်၍ နိုင်ငံတကာနှင့် ဆက်သွယ်ပေါင်းကူးသည့် နိုင်ငံခြားဘာသာစကားများကို လေ့ကျင့်ပျိုးထောင်ပေးသည့် ပင်မရင်းမြစ်ကြီးအဖြစ် နှစ်ပေါင်းရာထောင်ချီတိုင် ရပ်တည်နိုင်ပါစေဟု ဆုမွန်ကောင်းတောင်းပါကြောင်း ပြောကြားသည်။

ဆက်လက်၍ အခမ်းအနားကို သတ်မှတ်ထားသည့် အစီအစဉ်များအတိုင်း ဆက်လက်ကျင်းပသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်သည် မြန်မာနိုင်ငံ တိုင်းရင်းသားဘာသာစကား ဦးစီးဌာန(ရန်ကုန်ရုံးခွဲ)သို့ရောက်ရှိကာ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာစာပါမောက္ခများ၊ တွဲဖက်ပါမောက္ခများ၊ ဝန်ထမ်းများနှင့်တွေ့ဆုံကာ မြန်မာစာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း(၂၀၂၃-၂၀၂၈) ဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ ရှေ့ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ဆွေးနွေးသည်။

ထိုသို့ဆွေးနွေးရာတွင် ဒုတိယဝန်ကြီးက မြန်မာဘာသာစကားအတွက် ကွန်ပျူတာ၏ ဘာသာစကားစွမ်းဆောင်မှုနည်းပညာ(Natural Language Proce-ssing–NLP) လုပ်ငန်းစဉ်များတိုးချဲ့ခြင်း၊ မြန်မာစာကို အွန်လိုင်းဆက်သွယ်ရေးကွန်ရက် (Cyberspace) တွင် အခြားဘာသာစကားများနည်းတူ အသုံးပြုနိုင်ရေးအတွက် ဆောင်ရွက်ခြင်း၊ စက်ဘာသာပြန် (Machine Translation) စနစ်တည်ဆောက်ခြင်း၊ စကားသံကို ကွန်ပျူတာစက်က အလိုအလျောက်သိရှိနားလည်မှုစနစ် Automatic Speech Recognition စနစ်တည်ဆောက်ခြင်း၊ ဉာဏ်ရည်တု (Artificial Intelligence–AI)နည်းပညာကို မြန်မာရေးထုံးမှုများနှင့်ချိတ်ဆက်၍ ကျယ်ပြန့်စွာ အသုံးချခြင်းလုပ်ငန်းများကို အောင်မြင်စွာ အကောင်အထည်ဖော်ရန်တိုက်တွန်းပြောကြားပြီး ဝန်ထမ်းများ တာဝန်ထမ်းဆောင်ရာတွင် စိတ်ချမ်းမြေ့စေရေး၊ အဆင်ပြေချောမွေ့စေရေးအတွက် တွေ့ကြုံရသည့် အခက်အခဲများ၊ လိုအပ်ချက်များကို ဖြည့်ဆည်းပံ့ပိုးပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် အလွတ်တန်းဆောင်းပါးပြိုင်ပွဲ ဖိတ်ခေါ်ခြင်း

နေပြည်တော် ဇန်နဝါရီ ၁၀

၁။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနသည် ၂၀၂၄ ခုနှစ် မတ်လ ၈ ရက်နေ့တွင် ကျရောက်မည့် **အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ကို** ဂုဏ်ပြုသောအားဖြင့် အလွတ်တန်းဆောင်းပါးပြိုင်ပွဲကို **"အရှိန်အဟုန်ဖြင့်တိုးတက်ရေး အမျိုးသမီးများတွင် မြှုပ်နှံပေး"** ခေါင်းစဉ်ဖြင့် ကျင်းပသွားမည်ဖြစ်ပါသည်။

၂။ ပြိုင်ပွဲဝင်ဆောင်းပါးကို အမျိုးသမီးများ၏အခွင့်အရေးကို ကာကွယ်ခြင်း၊ ကျား၊ မ တန်းတူညီမျှမှုကို မြှင့်တင်ခြင်းနှင့် အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးမြှုပ်နှံမှုများနှင့်စပ်လျဉ်းသည့် အကြောင်းအရာများဖြင့် အောက်ဖော်ပြပါ **စည်းကမ်းချက်များ**နှင့်အညီ ရေးသားပေးပို့ယှဉ်ပြိုင်နိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

(က) ပြိုင်ပွဲသို့ မည်သူမဆို ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်။

(ခ) ပြိုင်ပွဲဝင်များသည် သတ်မှတ်ထားသောခေါင်းစဉ်အောက်မှ မိမိကြိုက်နှစ်သက်ရာပုံစံဖြင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

(ဂ) ပြိုင်ပွဲဝင်ဆောင်းပါးများကို A4 ဆိုဒ် စာမျက်နှာအနည်းဆုံး ၁၀ မျက်နှာမှ အများဆုံး ၁၅ မျက်နှာအထိ ရေးသားယှဉ်ပြိုင်ရမည်ဖြစ်သည်။

(ဃ) ကွန်ပျူတာစာလုံး Myanmar Unicode (Pyidaungsu Font) စာလုံးအရွယ်အစား-၁၄ (Font Size 14 ) စာကြောင်းအကွာအဝေး ၁.၅ (Line Spacing 1.5)၊ စာရွက်ဘောင်ဆိုဒ် ၁ လက်မပတ်လည် (Margins 1"ပတ်လည်) Microsoft Word ဖြင့် ကွန်ပျူတာစာစီ၍ ရေးသားပေးပို့ရမည်ဖြစ်ပါသည်။

(င) ပြိုင်ပွဲဝင်များပေးပို့သည့်စာမူများသည် မိမိကိုယ်တိုင်ဖန်တီးရေးသားထားသည့် စာမူဖြစ်ပြီး ပေးပို့လာသည့်စာမူသည် ဂျာနယ်၊ မဂ္ဂဇင်းများနှင့် မီဒီယာများတွင် ဖော်ပြထားပြီးသည့် စာမူများမဖြစ်စေရပါ။

(စ) ဆုရွေးချယ်ခံရခြင်းမရှိသောဆောင်းပါးများအား ပြန်လည်ပေးပို့မည်မဟုတ်ပါ။

(ဆ) ပြိုင်ပွဲဝင်ဆောင်းပါးကို ပြိုင်ပွဲကျင်းပသည့်ဌာနအနေဖြင့် အများပြည်သူ့အကျိုးငှာ ပြပွဲများ၊ စာအုပ်စာစောင်များ၊ website များ၊ လက်ကမ်းစာစောင်များ၊ သင်ခန်းစာပို့ချမှုများနှင့် ဗီဒီယိုမှတ်တမ်းများ၌ အသုံးပြုခြင်းကို ပြိုင်ပွဲဝင်သူမှ သဘောတူခွင့်ပြုရပါမည်။

၃။ ပြိုင်ပွဲဝင်ဆောင်းပါးများကို ပညာရှင်များပါဝင်သော ဆောင်းပါးစိစစ် ဆုရွေးချယ်ရေးဘုတ်အဖွဲ့ဖြင့် ပွင့်လင်းမြင်သာမှုရှိစွာ စိစစ်ရွေးချယ်သွားမည်ဖြစ်ပါသည်။ ဆုများကို ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် အထူးဆုနှစ်ဆု စုစုပေါင်း ငါးဆုကို ချီးမြှင့်မည်ဖြစ်ပြီး ထိုက်တန်သည့် ဆုငွေနှင့် ဆုတံဆိပ်များ ချီးမြှင့်သွားမည်ဖြစ်ပါသည်။

၄။ ပြိုင်ပွဲဝင်စာမူနှင့်အတူ ကိုယ်တိုင်ဖန်တီးရေးသားထားကြောင်း ဝန်ခံကတိပြုလွှာ၊ ပြိုင်ပွဲဝင်သူ၏ အမည်၊ မှတ်ပုံတင်/နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် ကိုယ်ရေးရာဇဝင်အကျဉ်း၊ ရောင်စုံဓာတ်ပုံ သုံးပုံ၊ ဆက်သွယ်ရန်လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ်တို့နှင့်အတူ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ၊ အီးမေးလ်ဖြင့်ဖြစ်စေ ညွှန်ကြားရေးမှူးချုပ်၊ လူမှုဝန်ထမ်းဦးစီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ရုံးအမှတ်-၂၃၊ နေပြည်တော်၊ (တယ်လီဖုန်းအမှတ်၊ ၀၆၇-၄၀၄၂၅၁၊ ၀၉-၂၀၁၉၃၅၇၊ အီးမေးလ် dswwdd2022@gmail.com သို့ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက်နေ့ ညနေ ၅ နာရီ နောက်ဆုံးထား၍ ဆက်သွယ်ပေးပို့နိုင်ပါသည်။ (အီးမေးလ်ဖြင့် ပေးပို့ပါက Word Document အပြင် PDF ဖတ်၍ ပေးပို့ပါရန်။)

၅။ သတ်မှတ်ရက်ကျော်လွန်ခြင်း သို့မဟုတ် သတ်မှတ်စည်းကမ်းချက်များနှင့် မပြည့်စုံခြင်း စသည့် စာမူများကို ဆုရွေးချယ်ရေးတွင် ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ ဆုရရှိသူများကို ၂၀၂၄ ခုနှစ် မတ်လ ၈ ရက်နေ့တွင် ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့အခမ်းအနားတွင် ဆုချီးမြှင့်မည်ဖြစ်ပါသည်။

**လူမှုဝန်ထမ်းဦးစီးဌာန**

# နတ်တော်လ စာအလင်္ကာများ

## မောင်လူမွှေး(မြန်မာမှု)

**မြန်မာ့တစ်ဆယ့်နှစ်လရာသီလများအနက် နတ်တော်လရာသီပွဲသည် ကဆုန်၊ ဝါဆို၊ သီတင်းကျွတ်လများကဲ့သို့ ဗုဒ္ဓဘာသာနှင့်ဆက်စပ်သော ပွဲတော်မဟုတ်ပေ။ နတ်ပူဇော်ပွဲကို အကြောင်းပြု၍ “နတ်တော်လ” ဝေါဟာရအတိုင်းပင် “နတ်ပွဲ” သဘင်သည် အဓိကဖြစ်ပေသည်။**

နတ်တော်လနှင့်ပတ်သက်၍ စာအလင်္ကာများ ဖွဲ့ဆိုရာတွင်- ပုပ္ပားနတ်တောင်လင်္ကာသည် ရှေးအကျဆုံးဖြစ်သည်။ “သိုးကလေ…” အစချီ ပုပ္ပားနတ်တောင်လင်္ကာဘွဲ့ကို အများသိရှိကြလေသည်။ ကျောင်းသင်ခန်းစာအနေဖြင့် ပါဝင်၍လည်း မြန်မာ့နယ်ပယ်၌ အသိများကြလေသည်။ ပုပ္ပားနတ်တောင်လင်္ကာဘွဲ့ နောက် ပုပ္ပားမဟာဂီရိ နတ်ချင်းပေါ်လာပေသည်။ အောက်ပါအတိုင်းဖြစ်သည်။

“ပုပ္ပားသည် ရွှေတောင်တည့်လေ၊ ရွှေတောင်ပတ်လုံး၊ စံကားပင်နှင့် ပန်းပင်ဖုံး၊ တောလုံးရနံ့ကြိုင်စွလေ။”

“ပုပ္ပားတောင်တွင် နတ်ရှင်နှစ်ပါး၊ ရွှင်စံစား၊ ဘုံခြားဗိမာန်မြိုင်စွလေ၊ လှိုင်စွလေ၊ လှိုင်စွလေ၊ လှိုင်စွစံကား၊ တောင်ပုပ္ပား၊ စံကားပျံ့ကြိုင်မျှ၊ ပန်းလှိုင်စွလေ။”

“မောင်တော်ရေထက်၊ မယ်မုတ်ရေ၊ ဆယ်လေးသာစွလေ။ ဗိမာန်နန်းမှာ၊ ထီးစကြာ၊ ဖြန့်ကာအုပ်မိုးကာစွလေ။”

ဤစာအလင်္ကာမှာ စာဆိုသူမထင်ရှားပေ။ နောက်ပိုင်းတွင် ဝန်ကြီးပဒေသရာဇာသည် **“မဟာဂီရိ၊ ခေါ်ညီဖော်ပြ၊ နှမနဲ့မောင်၊ ဘုန်းခေါင်ဒေဝါ၊ ငါနတ်လာပြီ…”** အစချီသော နတ်ချင်းတစ်ပုဒ်နှင့် **“ခမောက်ကယ်မှ စိန်တောင်လေ၊ ရွှေညာဖျားက၊ မြစ်နားသူမောင်၊ ဆောင်းတော်မူသည့်၊ သပြေရောင်လဲ၊ ဖွဲ့ခေါင်ရယ်ကြော့ရွှန်း….”** အစချီသော နတ်ချင်းတစ်ပုဒ် ပေါင်းနှစ်ပုဒ်ကို ရေးဖွဲ့ခဲ့လေသည်။

### မဟာဂီရိနတ်ချင်းများ

မြဝတီမင်းကြီးဦးစက **“ခါးစည်းငယ်မှဝေသီလေ၊ ကြော့ရှာလွန်းသည်၊ တစ်ကျွန်းတင့်နိုး၊ ဆင်ပုဆိုးမှာ….”** အစချီသော မဟာဂီရိ နတ်သံကို ရေးဖွဲ့ခဲ့လေသည်။ ရေးသူအမည်မသိ ခေတ်ဟောင်း ခေတ်သစ် မဟာဂီရိနတ်ချင်းများရှိသော်လည်း ထင်ရှားမှတ်တမ်းတင်သော နတ်ချင်းမှာ သုံးပုဒ်ရှိလေသည်။ ထိုမဟာဂီရိ နတ်သံ နတ်ချင်းပါ ဝတ်စားဆင်ယင်မှုနှင့် အခြားအကြောင်းခြင်းရာများမှာ နတ်နာယက ဝတ်စားဆင်ယင်မှုသမိုင်းကို မှတ်သားဖွယ်ရာ ဖြစ်ပေသည်။ ယမန်နှစ်က (၅.၁၂.၂၀၂၂) ပုဂံဒေသ ယွန်းပညာကောလိပ်၌ စာရေးသူ တက်ရောက်ဖတ်ကြားခဲ့သော “အပျိုတော်နတ်ချင်းနှင့် သဘင့်အစဉ်…” စာတမ်းဖတ်ပွဲ အခမ်းအနားတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ပွဲအခမ်းအနားစီစဉ်ရာ၌ မြဝတီမင်းကြီးဦးစ၏ မဟာဂီရိ နတ်သံပါ အကြောင်းအရာ အချက်အလက်ပါအတိုင်း သရုပ်ပြဝတ်စားဆင်ယင်ထားရှိမှုများသည် ကိုက်ညီသည်ကို တွေ့ရသည်။

စာရေးဆရာ (စာပေပညာရှင်) သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ လမ်းညွှန်မှုအရ အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးညွှန့်ဝင်း၊ လေ့ကျင့်ရေးနှင့် သုတေသနဌာနခွဲ ညွှန်ကြားရေးမှူး ဒေါက်တာလဲ့လဲ့အောင်၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်) သဘင်ပညာဌာန ပါမောက္ခ ဦးခိုင်ထွန်းတို့၏စီစဉ်မှုသည် သမိုင်းစာပေအထောက်အထားများနှင့် ညီညွတ်လှပေသည်ဟု ဂုဏ်ပြုရပါသည်။ နောင် ဤကဲ့သို့ မြန်မာမှုဆိုင်ရာစာတမ်းဖတ်ပွဲများကို အခါအားလျော်စွာ ဖြစ်စေချင်ပါသည်။

### အလွန်ရသမြောက်သော နတ်ချင်း

နတ်သံဟောင်းတစ်ပုဒ်တွင် **“စကားပင်ကို နတ်ငင်ပစ်၍….၊ မြစ်လယ်ကြောကို မျှောသောအခါလည်း၊ ဟင်္သာသောင်တင်း၊ ပိန်ညင်းစင်ရော်၊ အတောင်ခင်းသို့၊ လှေချင်းပီအောင်၊ ညီညီယ်လှော်သည်၊ ပျော်ပျော်ရေကြောင်း စုန်ခဲ့တယ်၊ ရိမဒ်သာစည်၊ ထီးကြငှန်းနှင့်၊ မြို့နန်းတည်မည့်၊ ရွှေပြည်ပုဂံ၊ မင်းငါးကျိပ်ငါး၊ ကနက်ထူ၍၊ ရိပ်ဖြူလွှားသို့၊ ပျော်ပါးစံမည့်၊ နိုင်ငံနဖူး၊ ဆိပ်ကမ်းသာသည့်၊ ရွာညောင်ဦးမှာ၊ စူးစူးဝင်လို့ တို့ဆိုက်တယ်….”** စသဖြင့် ရေးဖွဲ့ထားရာ ဖတ်ကြည့်ပါက ပန်းပဲမောင်တင့်တယ်၊ သုံးပန်လှမင်းသမီး မောင်နှမတို့၏ ချစ်ခြင်းမေတ္တာ၊ ဘုရင်၏အတ္တမာနစသည့် ရာဇဝင်ဖြစ်ရပ်များကို ဖတ်ရှုခံစားရပါသည်။ ထိုနတ်ချင်း၊ နတ်သံကို စိတ်အာရုံတွင် ဂီတသံစဉ်သွင်း၍ ခံစားကြည့်ပါက အလွန်ရသမြောက်သော နတ်ချင်းဖြစ်ပေသည်။

ဂန္ထဝင်တေးရေးဆရာကြီး နန်းတော်ရှေ့ဆရာတင်က တောင်တော်သခင်မတေးကို ရေးစပ်ခဲ့သည်။ မရွှေဥ၏ဇာတ်လမ်းဖြစ်သည်။ ထိုကို အသံပါရမီရှင် ဒေါ်ခင်ခင်ညွန့်က ဆိုထားသည်။ ထိုသီချင်းထဲတွင် နန်းတော်ရှေ့ဆရာတင်က ပတ်ဝန်းကျင်ရေမြေအရ ဒီနေရာ ဒီဒေသကို ရောက်သွားသောအခါ လွမ်းသလို ဆွေးသလို ခံစားရကြောင်း ရေးစပ်ထားသည်။ အဆိုတော်ကြီး ဒေါ်ခင်ခင်ညွန့်၏အသံ၊ အဆွဲ၊ အငင်နှင့် အဆိုကြောင့် ရသမြောက်စွာ ခံစားရသည်။ နောင်တွင် အကယ်ဒမီ ဦးဝင်းဦးက ပြန်ဆိုသည်။

ဤ၌ ဆိုလိုခြင်းမှာ စာအလင်္ကာတို့၏ ဂုဏ်ရသတို့သည် စိတ်ကို ပြောင်းလဲစေသည်ဟု ဆိုလိုခြင်းဖြစ်သည်။ ဤသို့ပင် မဟာဂီရိနတ်ချင်းသည်လည်း ယုံကြည်ကိုးကွယ်မှုမရှိသည့်တိုင် စိတ်ကိုသိမ်းကျုံးသည့် ခံစားမှုကို ဖြစ်ပေါ်စေလေသည်။ ဤသည်မှာ နတ်တော်လ မင်းမဟာဂီရိပူဇော်ပွဲမှ ဖြစ်ပေါ်လာရသော စာအလင်္ကာရသ သဘောကို ဆိုလိုခြင်းဖြစ်ပေသည်။

### ရာသီဘွဲ့များဖွဲ့ဆိုရာ၌ ပန်းအမျိုးအစားသည်လည်းပါဝင်

ရာသီဘွဲ့များဖွဲ့ဆိုရာ၌ ထိုလရာသီ ပွင့်သီကြသည့် ပန်းအမျိုးအစားသည်လည်း အချက်အလက်အနေဖြင့် ပါဝင်လေပေသည်။ နတ်တော်လ၏ရာသီပန်းမှာ သဇင်ပန်း ဖြစ်ပေသည်။ “သည်ဆောင်းဟေမန်၊ မြောက်ယံလေညင်း…” အစချီတေးဘွဲ့သီချင်း (သီချင်းကြီး) မှာ သဇင်ပန်းဖွဲ့ ဖြစ်လေသည်။

အင်းဝမြို့ကို စိုးစံတော်မူသော တနင်္ဂနွေမင်း (ခေါ်) မှန်နန်းရှင်မင်းတရားကြီးလက်ထက်တော်တွင် ပန်းတော်ဝင် သဇင်ပန်းဆက်သကြရသည်ကို စာဆိုဇေယျပတိ (မြဝတီမင်းကြီးဦးစ) ရေးဖွဲ့သော သဇင်ပန်းတော်တေးဖွဲ့ ဖြစ်ပေသည်။

“သည်ဆောင်းဟေမန်၊ မြောက်လေညင်းဆော်တယ်ကို၊ နတ်တော်ပြာသို၊ ခွာညိုတည့် နှင်းဖုံဖုံ၊ ရိုးတံဆင့်ဖူးငုံ၊ (ဝတ်မှုန်)၃ တင့်ဆုံး၊ သဇင်ပန်း မြဂမုန်းငယ်နှင့်လေး၊ ရွှေနန်းတော်လုံး၊ မင်းသုံး ငယ်စိုးယူ၊ သွယ်သွယ်ညွတ်ကိုင်း၊ ရွှေသိုင်းညွှန့်တလူလူ၊ ရှမ်းပြည် တောင်ငူ၊ ကြည်ဖြူဆက်မြဲမှန်လှလေ၊ ဂမုန်းအင်သဇင်ရွှေပန်း လှိုင်လှလေး၊ သိင်္ဂီလျှံလန်း၊ စိန်စီမှန်နန်းပေါ်ငယ်မှာ၊ ပန်ဆင်ရာ၊ ရွှေကေသာ မြန်းပါလို့ သည်ပန်းမှ မြတ်ပန်တော်။”

ဤသီချင်းတွင် ပါဝင်သောပန်း “ဂမုန်းအင်” အကြောင်းကို မော်ဘီဆရာသိန်းကြီးက ပန်းတစ်မျိုးဟု ဖော်ပြထားသည်။ “ဂမုန်းအင်”နှင့်ပတ်သက်၍ မြန်မာစာပေပညာရှင်များ၊ သုတေသီများက ဖွင့်ဆိုမှုအသီးသီးရှိကြသည်။ ဆရာကြီးဒဂုန်နတ်ရှင်၊ ဆရာကြီးဒဂုန်ဦးစန်းငွေ၊ ဆရာကြီးမာဃတို့၏ ဖွင့်ဆိုယူဆချက်များကို တွေ့ဖူးသည်။ “ဂမုန်းအင်နှင့် သဇင်ပွင့်ပေါ်လနတ်တော်” ဟု ဆိုရိုးရှိပေသည်။ ဤ “ဂမုန်းအင်”ဝေါဟာရကို ဦးတိုး၏ ရာမရကန်တွင်လည်း-

“စိမ့်ကြီးမြိုင်ကြီး၊ ရိပ်ကြီးတောတောင်၊ နေရောင်မခံ၊ ပန်းပျံ့ပင်ဆင့်၊ မြေနှင့်ရန်ဘက်၊ ခက်လက်စိမ်းမြ၊ မိုးမခဘူး၊ နွေလသံပေါက်၊ ရင့်ချိန်ရောက်သောခါမှ၊ နှင်းသောက်ကယ်ရွှင်ရွှင်၊ ပွင့်ဖူးတွေဆင်ကြသည်၊ ရွှေပင်ဆင့်၊ ငွေပင်ဆင့်၊ ပတ္တမြားပင်ဆင့်၊ ဂမုန်းအင့်အဖက်၊ ဆောင်းစက်ရိပ်ခို၊ ရေတွက်လို့ ဆိုတော့မည်၊…”

တွင်လည်း “ဂမုန်းအင်” ဝေါဟာရကိုသုံးထားပေသည်။

မဟာအတုလမင်းကြီး၏ နတ်တော်လဘွဲ့ လွမ်းချင်းတွင်လည်း -

“ရှုလေတိုင်းကိုတည့်(တဲ့)၊ ဝေမှိုင်းငယ်ဖြာဖြာ၊ လေညင်းငယ်လာသည်၊ ဖော်မပါ တူမစုံလို့၊ လွှာခြုံအေးပြန်တော့တယ်လေး…၊ ဆယ့်နှစ်ဖြာငယ်၊ ရာသီနေ့၊ ရွှေဟင်္သာလည်း၊ တာရာပြုလို့၊ ဇေယုဗြဟ္မာ၊ ဟေမန္တာမို့ မဟာပိန္နဲ၊ နတ်မင်းပွဲမှာ၊ ကျွေးမြဲပူဇော်၊ လနတ်တော်ကို၊ ရှုမျှော်တိမ်ဆီ၊ မိဂသီလည်း၊ ခါညီမွန်းလယ်၊ ထွန်းရောင်ခြည် ခြယ်သောခါ၊ နယ်ရွှေဝ ဥကင်မှာ၊” ဂမုန်းအင် “သဇင်မင်းက၊ သင်း လှတယ်လေး…။ ။”ဟု နတ်တော်လဘွဲ့ကို ရေးဖွဲ့ထားလေသည်။ အထက်ဖော်ပြပါ ဆရာကြီးဒဂုန်နတ်ရှင်၊ ဆရာကြီးဒဂုန်ဦးစန်းငွေနှင့် ဆရာကြီးမာဃ(ဦးသာတင်)တို့၏ အဆိုကို မဖော်ပြသာပေ။ မော်ဘီဆရာသိန်းကြီး၏ ရေးသားချက်ကို အောက်ပါအတိုင်း တွေ့ရပါသည်။

သဇင်ပန်းကိုပင် အချို့ဆရာတို့က ဂမုန်းအင်ပန်းဟု ပြောဆိုသည်ကို ကြားရသည်၊ (ရှင်းလင်းရန်ကား၊) သဇင်ပန်းကတခြား၊ ဂမုန်းအင်ပန်းကတခြား ဖြစ်ချေသည်၊ ဂမုန်းအင်ပန်းနှင့် သဇင်ပန်းသည် တစ်ရာသီတည်း ဖူးကြ-ငုံကြ-ပွင့်ကြသည်။ နတ်ပန်းဟူ၍လည်းအခေါ်များကြသည်။ ဂမုန်းအင်ပန်းအရွက်မှာ သဇင်ပန်းအရွက်နှင့်တူသည်။ ရွက်တံတို့သည် ပွင့်တံမှာ လက်ညှိုး-လက်မလောက်ကြီးသည်။ နှစ်လက်မ၊ သုံးလက်မခန့် ပွင့်တံရှိသည်။ အဆစ်မှာ နှစ်ဆစ်၊ သုံးဆစ်ရှိသည်။ ပွင့်တံထိပ်က-စု၍ အငုံ-အဖူး-အပွင့်-ထွက်၍ ပွင့်သည်။ ဇွန်ပန်းသဏ္ဍာန် ဖြူသောအဆင်းရှိသည်။ သဇင်ကြက်ချေးခေါ်သော ပန်းပွင့်ကဲ့သို့ ပွင့်သည်။ အနံ့သင်းသင်းရှိသည်။ ၎င်းဂမုန်းအင်ပန်းမျိုးသည် ပဲခူးမြို့နှင့် တောင်ငူမြို့အကြား တောများ၌ ရှိတတ်သည်။ ယင်းသည့် ဂမုန်းအင်ပန်းသည် သထုံနယ်မှာရှိကြောင်း သိရသောကြောင့် မိတ်ဆွေတစ်ဦးထံ မှာလိုက်ရာ လာရောက်ပို့၍ တွေ့မြင်ရသည့်အတိုင်း ဖော်ပြလိုက် ပါသည်။

(ဂီတာလင်္ကာရဒီပနီကျမ်း စာ-၁၀၃)

စသဖြင့် ဂမုန်းအင်အဆိုကို အကျယ်တဝင့် ရှင်းလင်းပြထားသည်ကို တွေ့ရပါသည်။

ထိုဂမုန်းအင်သည် နတ်တော်လရာသီ သဇင်ပန်းနှင့်တွဲ၍ ခေတ်အဆက်ဆက်လာခဲ့ရာ ဇာတ်သဘင်များခေတ်ရောက်သည်အထိ သုံးစွဲနေမြဲဖြစ်သည်။

### တစ်ကိုယ်တည်းနေသူအဖို့ လွမ်းမောတမ်းတရပုံကို ရေးဖွဲ့ထား

ဇာတ်သဘင်တွင် အခန်းဆက် အခန်းပြောင်း၌ ဇာတ်လမ်းအရ ခွန်းတောက်ဆိုရသည့် ကဏ္ဍရှိလေသည်။ အောက်ပါ နတ်တော်လဘွဲ့ ခွန်းတောက်မှ နတ်တော် လေးကိုင်စွဲသည့် ဓနုရာသီ၊ ဟင်္သာတာရာ မိဂသီနက္ခတ်နှင့် စန်းယှဉ်ခြင်း ရာသီ သဇင်ပန်းနှင့် ဂမုန်းအင်တို့ ပွင့်ဝေသည့် ချမ်းအေးသောကာလ တစ်ကိုယ်တည်းနေသူအဖို့ လွမ်းမောတမ်းတရပုံကို ရေးဖွဲ့ထားလေသည်။ ခက်ခဲသော ဝေါဟာရ ပဟေဠိ အသိရခက်သော အနက်အဓိပ္ပာယ်များမပါရှိဘဲ သာမန်သိနိုင်သော နတ်တော်လဘွဲ့ကို စာဆိုက ရေးဖွဲ့ထားလေသည်။ စာရှုသူများ နတ်တော်လ စာပေအလင်္ကာရသများကို ခံစားနိုင်ကြပါစေသတည်း။

“ဓနုခွင် နတ်တော်ဆန်းတော့ကို ဂမုန်းအင် သဇင်ပန်းငယ်နှင့် ရွှေနန်းမ လှကြေးမုံ။ နတ်ရုပ်မှာ လေးကိုင်စွဲပါလို့ ပိန္နဲငယ်မဟာပွဲသာပ ပျော်မြဲမင်္ဂလာမို့ တာရာမှာ ဟင်္သာထွန်း လွမ်းဘွဲ့အစုံ။ မိဂသီရောင်စုံ တင့်တော့ ညောင်ဘုံမြင့် ရွှေရိပ်လှုံမှာ အို-ကြုံပြန်ရလေနဲ့။ (ဝ, ပြော ငယ်စည်…)၂ မြ, ကောင္ဍုံ စိန်ရထည်နှင့် ရွှေပြည်နှစ်ကို လွမ်းပါကလ ခုများမှာ တကိုယ်တန်းပါမို့ ညောင်သင်မှာ မောင်ခင်ချမ်းရှာလိမ့်မယ် နွမ်းဘို့ သည် သဲတဲ့မှ အိုကွယ် … လွမ်းလို့ကြည်ကွဲ…”။ ။

❖ နတ်တော်လနှင့်ပတ်သက်၍ စာအလင်္ကာများဖွဲ့ဆိုရာတွင် ပုပ္ပားနတ်တောင်လင်္ကာသည် ရှေးအကျဆုံးဖြစ်သည်။ “သိုးကလေ…” အစချီ ပုပ္ပားနတ်တောင်လင်္ကာဘွဲ့ကို အများသိရှိကြလေသည်။ ကျောင်းသင်ခန်းစာအနေဖြင့် ပါဝင်၍လည်း မြန်မာ့နယ်ပယ်၌ အသိများကြလေသည်။ ပုပ္ပားနတ်တောင်လင်္ကာဘွဲ့ နောက် ပုပ္ပားမဟာဂီရိနတ်ချင်းပေါ်လာ

❖ စာအလင်္ကာတို့၏ ဂုဏ်ရသတို့သည် စိတ်ကိုပြောင်းလဲစေသည်ဟု ဆိုလိုခြင်းဖြစ်သည်။ ဤသို့ပင် မဟာဂီရိနတ်ချင်းသည်လည်း ယုံကြည်ကိုးကွယ်မှုမရှိသည့်တိုင် စိတ်ကိုသိမ်းကျုံးသည့် ခံစားမှုကို ဖြစ်ပေါ်စေ

# ကချင်တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများကို အနုပညာဂီတလုပ်ငန်းများဖြင့် ပိုမိုထုတ်ဖော်ပြသနိုင်ရေး ဆွေးနွေး

မြစ်ကြီးနား ဇန်နဝါရီ ၁၀

ကချင်တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများကို အနုပညာဂီတလုပ်ငန်းဖြင့် ပိုမိုထုတ်ဖော်ပြသနိုင်ရေးအတွက် ကချင်ပြည်နယ် မြစ်ကြီးနားမြို့သို့ ရောက်ရှိနေသော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူနှင့် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းတို့သည် ယနေ့နံနက်ပိုင်းတွင် ပြည်နယ်အစိုးရအဖွဲ့ရုံး ဧည့်ခန်းမ၌ ကချင်အနုပညာရှင်များအသင်းအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် တွေ့ဆုံခဲ့ကြသည်။



တက်ရောက်

တွေ့ဆုံပွဲသို့ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကချင်အနုပညာရှင်များအသင်းအဖွဲ့ချုပ်မှ ဥက္ကဋ္ဌ J Z ဒေါင်လွမ်း၊ အဖွဲ့ဝင် G ဇုန်းကိနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

တွေ့ဆုံစဉ်ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ယခုအခါ ရုပ်ရှင်၊ ဂီတ၊ အနုပညာလုပ်ငန်းများသည် ပြန်လည်အသက်ဝင် နိုးထလာပြီဖြစ်ကြောင်း၊ နိုင်ငံတစ်ဝန်းရှိ ရုပ်ရှင်ရုံများ ပုံမှန်အတိုင်း ပြန်လည်ဖွင့်လှစ်ပြသနေပြီဖြစ်ကြောင်း၊ ကချင်တိုင်းရင်းသားများ၏ ယဉ်ကျေးမှုဓလေ့ထုံးစံများကို အနုပညာလုပ်ငန်းဖြင့် ဖွံ့ဖြိုးတိုးတက်လာစေရေး လိုအပ်သည်များကို ဆွေးနွေးပေးကြစေလိုကြောင်း၊ မိမိတို့အနေဖြင့် တိုင်းရင်းသားများနှင့် ပေါင်းစည်းပြီး အနုပညာလုပ်ငန်းကို ပိုမိုဆောင်ရွက်စေလိုကြောင်း၊ MRTV တွင် ရုပ်သံလွှင့်အစီအစဉ်များစွာဖြင့် ပိုမိုသစ်လွင်သည့် အစီအစဉ်များ ထုတ်လွှင့်နိုင်ရေး စီမံဆောင်ရွက်ထားရှိကြောင်း၊ ယနေ့ ကချင်တိုင်းရင်းသားတို့၏ အနုပညာလုပ်ငန်းများအတွက် နိုင်ငံပိုင်မီဒီယာအဖြစ် ပံ့ပိုးကူညီလိုကြောင်း ပြောကြားသည်။

ထို့နောက် ကချင်အနုပညာရှင်များအသင်းအဖွဲ့ချုပ် ဥက္ကဋ္ဌ JZဒေါင်လွမ်း၊ G ဇုန်းကိနှင့် အဖွဲ့ဝင်များက ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပူးပေါင်းချိတ်ဆက်၍ ဆောင်ရွက်နိုင်ရေး လိုအပ်သည်များကို ဆွေးနွေးတင်ပြကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူနှင့် ပြည်ထောင်စုဝန်ကြီးတို့က ကချင်အနုပညာရှင်များ အသင်းအဖွဲ့ချုပ်၏ လက်ရှိဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ၊ ရုပ်ရှင်၊ ဗီဒီယို၊ ဂီတလုပ်ငန်းများ ထုတ်လွှင့်ပြသနေမှုအခြေအနေများနှင့်စပ်လျဉ်း၍ လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်၍ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် ကချင်ပြည်နယ် ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ခရိုင်/မြို့နယ် ခရီးစဉ်ဒေသစီမံခန့်ခွဲရေး အဖွဲ့များနှင့် တွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၁၀

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ခိုင်သည် ကချင်ပြည်နယ် စီးပွားရေးရာဝန်ကြီးဌာန ဝန်ကြီးဦးမျိုးဆွေနှင့်အတူ ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ Palm Spring Resort ၌ ယနေ့မွန်းလွဲ ၃ နာရီတွင် ကချင်ပြည်နယ် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကချင်ပြည်နယ် ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ခရိုင်/မြို့နယ် ခရီးစဉ်ဒေသစီမံခန့်ခွဲရေးအဖွဲ့များနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက Public Private Dialogue ကို ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်က ဦးဆောင်၍ အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၊ တိုင်းဒေသကြီးနှင့်ပြည်နယ် တာဝန်ခံများနှင့် Online Zoom Meeting ဖြင့် ပြုလုပ်ဆောင်ရွက်လျက်ရှိပြီး ကချင်ပြည်နယ် ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကချင်ပြည်နယ်ရှိ လုပ်ငန်းရှင်များကိုလည်း ပါဝင်၍ တက်ရောက်စေမည် ဖြစ်ကြောင်း၊ အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍ နှစ်ရပ်လုံး ပူးပေါင်းပါဝင် ဆောင်ရွက်ကြရန် မှာကြားသည်။



ထို့နောက် တက်ရောက်လာကြသည့် ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် မြစ်ကြီးနား ခရိုင်/ မြို့နယ် ခရီးစဉ် ဒေသစီမံခန့်ခွဲရေးအဖွဲ့ဝင်များက ဆွေးနွေးတင်ပြကြပြီး ဆွေးနွေး တင်ပြမှုများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက ပြည်နယ် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ပြည်နယ်တာဝန်ခံနှင့်အတူ ပေါင်းစပ်ညှိနှိုင်း အကောင်အထည်ဖော်ဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ဒုတိယဝန်ကြီးဦးဖြိုးဇော်စိုး ချောင်းသာကမ်းခြေဒေသရှိ ဟိုတယ်ခရီးသွားလုပ်ငန်းရှင်များနှင့် တွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၁၀

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးသည် ယနေ့မွန်းလွဲပိုင်းတွင် ချောင်းသာမြို့သို့သွားရောက်၍ ချောင်းသာကမ်းခြေဒေသရှိ ဌာနဆိုင်ရာများ၊ ဟိုတယ်ခရီးသွားလုပ်ငန်းရှင်များနှင့် ဆက်စပ်လုပ်ငန်းလုပ်ကိုင်နေသူများကို Azura Hotel ၌ တွေ့ဆုံသည်။



တွေ့ဆုံစဉ်ဒုတိယဝန်ကြီးက ချောင်းသာကမ်းခြေသည် အလွယ်တကူ သွားလာနိုင်သော ခရီးစဉ်ဒေသတစ်ခုဖြစ်ကြောင်း၊ လာရောက်လည်ပတ်ကြသည့် ပြည်တွင်းပြည်ပ ခရီးသွားဧည့်သည်များကို ရက်ရှည်တည်းခိုနေထိုင်လည်ပတ်အောင် ဆွဲဆောင်နိုင်မည့် အစီအစဉ်များကို ဖော်ထုတ်နိုင်ရန် ဒေသခံများ၊ လုပ်ငန်းရှင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ပြောကြား

ချောင်းသာကမ်းခြေသို့ လာရောက်လည်ပတ်ကြသော ပြည်တွင်းပြည်ပ ခရီးသွားဧည့်သည်များကို ကောင်းမွန်သော ဝန်ဆောင်မှုများပေးနိုင်ရေး၊ ကမ်းခြေဒေသကို သန့်ရှင်းသာယာလှပပြီး ရေရှည်တည်တံ့စေရေး၊ ပင်လယ်ရေအောက် သယံဇာတများနှင့် သဘာဝပတ်ဝန်းကျင်များ ထိခိုက်မှုမရှိစေရေးနှင့် ဒေသခံပြည်သူများ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးတို့ကို ခရီးစဉ်ဒေသစီမံခန့်ခွဲရေးအဖွဲ့ (DMO) များနှင့် ခရီးသွားလုပ်ငန်းနယ်ပယ်အသီးသီးမှ အစိုးရ၊ ပုဂ္ဂလိက Stakeholders များ အားလုံးဟန်ချက်ညီညီ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာကြသည့် ဌာနဆိုင်ရာများ၊ ဟိုတယ်ခရီးသွားလုပ်ငန်းရှင်များနှင့် ဆက်စပ်လုပ်ငန်းလုပ်ကိုင်နေကြသူများက ၎င်းတို့၏ သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ၊ ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များနှင့် တွေ့ကြုံရသည့် အခက်အခဲများကို ဆွေးနွေးတင်ပြကြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးကာ နိဂုံးချုပ်အမှာစကား ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး သည် Azura Hotel တွင် ဧည့်စာရင်းစီမံခန့်ခွဲမှုစနစ် (Hotels Guest List Management System – HGLMS)အသုံးပြုနေမှုအခြေအနေများ၊ ခရီးသည်များ အဆင်ပြေချောမွေ့စွာ တည်းခိုနေထိုင်နိုင်ရေး၊ ကောင်းမွန်သည့် ဝန်ဆောင်မှုများပေးနိုင်ရေး၊ ဟိုတယ်အတွင်း /အပြင် သန့်ရှင်းသာယာလှပရေးနှင့် ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် ရေကူးကန် တည်ဆောက်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ချောင်းသာမြို့ရှိ အနောက်တောင်တိုင်းစစ်ဌာနချုပ် ဧည့်ရိပ်သာသို့ သွားရောက်ကာ ရိပ်သာတွင် အပန်းဖြေတည်းခိုနေသည့် နိုင်ငံတော်အတွက် ကိုယ်လက်အင်္ဂါများ စွန့်လွှတ်ခဲ့သော တပ်မတော်အရာရှိ စစ်သည်များကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကာ အားပေးစကားပြောကြားပြီး တစ်ဦးချင်းစီအား ထောက်ပံ့ကြေးငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ကွမ်းခြံကုန်းမြို့နယ် တော်လန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ) ရန်ပုံငွေ ဒုတိယအကြိမ်ထုတ်ချေး

ရန်ကုန် ဇန်နဝါရီ ၁၀

ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တော်လန်းကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) ရန်ပုံငွေ ဒုတိယအကြိမ်ထုတ်ချေးခြင်းကို ဇန်နဝါရီ ၉ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပသည်။

ထိုသို့ ထုတ်ချေးရာတွင် ကွမ်းခြံကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုသီတာလင်းက စီမံကိန်းဆောင်ရွက်ခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများနှင့် စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းများ၊ ကာလသတ်မှတ်ချက်များ လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများနှင့် ရန်ပုံငွေထုတ်ချေးသည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) လုပ်ငန်းအဖွဲ့ဝင်များထံသို့ စီမံကိန်းရန်ပုံငွေကျပ် ၁၀ ဒသမ ၂၉၆ သန်း လွှဲပြောင်းပေးအပ်ခဲ့ကြပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) လုပ်ငန်းအဖွဲ့ဝင်များက ကျေးရွာရှိ နေကြာစိုက်တောင်သူ ၁၈ဦး ထံသို့ စီမံကိန်းရန်ပုံငွေ ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# အမှတ်(၈)စက်မှုသင်တန်းကျောင်း (သထုံ) လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနား ကျင်းပ



နေပြည်တော် ဇန်နဝါရီ ၁၀

အမှတ်(၈) စက်မှုသင်တန်းကျောင်း (သထုံ) လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်၊ စက်မှုဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အိန္ဒိယနိုင်ငံသံရုံးမှ ဒုတိယသံအမတ်ကြီး Mr. Ashish Sharma နှင့် ဆက်ဆံရေးအရာရှိ Ms. Yadav၊ HMT International Ltd. မှ အထွေထွေမန်နေဂျာ Mr. Y. K. Vaish နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**လေ့ကျင့်ရေးသင်တန်းကျောင်းအဖြစ် ဖွင့်လှစ်တော့မည်**

ဦးစွာ အမှတ်(၈)စက်မှုသင်တန်းကျောင်း (သထုံ) စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် အခြေအနေများကို Video Clip ဖြင့်ပြသပြီး စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အမှတ်(၈)စက်မှုသင်တန်းကျောင်း (သထုံ) သည် အသိဉာဏ်ပညာ ဖွံ့ဖြိုးတိုးတက်မှု ရရှိနိုင်စေမည့် လေ့ကျင့်ရေးသင်တန်းကျောင်းအဖြစ် ဖွင့်လှစ်ဆောင်ရွက်တော့မည်ဖြစ်ကြောင်း၊ အဆိုပါ သင်တန်းကျောင်းသည် အိန္ဒိယအစိုးရ၏ အထောက်အပံ့ဖြင့် မြန်မာနိုင်ငံနှင့် HMT International Ltd. (India) တို့ ပူးပေါင်းဆောင်ရွက် တည်ထောင်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုသင်တန်းကျောင်းကို အကောင်အထည်ဖော်နိုင်ခြင်းသည် မြန်မာနိုင်ငံ၏ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုမည်ဖြစ်ကြောင်း၊ စက်မှုဝန်ကြီးဌာနအနေဖြင့် ခေတ်မီနည်းပညာများ လေ့ကျင့်သင်ကြားပေးနိုင်မည်ဖြစ်၍ လူ့စွမ်းအားအရင်းအမြစ် မြှင့်တင်ပေးနိုင်မည့် မျှော်မှန်းချက်အား ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း။

ယခုသင်တန်းကျောင်းသည် မြန်မာနိုင်ငံ၏ TVET ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးတွင် စက်မှုဝန်ကြီးဌာန၏ အဋ္ဌမမြောက် အောင်မြင်မှုအဖြစ် ဖြစ်တည်လာခဲ့ပြီး ရော်ဘာနည်းပညာသင်တန်းကို ပထမဆုံးဖွင့်လှစ်မည့် ထူးထူးခြားခြား သင်တန်းကျောင်းလည်း ဖြစ်ကြောင်း၊ ထို့ပြင် မြန်မာနိုင်ငံအောက်ပိုင်းတွင် စတင်ဖွင့်လှစ်သည့် သင်တန်းကျောင်းတစ်ခုအဖြစ် မိမိတို့၏ ကြိုးပမ်းအားထုတ်မှု မှတ်တိုင်အဖြစ် ထင်ရှားနေမည် ဖြစ်ကြောင်း၊ မြန်မာနိုင်ငံရှိ လူငယ်များအတွက် အရည်အသွေးပြည့်မီသော သက်မွေးပညာရေးအား သင်ယူတတ်မြောက်စေရန်၊ စီးပွားရေးတိုးတက်စေရန် ရည်ရွယ်၍ စက်မှုသင်တန်းကျောင်းအား တည်ထောင်ခဲ့ခြင်းဖြစ်သဖြင့် အိန္ဒိယနိုင်ငံအစိုးရကို အထူးပင်ကျေးဇူးတင်ရှိကြောင်း၊ စက်မှုသင်တန်းကျောင်းသည် မြန်မာနိုင်ငံ လူငယ်များအတွက် အကန့်အသတ်မရှိသော အခွင့်အလမ်းများ၊ အိပ်မက်များ၊ စိတ်ကူးစိတ်သန်းများ လွတ်လပ်စွာ မွေးဖွားပေးနိုင်သည့် လေ့ကျင့်ရေးသင်တန်းကျောင်း တစ်ခုဖြစ်လာပါစေဟု ဆန္ဒပြုအပ်ကြောင်း၊ နောင်လာမည့် မျိုးဆက်သစ်များအတွက် အမှတ်(၈)စက်မှုသင်တန်းကျောင်း (သထုံ) သည် ဂုဏ်ယူစရာ အရင်းအမြစ်တစ်ခုအဖြစ် အမြဲတမ်းအောင်မြင်မှု ရရှိပါစေကြောင်း ဆုမွန်ကောင်းတောင်းပါကြောင်း ပြောကြားသည်။

ဆက်လက်၍ အိန္ဒိယနိုင်ငံသံရုံး ဒုတိယသံအမတ်ကြီးက မြန်မာနိုင်ငံ၏ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေရေးနှင့် ထုတ်ကုန်အရည်အသွေးများ တိုးတက်ကောင်းမွန်စေရေးတို့အတွက် အမှတ် (၄) စက်မှုသင်တန်းကျောင်း (ပခုက္ကူ)၊ အမှတ်(၆) စက်မှုသင်တန်းကျောင်း (မြင်းခြံ) တို့ကို ဖွင့်လှစ်နိုင်ရေးအတွက် ကူညီဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း၊ ယခုလွှဲပြောင်းပေးသည့် အမှတ်(၈)စက်မှုသင်တန်းကျောင်း (သထုံ)ကိုပါ ဖွင့်လှစ်နိုင်ရေးကူညီဆောင်ရွက်ပေးခဲ့သဖြင့် မြန်မာနိုင်ငံတွင် စက်မှုသင်တန်းကျောင်း သုံးကျောင်းအား ထောက်ပံ့ပေးခဲ့ပြီးဖြစ်ကြောင်း၊ ထို့ပြင် အမှတ်(၇)စက်မှုသင်တန်းကျောင်း (မုံရွာ)အား ဖွင့်လှစ်နိုင်ရေး စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အိန္ဒိယနိုင်ငံအစိုးရအနေဖြင့် မြန်မာနိုင်ငံစက်မှုလက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ကူညီ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် HMT International Ltd. မှ အထွေထွေမန်နေဂျာ Mr. Y. K. Vaish နှင့် စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က ကျေးဇူးတင်စကားများ ပြောကြားကြပြီး စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် HMT International Ltd. မှ အထွေထွေမန်နေဂျာတို့သည် အမှတ်(၈)စက်မှုသင်တန်းကျောင်း (သထုံ) လွှဲပြောင်းလက်ခံမှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။ ယင်းနောက် အမှတ်(၈)စက်မှုသင်တန်းကျောင်း (သထုံ) လွှဲပြောင်းခြင်းအထိမ်းအမှတ် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်လဲလှယ်ပေးအပ်ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်၍ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

အဆိုပါ အမှတ်(၈) စက်မှုသင်တန်းကျောင်း (သထုံ)တွင် Rubber Technology, CNC, Machinist, Electrician, Welder, IT ဘာသာရပ်များကို လေ့ကျင့်သင်ကြားပေးသွားမည်ဖြစ်ပြီး သင်တန်းကျောင်းအနေဖြင့် ကျွမ်းကျင်မှုအခြေပြု ရက်တိုသင်တန်း နှစ်ကြိမ် ဖွင့်လှစ်ခဲ့ပြီးဖြစ်သည်။ ထို့ပြင် ပုံမှန်တစ်နှစ်သင်တန်းများကို ယခုနှစ်အတွင်း ဖွင့်လှစ်နိုင်ရေးစီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးမြင့်စိုး မြို့ကုန်းကျေးရွာ စောနေလတန်ဖိုးမြင့် စားသောက်ကုန်ထုတ်လုပ်ငန်းများ အားပေးကြည့်ရှု



နေပြည်တော် ဇန်နဝါရီ ၁၀

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ညနေပိုင်းက နေပြည်တော် ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတွင် လုပ်ငန်းမှတ်ပုံတင်ကာ တန်ဖိုးမြင့်စားသောက်ကုန်များ ထုတ်လုပ်နေသော ဥယျာဉ်စုကျေးရွာအုပ်စု မြို့ကုန်းကျေးရွာရှိ စောနေလ စိုက်ပျိုးရေးနှင့် စားသောက်ကုန်ထုတ်လုပ်ဖြန့်ချိရေး လုပ်ငန်းသို့ သွားရောက်ကြည့်ရှုအားပေးသည်။

**ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေး**

ကြည့်ရှုအားပေးစဉ် လုပ်ငန်းရှင် ဦးသူရိန်က ဆီးတော်ဖီ၊ သရက်သီးသနပ်၊ သရက်ပျဉ်၊ သံပရာသီးသနပ်၊ သံပရာယို၊ နနွင်းမှုန့်၊ တောရှောက်ယှားရည်နှင့် ရေတိသီးနှမ်းကပ်ကြော် ထုတ်လုပ်မှုလုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက တန်ဖိုးမြင့် ထုတ်ကုန်များ ပိုမိုအဆင့်မီစွာ ထုတ်လုပ်နိုင်ရေးအတွက် မိမိတို့ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနကလည်း ပူးပေါင်းကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ဒေသတွင်းတောင်သူများ၏ ထွက်ကုန်သီးနှံများကိုလည်း ဝယ်ယူအသုံးပြုသွားရေး တိုက်တွန်းမှာကြားပြီး စားသောက်ကုန်ထုတ်လုပ်နေမှုများကို ကြည့်ရှုအားပေးကာ လုပ်ငန်းလိုအပ်ချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် မြို့ကုန်းကျေးရွာ စုပေါင်းခန်းမတွင် ကျေးရွာသူ ကျေးရွာသားများနှင့် တွေ့ဆုံကာ ကျေးရွာတွင် စပါးစိုက်ဧက ၁၀၀ ကျော်ရှိသဖြင့် စိုက်ပျိုးရေးသမဝါယမအသင်းများ ဖွဲ့စည်း၍ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် အထွက်တိုးစပါးမျိုးများ စိုက်ပျိုးသွားကြရေး၊ ဆီထွက်သီးနှံ မြေပဲနှင့် နှမ်း အောင်မြင်ဖြစ်ထွန်းအောင် စိုက်ပျိုးရေး၊ မိမိတို့ဝန်ကြီးဌာနက အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေ မိသားစုဝင်ငွေတိုးရေး စီမံကိန်းဖြင့် ဖွင့်လှစ်သင်ကြားပေးခဲ့သော မုန့်လုပ်နည်းသင်တန်း တက်ရောက်ခဲ့သည့် သင်တန်းသား သင်တန်းသူများအနေဖြင့် ထောက်ပံ့ပေးထားသော စက်ပစ္စည်းများဖြင့် စီးပွားဖြစ် ထုတ်လုပ်ရောင်းချသွားနိုင်ရေး မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် လယ်ဝေးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် အိမ်ခြေ ၂၅ အိမ်၊ လူဦးရေ ၉၈၂ ဦးအတွက် အကျိုးပြုသည့် လေးလက်မ တွင်းနက်တူးဖော်ပြီးစီးမှု၊ ရေဂါလန် ၂၀၀၀ ဆံ့ အမြင့်ရေစင် တည်ဆောက်ပြီးစီးမှု၊ ပေ ၇၀၀၀ ရေပိုက်လိုင်းသွယ်တန်းပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးကာ လုပ်ငန်းလိုအပ်ချက်များအပေါ် ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးသည် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအောက် သမဝါယမစာရင်းရေးစာရင်းကိုင် သက်မွေးပညာသင်တန်းကျောင်းများမှ နေပြည်တော်သို့ လေ့လာရေးခရီးလာရောက်ကြမည့် သင်တန်းသား သင်တန်းသူများ တည်းခိုနေထိုင်ရန် စီစဉ်ထားသော ရွာတော်တည်းခိုရေးစခန်းသို့ သွားရောက်၍ စုဝေးခန်းမဆောင်၊ အိပ်ဆောင်များ၊ ထမင်းစားဆောင်များ၊ ကျန်းမာရေးစောင့်ရှောက်မှုပေးမည့် နေရာတို့ကို လိုက်လံကြည့်ရှုစစ်ဆေး၍ အဆင်ပြေချောမွေ့စွာ တည်းခိုနေထိုင်နိုင်ရေး လိုအပ်သည်များ ညှိနှိုင်းမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ဇလွန်မြို့နယ်၌ ပိုက်ဆံလျှော် စံကွက်ရိတ်သိမ်းခြင်းနှင့် နွေစပါးမျိုးစေ့ထုတ်စိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲ ကျင်းပ

ဇလွန် ဇန်နဝါရီ ၁၀

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ကော့ကပ်ကလေးကျေးရွာ တောင်သူဒေါ်အေးကြိုင်၏ ငါးဧပါးကန်တွင် ၂၀၂၃ - ၂၀၂၄ ခုနှစ် ဆောင်းသီးနှံပိုက်ဆံလျှော် စံကွက်ရိတ်သိမ်းခြင်းနှင့် ကော့ကပ်ကလေးကျေးရွာ တောင်သူဦးဇော်မင်းသူ၏ လယ်မြေကွင်းအမှတ် ၁၆၄၄၊ ဦးပိုင် (၅/၄) တွင် နွေစပါးမျိုးစေ့ထုတ် စိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲကို ယမန်နေ့နံနက် ၁၀ နာရီတွင် ကျင်းပခဲ့သည်။

ကော့ကပ်ကလေးကျေးရွာ တောင်သူဒေါ်အေးကြိုင်၏ ငါးဧပါးကန်တွင် ၂၀၂၃ - ၂၀၂၄ ခုနှစ် ဆောင်းသီးနှံပိုက်ဆံလျှော် သုည ဒသမ ၁၀ ဧက စံကွက်ရိတ်သိမ်းရာတွင် တစ်ဧကလျှင် ၁၃ ဒသမ ၂၅ တင်းနှုန်း ထွက်ရှိမှုနှင့် တောင်သူဦးဇော်မင်းသူ၏ လယ်မြေကွင်းအမှတ် ၁၆၄၄၊ ဦးပိုင် (၅/၄) တွင် နွေစပါးမျိုးစေ့ထုတ်စိုက်ဧက ငါးဧက စိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲသို့ ဟင်္သာတခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်သန်းဝင်း၊ ဇလွန်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းလင်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စိုက်တိုးမြှင့်အဖွဲ့ဝင်များ ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **ဝေယံ (မြန်/ဆက်)**

# စစ်ရေးနှင့် သက်ဆိုင်ခြင်းမရှိသည့် ဘုရားစေတီပုထိုးများ၊ ဗုဒ္ဓဆင်းတုတော်များအား ဖျက်ဆီးစော်ကားနေသည့် အကြမ်းဖက်သောင်းကျန်းသူများအား ကန့်ကွက်ရှုတ်ချပွဲ ရန်ကုန်မြို့၌ ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၁၀**

စစ်ရေးနှင့် သက်ဆိုင်ခြင်းမရှိသည့် ဘုရားစေတီပုထိုးများ၊ ဗုဒ္ဓဆင်းတုတော်များအား ဖျက်ဆီးစော်ကားနေသည့် အကြမ်းဖက်သောင်းကျန်းသူများအား ကန့်ကွက်ရှုတ်ချပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ မြို့တော်ခန်းမရှေ့ရှိ မဟာဗန္ဓုလပန်းခြံဘေး၌ ကျင်းပသည်။

**ကြွေးကြော်သံများ ကြွေးကြော်**

ဦးစွာ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မျိုးချစ်ပြည်သူများက သမ္ဗုတရုပ်ရှင်ရုံရှေ့စုရပ်မှ ဆူးလေစေတီလမ်းမကြီးတစ်လျှောက် ချီတက်ကာ ကြွေးကြော်သံများ ကြွေးကြော်၍ အခမ်းအနားကျင်းပမည့်နေရာသို့ ဝင်ရောက်နေရာယူကြသည်။

ထို့နောက် ကန့်ကွက်ရှုတ်ချပွဲကို ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မျိုးချစ်ပြည်သူများက နိုင်ငံတော်သီချင်းကို သံပြိုင်သီဆိုကြသည်။

ယင်းနောက် ကန့်ကွက်ရှုတ်ချကြောင်း ဟောပြောခဲ့ကြသည်။

အဆိုပါ ကန့်ကွက်ရှုတ်ချပွဲတွင် ကြွေးကြော်သည့်ကြွေးကြော်သံများမှာ သာသနာကို ဖျက်ဆီးနေသော အကြမ်းဖက်သူပုန်များအား ရှင်းလင်းရေး (ဒို့အရေး)၊ ဗုဒ္ဓသာသနာအား အကြမ်းဖက်ဖျက်ဆီးနေသော သူပုန်များ(ကျရှုံးပါစေ)၊ လူသတ်အကြမ်းဖက်သူပုန်မှန်သမျှ(ဆန့်ကျင်ကြ)၊ ဗုဒ္ဓသာသနာကို အကြမ်းဖက်ဖျက်ဆီးနေသော လူသတ်မိစ္ဆာသူပုန်များအား ရှင်းလင်းရေး(ဒို့အရေး)၊ မြန်မာနိုင်ငံသား ဗုဒ္ဓဘာသာဝင် တိုင်းရင်းသားများ ကိုးကွယ်ယုံကြည်သည့် ဘုရား၊ စေတီ၊ ဆင်းတုတော်များအား ဖျက်ဆီးသူ(ဒို့ရန်သူ)၊ ဘုရား၊ စေတီ၊ ဆင်းတုတော်များကို ဖျက်ဆီးနေသော ပြည်ဖျက်မိစ္ဆာ သောင်းကျန်းသူများ (ကျရှုံးပါစေ)၊ ဗုဒ္ဓဘာသာဝင်များ အထွတ်အမြတ်ထားရာ ဘုရား၊ စေတီများအား စော်ကားဖျက်ဆီးသူ (ဒို့ရန်သူ)၊ ဒို့ဘာသာ၊ ဒို့သာသနာ၊ ဒို့ယဉ်ကျေးမှု ဖျက်ဆီးစော်ကားသူများအား (ဆန့်ကျင်ကြ)၊ အကြမ်းဖက်အားပေး လောက်ကောင်များအား (အလိုမရှိ)၊ သာသနာဖျက်အကြမ်းဖက်သမားများ (အလိုမရှိ) တို့ဖြစ်ကြောင်း သိရသည်။



**ကန့်ကွက်ရှုတ်ချ**

ထို့ပြင် MNDAA အကြမ်းဖက်သောင်းကျန်းသူများသည် ရှမ်းပြည်နယ် (မြောက်ပိုင်း) အတွင်း တိုက်ပွဲဖြစ်ပွားခဲ့သည့် ဒေသတစ်လျှောက်တွင်ရှိသည့် စစ်ရေးနှင့် မသက်ဆိုင်သော ဘုရားစေတီများနှင့် ဘာသာရေးဆိုင်ရာ အဆောက်အအုံများကို ဖျက်ဆီးလျက်ရှိသဖြင့် မန္တလေးမြို့ရှိ ဗုဒ္ဓဘာသာဝင်ရဟန်းရှင်လူပြည်သူများအနေဖြင့် ၎င်းတို့၏ အကြမ်းဖက်လုပ်ရပ်များအပေါ် လုံးဝလက်မခံနိုင်ဘဲ ယမန်နေ့က ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပွဲပြုလုပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# လွိုင်လင်မြို့တွင် လမ်းလုပ်ငန်းအတွက် လုပ်ငန်းသုံးပစ္စည်းများဝယ်ယူခြင်း စက်ယန္တရားဝန်ဆောင်မှုရယူခြင်းအတွက် အိတ်ဖွင့်တင်ဒါဖွင့်ပွဲပြုလုပ်

**လွိုင်လင် ဇန်နဝါရီ ၁၀**

ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်မြို့ လမ်းဦးစီးဌာန ကြီးကြပ်ရေးအဖွဲ့က ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွက် လွိုင်လင်ခရိုင်အတွင်း ပြည်နယ် ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများအတွက် လုပ်ငန်းသုံးပစ္စည်းများ ဝယ်ယူခြင်းနှင့် ပြည်နယ် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများအတွက် လိုအပ်သော ယန္တရား (လမ်းကြိတ်စက်) ဝန်ဆောင်မှုရယူခြင်း အိတ်ဖွင့်တင်ဒါ (၂/၂၀၂၃-၂၀၂၄) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက လမ်းဦးစီးဌာန ကြီးကြပ်ရေးအဖွဲ့ရုံးတွင် ကျင်းပသည်။



ဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကံစောလှိုင်က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် လမ်းဦးစီးဌာန ကြီးကြပ်ရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ) က တင်ဒါစည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး တင်ဒါတင်သွင်းသူများက လုပ်ငန်းများအတွက် တင်ဒါများကို ပထမအကြိမ်၊ ဒုတိယအကြိမ်နှင့် တတိယအကြိမ် တင်သွင်းကြရာ တင်ဒါကြီးကြပ်ရေးအဖွဲ့ဝင်များက စိစစ်အတည်ပြုကြသည်။ ဆက်လက်၍ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# ရမည်းသင်းမြို့၌ ပညာရေးစုံညီပွဲတော် ကျင်းပ

**ရမည်းသင်း ဇန်နဝါရီ ၁၀**

ရမည်းသင်းမြို့ အမှတ်(၅)မြို့မ အခြေခံပညာအထက်တန်းကျောင်း ဘက်စုံသုံးခန်းမအတွင်း ယနေ့နံနက် ၉ နာရီက ပညာရေးစုံညီပွဲတော် ကျင်းပသည်။

အခမ်းအနားတွင် ကျောင်းအုပ်ဆရာကြီး ဦးအောင်အောင်ဦးက အဖွင့်အမှာစကားပြောကြားပြီး ကျောင်းသားမိဘဆရာအသင်း အကျိုးဆောင်ဥက္ကဋ္ဌ ဦးမြတ်မင်းစိုးက ဗလငါးတန် ဦးတည်၍ ပညာသင်ကြားရခြင်းအကြောင်း ရှင်းလင်းပြီး ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် ဘက်စုံ/ပညာရည်ချွန်ဆုများကို ကျောင်းအကျိုးဆောင်နာယက ဦးတင်ဦးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဆုများ ချီးမြှင့်ကြသည်။

**၁၄၄**

○ ချယ်လ်ဆီးအသင်းမှ

မစ်ဒယ်ဘာရော့အသင်းအတွက် ဒုတိယမြောက်သွင်းဂိုးလည်းဖြစ်ပါတယ်။

ချယ်လ်ဆီးအသင်းဟာ အခုပွဲစဉ်မှာ ဂိုးပေါက်ကန်သွင်းမှု ၁၈ ကြိမ် ရရှိခဲ့ရာ ငါးကြိမ် ဂိုးပေါက်တည့်ခဲ့ပေမယ့် တစ်ဂိုးမှ မရယူနိုင်ခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် နည်းပြပိုချက်တီနိုက အသင်းရဲ့ စွမ်းဆောင်ရည်နဲ့ ပတ်သက်ပြီး ပြောဖို့တောင်ခက်တယ်လို့ဆိုပါတယ်။

ချယ်လ်ဆီးအသင်းနဲ့ မစ်ဒယ်ဘာရော့အသင်းတို့ရဲ့ အီးအက်ဖ်အယ်လ်ဖလားပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့် ဒုတိယအကျော့ပွဲစဉ်ကို ဇန်နဝါရီ ၂၃ ရက်မှာ ယှဉ်ပြိုင်သွားမှာဖြစ်ပြီး အခြားသောဆီမီးဖိုင်နယ်အဆင့်မှာတော့ လီဗာပူးအသင်းနဲ့ ဖူလ်ဟမ်အသင်းတို့ တွေ့ဆုံနေတာဖြစ်ပါတယ်။

**ငွေကြယ်**

# အလုပ်ခွင်ပြင်ပထိခိုက်သေဆုံးမှု အကျိုးခံစားခွင့်ထုတ်ပေး



**မှော်ဘီ ဇန်နဝါရီ ၁၀**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျုံးဝင်မှတ်ပုံတင်ထားသော Pacific Steel Co.,Ltd. စက်ရုံမှ အာမခံအလုပ်သမားအတွက် ကျန်ရစ်သူ အကျိုးခံစားခွင့် ငွေလုံးငွေရင်းထုတ်ပေးခြင်းကို ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် ဘားလမ်းရှိ တိုင်းဒေသကြီးလူမှုဖူလုံရေးရုံး အစည်းအဝေးခန်းမ၌ ဇန်နဝါရီ ၉ ရက် ညနေပိုင်းက ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး လူမှုဖူလုံရေးတာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းနွဲ့ဦးက ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေပါသိကောင်းစရာများကို ရှင်းလင်းပြောကြားပြီး မှော်ဘီမြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျုံးဝင်မှတ်ပုံတင်ထားသော Pacific Steel Co.,Ltd. စက်ရုံမှ အာမခံအလုပ်သမား ဦးအေးလင်းဇော်၏ အလုပ်ခွင်ပြင်ပတွင် ထိခိုက်မှုကြောင့် သေဆုံးမှုအတွက် ကျန်ရစ်သူ အကျိုးခံစားခွင့် ခွင့်ပြုငွေကျပ် ၄၃၂၀၀၀၀ ကို ဇနီးဖြစ်သူ ဒေါ်မေဇင်ဦးအား ထုတ်ပေးခဲ့ကြောင်း သိရသည်။

**ဝင်းဇော်(မှော်ဘီ)**

# ကျောက်တန်းမြို့နယ်တွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ကျောက်တန်း ဇန်နဝါရီ ၁၀**

ကျောက်တန်းမြို့နယ်တွင် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်လျက်ရှိသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား သန်လျင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စိုးစိုးမြင့်၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းဝင်းလတ်နှင့်တာဝန်ရှိသူများသည် ဇန်နဝါရီ ၉ ရက် နံနက် ၉ နာရီက ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

ဒေသအတွင်း ရွက်သစ်ဝေကုမ္ပဏီက တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ပါဒကြီးကျေးရွာ ကုန်ထုတ်မြေသားလမ်းခင်းခြင်းလုပ်ငန်းများကိုလည်းကောင်း၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိသော လုပ်ငန်းများကိုလည်းကောင်း ကွင်းဆင်းစစ်ဆေးခဲ့ကြပြီး လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်သွားကြရန် မှာကြားခဲ့ကြသည်။

ထို့နောက် ကန်ပြောင်ကျေးရွာ Smart Village ကော်မတီဝင်များနှင့် တွေ့ဆုံပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြသည်။

**ဘော်ဂါသွေး**



# နတ်သံကွင်းရဲစခန်းကို အကြမ်းဖက်သမားများ လာရောက်တိုက်ခိုက်သည့်ဖြစ်စဉ်တွင် စွမ်းစွမ်းတမံပါဝင်ဆောင်ရွက်ခဲ့ကြသည့် တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအား ဂုဏ်ပြုချီးမြှင့်



ဒုတိယဗိုလ်ချုပ်ကြီး တေဇကျော် နတ်သံကွင်းရဲစခန်းကို အကြမ်းဖက်သမားများ လာရောက်တိုက်ခိုက်သည့်ဖြစ်စဉ်တွင် စွမ်းစွမ်းတမံပါဝင်ဆောင်ရွက်ခဲ့ကြသည့် တပ်မတော်သား အရာရှိ၊ စစ်သည်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်စဉ်။

**နေပြည်တော် ဇန်နဝါရီ ၁၀**

တောင်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေအတွင်းရှိ နတ်သံကွင်းရဲစခန်းကို အကြမ်းဖက်သမားများ လာရောက်တိုက်ခိုက်သည့်ဖြစ်စဉ်တွင် စွမ်းစွမ်းတမံ ပါဝင်ဆောင်ရွက်ခဲ့ကြသည့် တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအား ဂုဏ်ပြုချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် တောင်ငူလေတပ်စခန်းဌာနချုပ်၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး တေဇကျော်၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်သိုက်၊ တောင်ငူတပ်နယ်မှ တာဝန်ရှိသူများ၊ အရာရှိ/စစ်သည်များနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး တေဇကျော်က ဂုဏ်ပြုအမှာစကားပြောကြားပြီး နတ်သံကွင်းရဲစခန်းအား အကြမ်းဖက်သမားများ လာရောက်တိုက်ခိုက်သည့်ဖြစ်စဉ်တွင် စွမ်းစွမ်းတမံ ပါဝင်ဆောင်ရွက်ခဲ့ကြသည့် တပ်မတော်သားအရာရှိ၊ စစ်သည်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေများကို ပေးအပ်ရာ အရာရှိ၊ စစ်သည် နှစ်ဦးကလည်းကောင်း၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးက ဖြစ်စဉ်တွင်ပါဝင်ခဲ့ကြသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေများကို ပေးအပ်ရာ ရဲတပ်ဖွဲ့ဝင် နှစ်ဦးကလည်းကောင်း လက်ခံရယူကြသည်။ ယင်းနောက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး တေဇကျော်နှင့် အဖွဲ့ဝင်များသည် အရာရှိ၊ စစ်သည်များနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြပြီး ဖြစ်စဉ်တွင် အကြမ်းဖက်သမားများထံမှရရှိခဲ့သည့် လက်နက်၊ ခဲယမ်းများကို ကြည့်ရှုကြသည်။

ထို့နောက် နတ်သံကွင်းရဲစခန်းကို အကြမ်းဖက်သမားများ လာရောက်တိုက်ခိုက်သည့်ဖြစ်စဉ်တွင် စွမ်းစွမ်းတမံ ပါဝင်ဆောင်ရွက်ခဲ့ကြသည့် တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအား နယ်မြေခံတပ်မတော်ထောက်ပံ့နှင့် ပို့ဆောင်ရေးကျောင်း ဘုရင့်နောင်ခန်းမ၌ ဂုဏ်ပြုနေ့လယ်စာဖြင့် ဧည့်ခံကျွေးမွေးကြသည်။



နတ်သံကွင်းရဲစခန်းဖြစ်စဉ်တွင် သိမ်းဆည်းရမိခဲ့သည့် လက်နက်ခဲယမ်းများ မှတ်တမ်းဓာတ်ပုံ။

တောင်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေအတွင်း ရန်ကုန်-မန္တလေး ကားလမ်းဟောင်းပေါ်ရှိ ပဲနွယ်ကုန်းမြို့နှင့် ကျောက်ကြီးမြို့ကို ဆက်သွယ်ထားသော ၁၇ မိုင်ရှည်လျားသည့် လမ်းကြောင်းပေါ်မှ စစ်တောင်းမြစ်အား ဖြတ်ကူးသော နတ်သံကွင်းတံတား အရှေ့ခြမ်း/အနောက်ခြမ်းတို့ရှိ လုံခြုံရေးအဖွဲ့များနှင့် နတ်သံကွင်းမြို့တွင်းရှိ မြို့နယ်ရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များ အခြေပြုနေထိုင်သည့် နတ်သံကွင်းရဲစခန်းအား KNLA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များမှ ၂၀၂၃ ခုနှစ် နိုဝင်ဘာလမှ စတင်ပြီး သွေးတိုးစမ်း ချောင်းမြောင်းပစ်ခတ်ခြင်း၊ ၎င်းတို့အကျိုးအမြတ်ရရှိရေး အဖွဲ့ငယ်များအား စနိုက်ပါဖြင့် လှည့်စားနှောင့်ယှက်ပစ်ခတ်ခြင်းနှင့် နတ်သံကွင်းရွာဝန်းကျင်၌ ၎င်းတို့အင်အားတိုးမြှင့်ချထား၍ ဆက်သွယ်ရေးလမ်းကြောင်းနှင့် ရိက္ခာဖြတ်တောက် ပိတ်ဆို့ခြင်းတို့ ဆောင်ရွက်ခဲ့ပြီး ဒီဇင်ဘာ ၂၆ ရက်မှစ၍ အကြမ်းဖက် ပူးပေါင်းအင်အား ၂၀၀ ခန့်ဖြင့် အပြင်းအထန် ပစ်ခတ်တိုက်ခိုက်လာခဲ့သည်။

အကြမ်းဖက်သောင်းကျန်းသူများသည် ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၂၆ ရက်မှ ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၇ ရက်ထိ ၁၃ ရက်တိုင်တိုင် စခန်းပတ်လည်နေရာတို့မှ ထိန်းချုပ်၍ ပစ်ခတ်တိုက်ခိုက်ခြင်းများ ဆက်တိုက်ဆောင်ရွက်သော်လည်း စခန်းအတွင်းရှိ အရာရှိ၊ စစ်သည်၊ ရဲတပ်ဖွဲ့ဝင်များအနေဖြင့် ရှုပ်ရှုပ်ချွံချွံ တန်ပြန်တိုက်ခိုက်ခဲ့မှု၊ လိုအပ်သည့်ရိက္ခာနှင့် ခဲယမ်းများအား လေကြောင်းမှ ပို့ဆောင်ပေးနိုင်ခဲ့မှု၊ ထိရောက်သည့် စစ်ကူ၊ ပစ်ကူများ ပေးနိုင်ခဲ့မှုတို့ကြောင့် အကြမ်းဖက်သမားများသည် ဇန်နဝါရီ ၇ ရက် ညနေပိုင်းတွင် အထိနာစွာ ဆုတ်ခွာသွားခဲ့ပြီး ၎င်းတို့ထံမှ လက်နက်၊ ခဲယမ်းများ သိမ်းဆည်းရမိခဲ့သည်။

တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအနေဖြင့် နတ်သံကွင်းမြို့တွင်းနှင့် ပတ်ဝန်းကျင်တစ်ဝိုက်အား လိုအပ်သည့် နယ်မြေလုံခြုံရေးနှင့် မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ အကြမ်းဖက်သမားများ၏ လူမဆန်စွာ ဖျက်ဆီးမီးရှို့ခြင်း ဆောင်ရွက်ခဲ့သည့် မြို့တွင်းရှိ လူနေအဆောက်အအုံများ၊ အစိုးရရုံးများ၊ ဌာနဆိုင်ရာ အဆောက်အအုံများ၊ အဖွဲ့အစည်းပိုင်နေအိမ်နှင့် အဆောက်အအုံများ ပျက်စီးနေခြင်းတို့အား တွေ့ရှိမှတ်တမ်းတင်နိုင်ခဲ့ပြီး နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်ကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော အရာရှိ၊ စစ်သည်များနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအနေဖြင့် နတ်သံကွင်းဒေသအတွင်း အကြမ်းဖက်သမားများ စိုးမိုးမှုမရှိစေရေးနှင့် တရားဥပဒေစိုးမိုးရေး၊ နယ်မြေလုံခြုံရေးအတွက် လိုအပ်သည့်နယ်မြေလုံခြုံရေးလုပ်ငန်းများအား ဆက်လက်ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ကျိုက်ထိုမြို့နယ်၌ ငွေကျပ် ၁ ဒသမ ၇ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၈ ဒသမ ၅၆ သိန်း သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၁၀**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်တွင် ငွေကျပ် ၁ ဒသမ ၇ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၈ ဒသမ ၅၆ သိန်း သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၃ ရက် နံနက် ၁၀ နာရီတွင် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် မရမ်းချောင်ကျေးရွာအနီးတွင် ပဲခူးမှ ကော့သောင်းသို့သူရဝင်း မောင်းနှင်ပြီး ၎င်း၏ဇနီး မအေးသန္တာအောင်နှင့် မဖူးဖူးဝေတို့ လိုက်ပါလာသည့် Landcruiser Prado ယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်ပေါ်မှ ဒေသကာလတန်ဖိုး ငွေကျပ် ၁ ဒသမ ၇ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွ ရူးသွပ်ဆေးပြား ၈ ဒသမ ၅၆ သိန်း သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေး ဖော်ထုတ်ချက်များအရ ဇန်နဝါရီ ၄ ရက်တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သယ်ဆောင်ရောင်းဝယ်ရာတွင် ပူးပေါင်းပါဝင်သူများဖြစ်သည့် ကိုရှည်(ခ)ကျော်ထက် အား ကော့သောင်းမြို့ ရွှေပြည်သာရပ်ကွက်တွင် လည်းကောင်း၊ ခင်ဇော်မြင့်အား ကော့သောင်းမြို့ အေးရိပ်ငြိမ် ရပ်ကွက်တွင် လည်းကောင်း ဖမ်းဆီးရမိခဲ့ကြောင်း၊ ဆက်လက်၍ ပူးပေါင်းအဖွဲ့သည် ဖမ်းမိတရားခံ သူရဝင်းနှင့် မအေးသန္တာအောင်တို့ နေထိုင်သည့် ထားဝယ်မြို့ ဗျောတောဝရပ်ကွက် သီရိမင်္ဂလာလမ်းသွယ်ရှိ နေအိမ်မှ စိတ်ကြွ ရူးသွပ်ဆေးပြားများ သယ်ဆောင် ရောင်းဝယ်ရာတွင် အသုံးပြုသည့် Toyota FJ Cruiser ယာဉ်တစ်စီး၊ ဆိုင်ကယ်နှစ်စီးနှင့် မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်ရာမှရရှိသည့် မြန်မာငွေကျပ် ၇၉ ဒသမ ၈၅ သိန်း၊ ထိုင်းဘတ်ငွေ ၆၀၀၀၊ ရွှေထည်ပစ္စည်းမျိုးစုံ ၃၉ မျိုး (တန်ဖိုးငွေကျပ် ၉၃၄ သိန်းခန့်) တို့ကို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ စိတ်ကြွရူးသွပ် ဆေးပြားများအား ရှမ်းပြည်နယ် တောင်ကြီးမှ တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းသို့သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်း သိရသဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်းနှင့် အမှုတွင် ဆက်စပ်ပါဝင်သူများ ပိုင်ဆိုင်သည့် ရွှေ၊ ငွေ၊ အဖိုးတန်ပစ္စည်းများနှင့် ပိုင်ဆိုင်မှုများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ရေးအတွက် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေဖြင့် ဆက်လက်အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။


ပြစ်မှုကျူးလွန်သူများအား သိမ်းဆည်းရမိသည့် သက်သေခံပစ္စည်းများနှင့်အတူ တွေ့ရစဉ်။

**သတင်းစဉ်**



# မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး အသိပညာပေး ဟောပြောပွဲ ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၁၀**

ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(ရန်ကုန်) ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် ပညာသင်ယူနေကြသည့် တိုင်းရင်းသားလူငယ်မောင်မယ်များအား မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး အသိပညာပေးဟောပြောပွဲကို ယမန်နေ့မွန်းလွဲ ၂ နာရီတွင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်ရှိ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်) ဘွဲ့နှင်းသဘင်ခန်းမ၌ ပြုလုပ်သည်။

**အသိပညာ ပေးဟောပြော**

အခမ်းအနားတွင် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်)မှ ကျောင်းအုပ်ကြီး ဦးထိန်လင်းက အဖွင့်အမှာစကားပြောကြားပြီး မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ မူးယစ်တပ်ဖွဲ့စု ၄၁(ရန်ကုန်အရှေ့)မှ ဒုတိယရဲမှူး မင်းမင်းထက်က မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးဆိုင်ရာ ဗဟုသုတများ အသိပညာပေး ဟောပြောခဲ့သည်။

**အေးမဥ္ဇူ(ပြန်/ဆက်)**

# အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အရှိန်အဟုန်မပြတ်ဆောင်ရွက်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



ပဲခူး ဇန်နဝါရီ ၁၀

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာ အစည်းအဝေးခန်းမ၌ ယနေ့နံနက်ပိုင်းက တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း ဦးဆောင်၍ ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် တွေ့ဆုံခဲ့ပြီး အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အရှိန်အဟုန်မပြတ်ဆောင်ရွက်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လာမည့် နွေစပါးနှင့် မိုးစပါးအတွက် ပန်းတိုင်အထွက်နှုန်း တိုးတက်ရရှိစေရေး စိုက်နည်းစနစ်များ အသိပညာပေးခြင်း၊ သက်တမ်းတိုးပြီး အထွက်နှုန်းကောင်းသော မျိုးကောင်းမျိုးသန့်များ ကြိုတင်စုဆောင်းထားရမည်ဖြစ်ကြောင်း၊ ပြည်ပမှ တင်သွင်းရသည့် သွင်းအားစုများနှင့်ပတ်သက်၍ လျှော့ချသုံးစွဲနိုင်ရေးအတွက် သဘာဝမြေသြဇာထုတ်လုပ်နိုင်ရေး၊ သစ်စိမ်းမြေသြဇာ(ပိုက်ဆံလျှော်) တိုးချဲ့စိုက်ပျိုးနိုင်ရေးနှင့် မြေဆီလွှာစမ်းသပ်ခြင်းများ ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ဆောင်းသီးနှံစိုက်ရာသီအတွင်း နွေစပါးနှင့် ဟင်းသီးဟင်းရွက်စိုက်ခင်းများအတွက် ဆောင်ရွက်ပေးထားသည့် စိုက်ပျိုးရေရရှိရေးလုပ်ငန်းများ အချိန်မီ ပြီးစီးနိုင်ရေး ကြီးကြပ်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော မွေးမြူရေးလုပ်ငန်းများသည် ယူနစ်အလိုက် တစ်နှစ်လျှင် သတ်မှတ်အကြိမ်ရေ၊ သတ်မှတ်ကောင်ရေအတိုင်း မွေးမြူခြင်း ရှိ/မရှိ စိစစ်ဆောင်ရွက်ရန်နှင့် မြေပြင်စာရင်းဇယားအချက်အလက်များ မှန်ကန်မြန်ဆန်ရေး အထူးအလေးထား ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများက အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အရှိန်အဟုန်မပြတ် ဆက်လက်ဆောင်ရွက်နေမှု အခြေအနေများကို Power Point ဖြင့် အသေးစိတ်ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများက သက်ဆိုင်ရာကဏ္ဍအလိုက် ပူးပေါင်းပါဝင်ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည့် အခြေအနေများအား တင်ပြကြသည်။

၎င်းနောက် တိုင်းဒေသကြီး ဝန်ကြီးများက တင်ပြချက်များနှင့်ပတ်သက်၍ သုံးသပ်အကြံပြုဆွေးနွေးကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က မြို့နယ်တစ်ခုချင်းအလိုက် လိုအပ်သည်များ ဖြည့်စွက်လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကန်ကြီးထောင့် မြို့မဈေးသစ်ဖွင့်ပွဲအခမ်းအနား ကျင်းပ

ကန်ကြီးထောင့် ဇန်နဝါရီ ၁၀

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ်တွင် (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်သော ကန်ကြီးထောင့် မြို့မဈေးသစ် ဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက်က ကျင်းပသည်။

ဦးစွာ အခမ်းအနားတွင် ကန်ကြီးထောင့်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်ကျော်က မြို့မဈေးသစ် ပြန်လည်တည်ဆောက်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ သယံဇာတရေးရာဝန်ကြီးနှင့် ဈေးကော်မတီဥက္ကဋ္ဌတို့က မြို့မဈေးသစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ကြသည်။ ဆက်လက်၍ ကန်ကြီးထောင့် မြို့မဈေးသစ်ဖွင့်ပွဲ အထိမ်းအမှတ် လက်ဆောင်များအား တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများထံသို့ တာဝန်ရှိသူများက ပေးအပ်ကြပြီး မြို့မဈေးသစ်ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

အဆိုပါ ကန်ကြီးထောင့်မြို့နယ် စည်ပင်သာယာမြို့မဈေးသည် ၂၀၂၁ ခုနှစ် ဇွန် ၁ ရက်တွင် မီးလောင်ကျွမ်းခဲ့ပြီး တာဝန်ရှိသူများက ယခင်ဈေး



နေရာတွင် ဈေးသစ်ဆောက်လုပ်နိုင်ရေး တင်ဒါခေါ်ယူခဲ့ရာ Grow Success ကုမ္ပဏီမှ ငွေကျပ် ၄၉၁ ဒသမ ၅ သန်းဖြင့် မေ ၁၁ ရက်မှ စတင်ဆောက်လုပ်ခဲ့ပြီး ဒီဇင်ဘာ ၁၁ ရက်တွင် ဆောက်လုပ်ပြီးစီးခဲ့ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

# ဂေါ်ရန်ဂျီကျွန်းသို့ ဒီဇင်ဘာလအတွင်း ခရီးသွားစိတ်ဝင်စားမှုများပြားခဲ့

ရန်ကုန် ဇန်နဝါရီ ၁၀

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင်ရှိ ဂေါ်ရန်ဂျီကျွန်းသို့ ပြီးခဲ့သည့် ဒီဇင်ဘာလအတွင်း ခရီးသွားစိတ်ဝင်စားမှုရှိခဲ့ပြီး လာရောက်လည်ပတ်သူများခဲ့ကြောင်း ဂေါ်ရန် ဂျီ ခရီးသွားဧည့်လမ်းညွှန်များထံမှ သိရသည်။

ဂေါ်ရန်ဂျီကျွန်းသို့ လမ်းခရီးသွားလာရခက်ခဲမှုများကြောင့် ခရီးသွားလာမှုနည်းပါးသော်လည်း ပြီးခဲ့သည့် ဒီဇင်ဘာလရုံးပိတ်ရက်များတွင် ရန်ကုန်တိုင်းဒေသကြီးအပြင် အခြားဒေသများမှ ပြည်တွင်းခရီးသွားများ စိတ်ဝင်စားမှုရှိပြီး လာရောက်လည်ပတ်ခဲ့ကြကြောင်း ဂေါ်ရန်ဂျီလမ်းညွှန် ကိုကွေကာက ပြောသည်။



"လာတဲ့သူတွေကတော့ နေရာဒေသအမျိုးမျိုးက ရှိပါတယ်။ ကျွန်တော်နဲ့သွားတဲ့ဧည့်သည်တွေကျတော့ ကချင်၊ မိုးကုတ်၊ ရှမ်း၊ မူဆယ်၊ လားရှိုးဘက်တွေက ခရီးသွားတွေပါ" ဟု ဆိုသည်။

ယခင်ကာလကဲ့သို့ ခရီးသွားလာမှုများပြားခြင်းမရှိသော်လည်း ယခုကဲ့သို့ ခရီးသွားပြန်လည်ဝင်ရောက်လာခြင်းသည် ဝမ်းသာစရာတစ်ခုဖြစ်ကြောင်း ၎င်းကဆိုသည်။

"အရင် ၂၀၁၇၊ ၂၀၁၈၊ ၂၀၁၉၊ ၂၀၂၀ လောက်ကလို ခရီးသွားလာမှု ပြန်ပြီးမများသေးပေမယ့် ဒီနှစ်မှာ ပြန်ပြီးစိတ်ဝင်စားလာကြတယ်။ ၂၀၂၁ ကာလ၊ ၂၀၂၂ အစောပိုင်းကာလတွေကဆိုရင် အခြေအနေအမျိုးမျိုးကြောင့် ခရီးသွားလာမှုတွေ သိပ်မရှိခဲ့ဘူး။

ဂေါ်ရန်ဂျီက သွားလာရခက်ခဲတာတွေကြောင့် သွားလာတာနည်းပေမယ့် အခုကလမ်းကလည်း နည်းနည်းကောင်းလာတော့ ကိုယ်ပိုင်ကားလေးတွေနဲ့ လာကြတာတွေရှိတယ်။ ဖေဖော်ဝါရီလမှာဆိုရင်လည်း ရုံးပိတ်ရက် သုံးရက်လောက်ရှိတော့ လာရောက်နိုင်တာမျိုးရှိတယ်"ဟု ၎င်းက ပြောသည်။

MT

# ခရိုင်ဝန်ထမ်းပေါင်းစုံ(GEC) သမဝါယမအသင်းလီမိတက်၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးပြုလုပ်

ကော့သောင်း ဇန်နဝါရီ ၁၀

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ်၌ ခရိုင်ဝန်ထမ်းပေါင်းစုံ(GEC) သမဝါယမအသင်းလီမိတက်၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ယမန်နေ့မွန်းလွဲ ၁ နာရီက မြို့နယ်သမဝါယမဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ဦးစွာ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးရှင်းတမ်းနှင့် အစီရင်ခံစာများကို တာဝန်ရှိသူများက ဖတ်ကြားခဲ့ပြီး အသင်းသား ၄၇၇ ဦး၏ လှည့်ပတ်ရင်းနှီးငွေ ၄၈၄၀၆၂၈၈ ဒသမ ၃၂ ကျပ်ဖြင့် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများမှရရှိသော အစုပေါ်အမြတ်ငွေ ၂၂၆၀၉၇၂ ဒသမ ၆၉ ကျပ်အား အသင်းသားများသို့ ထုတ်ပေးခဲ့သည်။

အဆိုပါအခမ်းအနားသို့ ခရိုင်ဝန်ထမ်းပေါင်းစုံ(GEC) သမဝါယမအသင်းလီမိတက်၏ သဘာပတိ ဦးသောင်းညွန့်နှင့် တာဝန်ရှိသူများ၊ မြို့နယ်သမဝါယမဦးစီးမှူး ဦးသိန်းအောင်နှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသောဧည့်သည်တော်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



# ရမည်းသင်းမြို့နယ်၌ အရန်မီးသတ်တပ်ဖွဲ့ဝင် လေ့ကျင့်ရေး(မွမ်းမံ)သင်တန်းဖွင့်

ရမည်းသင်း ဇန်နဝါရီ ၁၀

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် အမှတ်စဉ်(၁/၂၀၂၄) အရန်မီးသတ်တပ်ဖွဲ့ဝင် လေ့ကျင့်ရေး (မွမ်းမံ) သင်တန်း ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၈ ရက် နံနက် ၉ နာရီက ရမည်းသင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

**လက်ခံရယူ**

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်ရွှေသိန်းက အဖွင့်အမှာစကားပြောကြားခဲ့ပြီး အရန်မီးသတ်တပ်ဖွဲ့ဝင်များအား တူညီဝတ်စုံများ၊ စာရေးကိရိယာများ ပေးအပ်ရာ သင်တန်းသားများက လက်ခံရယူကြသည်။

အဆိုပါအခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးသူရလင်းနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်အတွင်းရှိ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြပြီး အမှတ်စဉ် (၁/၂၀၂၄)အရန်မီးသတ်လေ့ကျင့်ရေး (မွမ်းမံ) သင်တန်းကို အရန်မီးသတ်တပ်ဖွဲ့ဝင် ၃၀ ဖြင့် ဇန်နဝါရီ ၈ ရက်မှ ဖေဖော်ဝါရီ ၂ ရက်အထိ မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို စာတွေ့လက်တွေ့ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## ဂျပန်အလယ်ပိုင်း အီရှီကာဝါစီရင်စုတွင် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေ



**တိုကျို ဇန်နဝါရီ ၁၀**

ဂျပန်အလယ်ပိုင်း အီရှီကာဝါစီရင်စုရှိ ရှာဖွေကယ်ဆယ်ရေး အဖွဲ့များက နှစ်သစ်ကူးနေ့တွင် လှုပ်ခတ်ခဲ့သော ငလျင်ဗဟိုချက်အနီးရှိ နယ်မြေများတွင် အသက်ရှင်ကျန်ရစ်သူများကို ရှာဖွေနေကြပြီး သေဆုံးသူဦးရေမှာ ဆက်လက်မြင့်တက်နေကြောင်း အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်အရ သိရသည်။

အီရှီကာဝါစီရင်စုတွင် အနည်းဆုံး လူ ၂၀၆ ဦး သေဆုံးခဲ့ကြောင်း အတည်ပြုခဲ့သည်။ ရဲတပ်ဖွဲ့က လက်ရှိတွင် ငလျင်လှုပ်ခတ်မှုကြောင့် မီးလောင်မှုဖြစ်ပွားခဲ့သည့် ဝါဂျီမာမြို့တွင် ကယ်ဆယ်မှုများ လုပ်ဆောင်လျက်ရှိသည်။

ယင်းမီးလောင်မှုတွင် စတုရန်းမီတာ ၅၀၀၀၀ လောင်ကျွမ်းခဲ့ပြီး အဆောက်အအုံ ၂၀၀ ကျော်ပျက်စီးခဲ့ကာ ၎င်းနေထိုင်ရာ ပတ်ဝန်းကျင်တွင် နေထိုင်ကြသူများ အားလုံး ပျောက်ဆုံးနေကြောင်း ဒေသခံ အမျိုးသမီးတစ်ဦးက ပြောသည်။

ပျက်စီးနေသော လမ်းများနှင့် ပြင်းထန်သော ဆောင်းရာသီဥတုကြောင့် ကယ်ဆယ်ရေးလုပ်ငန်းများ နှောင့်နှေးလျက်ရှိပြီး ဒေသခံ ၂၆၀၀၀ ကျော်သည် ယာယီအမိုးအကာများတွင် ခိုလှုံနေကြရသည်။

ဝါဂျီမာရှိ အလယ်တန်း၊ အထက်တန်းကျောင်းသား ၄၀၀ ခန့်ကို စီရင်စုရှိ အခြားမြို့နယ်များသို့ ပြောင်းရွှေ့ရန်စီစဉ် ဆောင်ရွက်လျက်ရှိသည်။

ဂျပန်ဝန်ကြီးချုပ် ကီရှီဒါက ဇန်နဝါရီ ၁၃ ရက်တွင် အဆိုပါသဘာဝဘေးဒဏ်သင့်ဒေသများသို့ သွားရောက်ပြီး ထိခိုက်နစ်နာသူများကို ပံ့ပိုးကူညီရန် ဆောင်ရွက်မည်ဖြစ်သည်။

ဂျပန်နိုင်ငံအလယ်ပိုင်း အီရှီကာဝါစီရင်စုမှ ငလျင်ဒဏ်ခံရသည့် နိုင်ငံခြားသားများအတွက် ဘာသာစကားအထောက်အပံ့ပေးသည့် လုပ်ငန်းကို ဆောင်ရွက်လျက်ရှိသည်။ အီရှီကာဝါစီရင်စုတွင် ဗီယက်နမ်၊ တရုတ်၊ အင်ဒိုနီးရှား၊ ထိုင်း၊ မြန်မာ၊ ဂျပန်ဘာသာစကားများဖြင့် ငလျင်ဘေးသင့်သူများအတွက် အကြံညာဏ်ပေးသည့် ဝက်ဘ်ဆိုက်ကို တည်ထောင်ခဲ့သည်။

၎င်းဝက်ဘ်ဆိုက်တွင် အကူအညီတောင်းခံသည့် မက်ဆေ့ချ်များကို ပေးပို့နိုင်ပြီး တာဝန်ရှိသူများက အီးမေးလ်ပေးပို့၍ အခက်အခဲများကို ဖြေရှင်းပေးသည်။ တိုယာမာ နိုင်ငံတကာ စင်တာကလည်း အရေးပေါ်ဖုန်းလိုင်းများတွင် စကားပြန်များ ခန့်ထားကာ ဂျပန်၊ အင်္ဂလိပ်၊ တရုတ်၊ ဗီယက်နမ်နှင့် ပေါ်တူဂီအပါအဝင် ဘာသာစကားအမျိုးမျိုးဖြင့် ဝန်ဆောင်မှုပေးလျက်ရှိသည်။

ဖူကိုင်းစီရင်စုတွင်လည်း ဖုန်းနှင့် လူမှုဆက်သွယ်ရေး မီဒီယာများဖြစ်သည့် ဖေ့စ်ဘွတ်၊ လိုင်းနှင့်အင်စတာဂရမ်တို့မှ ဘာသာစကား ၁၇ မျိုးဖြင့် ငလျင်ဘေးသင့်သူများအား အကူအညီပေးကြောင်း သိရသည်။ **ကိုးကား - အင်န်အိတ်ချ်ကေ**

**ဘာသာပြန် - စိုးသူရ**

## အစ္စရေးနိုင်ငံသို့ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဘလင်ကန်ရောက်ရှိနေသော်လည်း ဂါဇာကမ်းမြောင်ဒေသ၌ စစ်ဆင်ရေးဆင်နွှဲမှုများ ဆက်လက်အရှိန်မြင့်လျက်ရှိ



**ဂျေရုဆလင် ဇန်နဝါရီ ၁၀**

အစ္စရေးနှင့် ဟားမတ်စ်တို့အကြား ဖြစ်ပွားလျက်ရှိသည့် ပဋိပက္ခများကို သံတမန်နည်းအရ ဖြေရှင်းရန်တိုက်တွန်းပြောကြားလျက်ရှိသည့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး အန်တိုနီဘလင်ကန် အစ္စရေးနိုင်ငံသို့ ရောက်ရှိလျက်ရှိသော်လည်း ဂါဇာကမ်းမြောင်ဒေသ၌ အစ္စရေးတပ်ဖွဲ့၏ စစ်ဆင်ရေးဆင်နွှဲမှုများ ဆက်လက် အရှိန်မြင့်လျက်ရှိကြောင်း သိရသည်။

ဂါဇာကမ်းမြောင်၌ ဟားမတ်စ်အဖွဲ့၏ ပစ်မှတ် ၁၅၀ ခန့်ကို အစ္စရေးတပ်ဖွဲ့များက လေကြောင်းမှ တိုက်ခိုက်ခဲ့ခြင်းကြောင့် ဟားမတ်စ်တိုက်ခိုက်ရေးသမား အများအပြားသေဆုံးခဲ့ကြောင်း အစ္စရေးတပ်ဖွဲ့က ယနေ့ကြေညာချက်ထုတ်ပြန်သည်။

ရာဖာမြို့အပြင်ဘက်၌ အစ္စရေး၏ တိုက်ခိုက်မှုတစ်ခုအတွင်း အနည်းဆုံး ၁၅ ဦး သေဆုံးခဲ့ကြောင်း ပါလက်စတိုင်းမီဒီယာက သတင်းဖော်ပြသည်။

ဂါဇာကမ်းမြောင်ဒေသ၌ သေဆုံးသူ ၂၃၂၁၀ ရှိပြီဖြစ်ကြောင်း ကျန်းမာရေးအာဏာပိုင်များက ပြောသည်။

လက်ဘနွန်တောင်ပိုင်းတွင် အခြေစိုက်သည့် ဟစ်ဇ်ဘိုလာအဖွဲ့ကို အစ္စရေးတပ်ဖွဲ့ဝင်များက ပြင်းထန်စွာ တိုက်ခိုက်မှုများ ပြုလုပ်လျက်ရှိသည်။

၎င်းတို့၏ လေကြောင်းတိုက်ခိုက်မှုကြောင့် ဟစ်ဇ်ဘိုလာတပ်မှူးနှစ်ဦး သေဆုံးခဲ့သည်။

လက်ဘနွန်တောင်ပိုင်းနှင့် ဂါဇာတွင် အစ္စရေးက ထိုးစစ်များကို အရှိန်မြှင့်လုပ်ဆောင်ခဲ့ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဘလင်ကန်က သတင်းထောက်များနှင့် တွေ့ဆုံစဉ် ပြောကြားခဲ့သည်။

ဒေသတွင်း တင်းမာမှုများကို ဖြေလျှော့ရန် အစ္စရေးက သံတမန်လမ်းကြောင်းအတိုင်း ညှိနှိုင်းမှုများ လုပ်ဆောင်နိုင်မည်ဟု မျှော်လင့်ကြောင်း ဘလင်ကန်က ဆက်လက်ပြောကြားသည်။ **ကိုးကား - အင်န်အိတ်ချ်ကေ**

**ဘာသာပြန် - အောင်ကျော်ကျော်**

## ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၁၀**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

ဇန်နဝါရီ ၁၃ ရက် (စနေနေ့)တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ (၅၆)၊ အမှတ် (၂) တွင် အချို့သူများအတွက် ရုပ်ဆိုးသည်ဟု ထင်ရသောအရာသည် အခြားတစ်စုံတစ်ယောက်အတွက် အဖိုးထိုက်တန်သောအရာ ဖြစ်နေတတ်သည့်အတွက် အရာရာကို ကိုယ်ချင်းစာစိတ်ဖြင့် ဆုံးဖြတ်ဆောင်ရွက်သင့်ကြောင်း တင်ဆက်ထားသည့် "နန်းတော်ကြီးနဲ့ တဲငယ်လေး" မျက်နှာဖုံးဇာတ်လမ်း၊ ခုနစ်ထွေအကတွင် ပါဝင်သောဝန်အကအကြောင်းကို ဗဟုသုတရဖွယ် တင်ဆက်ထားသည့် "ခုနစ်ထွေအက(ဝန်အက)" သုတ ဆောင်းပါးကဏ္ဍ၊ သူငယ်ချင်းများနှင့်အတူ ကူညီဝိုင်းဝန်းဆောင်ရွက်လိုစိတ်မရှိ၍ ကပ္ပိယကြီး ကျွေးသောမုန့်များကို မစားလိုက်ရသော ချက်ကြီးအကြောင်းကို သရုပ်ဖော်တင်ဆက်ထားသည့် "ရှင်းစရာလေးတွေ" နှစ်မျက်နှာကာတွန်း၊ မိခင်ဥယျာဉ်သည်မကို ပုဏ္ဏားခြောက်ယောက်ထံတွင် အလုည့်ကျ အလုပ်အကျွေးပြုရသည့် ဒုက္ခမှကင်းလွတ်စေရန် ဆောင်ရွက်ပေးခဲ့သော ပညာရှိသမီးအလိမ္မာအကြောင်းကို ရေးဖွဲ့ထားသည့် "ပညာရှိ သမီးအလိမ္မာ" ပုံပြင်ကဏ္ဍ၊ ပန်းခြံထဲရှိ လိပ်ပြာလေးများကို လိုက်ဖမ်းရာ လက်တွင်ဒဏ်ရာရရှိသွားရာမှ အသိတရားရရှိသွားသော ဖိုးဇော်အကြောင်းကို တင်ဆက်ထားသည့် "ဖိုးဇော်လိုချင်တဲ့ လိပ်ပြာလေးတွေ" ဝတ္ထုကဏ္ဍ၊ ကလေးတို့ပေးပို့သော ပန်းချီလက်ရာများကို ထည့်သွင်းဖော်ပြထားသည့် "ရွှေသွေးတို့လက်ရာ" ကဏ္ဍ၊ မိမိကိုယ်တိုင် မူးယစ်ဆေးဝါးကို မသုံးစွဲသော်လည်း အပေါင်းအသင်းမှားပေါင်းမိ၍ ဒုက္ခနှင့်ကြုံတွေ့ခဲ့ရသည့် ကပ္ပလီ၏အစ်ကို အကြောင်းကို တင်ဆက်ထားသည့် "ဝေးဝေးကရှောင်ပါ" နှစ်မျက်နှာကာတွန်း၊ မိမိတတ်ကျွမ်းသော ပညာဖြင့် သူတစ်ပါးဒုက္ခရောက်စေရန် ဆောင်ရွက်မိ၍ မိမိကိုယ်တိုင် ဒုက္ခနှင့်ကြုံတွေ့ရပုံကို ရေးဖွဲ့ထားသည့် "ကိုယ့်အတတ်နဲ့ကိုယ်" နှစ်မျက်နှာကာတွန်း၊ အင်္ဂလိပ်စာ သင်ခန်းစာအနေဖြင့် သီတင်းပတ်ကုန်ဆုံးရက်တွင် တစ်ခုခုစီစဉ်ထားပါသလား ဆိုသည်ကို ပုံစံအမျိုးမျိုးဖြင့် ပြောဆိုပုံကို တင်ဆက်ထားသည့် "ရွှေသွေးစကားဝိုင်း" ကဏ္ဍ၊ ဉာဏ်စမ်းကဏ္ဍနှင့် ကဗျာကဏ္ဍတို့အပါအဝင် ကဏ္ဍစုံစုံလင်လင်ဖြင့် ထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန် စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**




## " ဟာသမြို့တော် " ရယ်စရာ တစ်ခန်းရပ်အစီအစဉ် မြန်မာ့ရုပ်မြင်သံကြားမှ ဆက်လက်ထုတ်လွှင့်ပြသမည်

**နေပြည်တော် ဇန်နဝါရီ ၁၀**

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဖျော်ဖြေရေးအစီအစဉ်များကို တိုးမြှင့် တင်ဆက်လျက်ရှိရာ "ဟာသမြို့တော်" ရယ်စရာ တစ်ခန်းရပ်အစီအစဉ်ကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ MRTV–HD Channel မှ အပတ်စဉ် စနေနေ့တိုင်း ထုတ်လွှင့်ပြသပေးလျက်ရှိရာ ယခုအပတ်တွင် "ချစ်လို့စတာ" ခေါင်းစဉ်ဖြင့် တင်ဆက်မည်ဖြစ်သည်။

အဆိုပါ အစီအစဉ်ကို ဟားစတိုင်လ် လူရွှင်တော်အဖွဲ့မှ စတားကောင်းထက် စီစဉ်ပြီး စတားကောင်းထက်၊ ကောင်းမွန်၊ ဘာမီတွန်၊ အကယ်ဒမီ အောင်ခိုင်၊ ဦးတိမ်ညွန့်၊ မတူးနှင့် ဟာသပညာရှင်များစွာတို့ ပါဝင်သရုပ်ဆောင်ကြမည်ဖြစ်ရာ ယင်းအစီအစဉ်ကို MRTV–HD Channel မှ ဇန်နဝါရီ ၁၃ ရက် (စနေနေ့) ည ၈ နာရီ သတင်းအပြီးတွင် ထုတ်လွှင့်ပြသမည် ဖြစ်ပြီး ဇန်နဝါရီ ၁၇ ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၆ နာရီ သတင်းအပြီး ထုတ်လွှင့်ပြသမည် ဖြစ်ကြောင်းတွင်လည်း (Replay) ထပ်မံ သိရသည်။ **သတင်းစဉ်**




**ညီညွတ်မှုဖြင့် ရှေ့သို့ချီ ပြည်ထောင်စုရဲ့ပန်းတိုင်ဆီ။**



## ရွှေဘိုပေါ်ဆန်းစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသည့်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်

**ရွှေဘို ဇန်နဝါရီ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်သည် စိုက်ပျိုးရေးလုပ်ငန်းကို အဓိကထားလုပ်ကိုင် ဆောင်ရွက်သည့်ဒေသတစ်ခုဖြစ်ရာ ရွှေဘိုခရိုင် အနေဖြင့် မိုးစပါးစိုက်ပျိုးရာသီတွင် ရွှေဘိုပေါ်ဆန်း စပါးများကို နှစ်စဉ်စိုက်ပျိုးလျက်ရှိကြောင်း၊ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ရွှေဘိုပေါ်ဆန်းစပါးစိုက်ဧက ၃၂၆၅၉၈ ဧက၊ ရောမင်းစပါးစိုက်ဧက ၂၁၀၆၆၉ ဧက၊ အခြားမျိုးကွဲစပါးစိုက်ဧက ၁၀၆၃၄၈ ဧက၊ စုစုပေါင်း ၆၄၃၆၁၅ ဧက စိုက်ပျိုးနိုင်ခဲ့ရာ ရွှေဘိုပေါ်ဆန်းစပါးစိုက်ပျိုးမှုမှာ ရွှေဘိုခရိုင်ရှိ စိုက်ဧက စုစုပေါင်း၏ ၅၀ ရာခိုင်နှုန်းကျော်ဖြစ်ပြီး လက်ရှိ အချိန်တွင် ခရိုင်အတွင်းစိုက်ပျိုးထားရှိသည့် ရွှေဘိုပေါ်ဆန်းစပါးများ လှိုင်လှိုင်ရိတ်သိမ်းထွက်ပေါ်နေပြီဖြစ်သည်။

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့၌ ဖွဲ့စည်းထားရှိသည့် ရွှေဘိုပေါ်ဆန်း စပါးစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း၏ ကိုယ်စားလှယ် ငါးဦးသည် ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်မြို့၌ ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၁၀ ရက်မှ ၁၄ ရက်အထိ ကျင်းပခဲ့သည့် ဒေသတွင်းအလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်၍ ရွှေဘိုပေါ်ဆန်းမွေးဆန်နှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြောင်း၊ အဆိုပါအလုပ်ရုံဆွေးနွေးပွဲအပြီး ဒီဇင်ဘာ ၁၅ ရက်မှ ၁၆ ရက်အထိ ဆက်လက်ကျင်းပသည့် ကုန်စည်ပြပွဲ၌ ရွှေဘိုပေါ်ဆန်းမွေးဆန်ဖြင့် ချက်ပြုတ်ထားသည့် ထမင်းကိုပါ ပြသခဲ့ရာ ရွှေဘိုပေါ်ဆန်းမွေးဆန်များ ရောင်းချပေးရန် တောင်းဆိုမှုများရှိခဲ့ပြီး ဈေးကွက်ချိတ်ဆက်နိုင်ခဲ့ကြောင်း၊ ကမ္ဘောဒီးယားနိုင်ငံ၏ ဒေသဆိုင်ရာ အညွှန်း (Geographical Indications-GIs) ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်သည့်နေရာများကိုလည်း သွားရောက်လေ့လာခွင့်ရရှိခဲ့ကြောင်း၊ ရွှေဘိုပေါ်ဆန်း GI ရရှိရေးအတွက် ဆောင်ရွက်နေသည့် လုပ်ငန်းများအတွက် အထောက်အကူများစွာ ရရှိခြင်းနှင့် အဆိုပါအလုပ်ရုံဆွေးနွေးပွဲမှအစပြု၍ ရွှေဘိုပေါ်ဆန်း စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသည့် ကဏ္ဍတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်စေနိုင်မည့် အကျိုးကျေးဇူးများ ရရှိနိုင်သည့် ဆောင်ရွက်မှုတစ်ခုဖြစ်ကြောင်းနှင့် ရွှေဘိုပေါ်ဆန်းကို ပြည်တွင်း၌သာမက ပြည်ပနိုင်ငံများအထိ သိရှိနိုင်အောင် ဆောင်ရွက်နိုင်ခဲ့သည့် မှတ်တိုင်တစ်ခုဖြစ်ကြောင်း သိရသည်။

## မြိတ်ကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ

**မြိတ် ဇန်နဝါရီ ၁၀**

မြိတ် ကုန်သွယ်ရေးစခန်းမှ ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၈ ရက်မှ ၉ ရက်အတွင်း ပို့ကုန်တင်ပို့မှုအနေဖြင့် ငါးမုတ် တန် ၃၀၀ (တန်ဖိုး သုည ဒသမ ၂၇၂ ဒေါ်လာသန်း)၊ ငါးကြိတ်သား ၁၈ တန် (တန်ဖိုး သုည ဒသမ ၀၃၃ ဒေါ်လာသန်း) စုစုပေါင်း ပို့ကုန်တန်ဖိုး သုည ဒသမ ၃၀၅ ဒေါ်လာသန်း တင်ပို့နိုင်ခဲ့သည်။

**သွင်းကုန်တင်သွင်းမှု**

မြိတ် ကုန်သွယ်ရေးစခန်းမှ ဇန်နဝါရီ ၈ ရက်မှ ၉ ရက်အတွင်း သွင်းကုန်တင်သွင်းမှု ဒီဇယ်ဆီ တစ်တန်လျှင် ၈၂၃ ဒေါ်လာနှုန်းဖြင့် တန် ၁၄၇၀ (တန်ဖိုး ၁ ဒသမ ၂၀ သန်း)၊ ဓာတ်ဆီတစ်တန်လျှင် ၈၈၁ ဒေါ်လာနှုန်းဖြင့် တန် ၁၅၀ (တန်ဖိုး သုည ဒသမ ၁၃၂ သန်း) စုစုပေါင်း သွင်းကုန်တန်ဖိုး ၁ ဒသမ ၃၄၂ ဒေါ်လာသန်း တင်သွင်းခဲ့သည်။

ငွေလဲနှုန်းအနေဖြင့် ထိုင်းဘတ် တစ်ဘတ်လျှင် မြန်မာငွေကျပ် ၉၈ ကျပ်ဖြင့် အရောင်းအဝယ် ဖြစ်နေကြောင်း သိရသည်။

**သတင်းရင်းမြစ် – စီးပွား/ကူးသန်း**

## တာချီလိတ်ကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ

**တာချီလိတ် ဇန်နဝါရီ ၁၀**

တာချီလိတ်ကုန်သွယ်ရေးစခန်းသည် ထိုင်းနိုင်ငံ၊ တရုတ်နိုင်ငံတို့နှင့် ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၉ ရက်အထိ ပို့ကုန် အမေရိကန်ဒေါ်လာ သုည ဒသမ ၉၇၉ သန်း၊ သွင်းကုန်အမေရိကန်ဒေါ်လာ ၂ ဒသမ ၁၅၇ သန်း စုစုပေါင်းကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၃ ဒသမ ၁၃၆ သန်း ဆောင်ရွက်နိုင်ခဲ့သည်။

ပို့ကုန်အနေဖြင့် ထောပတ်သီး ၁၁၅ တန်၊ ကြက်သွန်ဖြူ တန် ၃၀၊ ပြောင်း ၉၈ ဒသမ ၇၅ တန်၊ ကြက်သွန်နီ ၈၅ တန်၊ မက်ဂနိစ်ဒိုင်အောက်ဆိုက် (Manganese Dioxide) တန် ၂၄၀၊ လိမ္မော်သီး ၁၃ ဒသမ ၂ တန်၊ ပလတ်စတစ်ဖြတ်စ ၁၀ တန်နှင့် စက္ကူဖြတ်စ ၂၆ တန် တင်ပို့နိုင်ခဲ့သည်။

သွင်းကုန်အနေဖြင့် ဘိလပ်မြေ သုည ဒသမ ၀၁၂ ဒေါ်လာသန်း၊ ဘိလပ်မြေ မျက်နှာကြက်ပြား သုည ဒသမ ၀၁၉ ဒေါ်လာသန်း၊ မျက်နှာကြက်ပြား သုညဒသမ ၀၀၄ ဒေါ်လာသန်း၊ ကြွေပြား သုည ဒသမ ၀၂၀ ဒေါ်လာသန်း၊ ပလတ်စတစ်ခွက် သုည ဒသမ ၀၀၉ ဒေါ်လာသန်း၊ ပလတ်စတစ်ခြင်း သုည ဒသမ ၀၀၈ ဒေါ်လာသန်းနှင့် စောင် သုည ဒသမ ၀၀၄ ဒေါ်လာသန်း တင်သွင်းခဲ့သည်။ ငွေလဲနှုန်းအနေဖြင့် ဇန်နဝါရီ ၉ ရက်တွင် မြန်မာငွေကျပ်တစ်သိန်းလျှင် ၁၀၀၅ ဘတ်ဖြစ်ကြောင်း သိရသည်။

## မောတောင်ကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ

**မောတောင် ဇန်နဝါရီ ၁၀**

မောတောင်ကုန်သွယ်ရေးစခန်း အနေဖြင့် ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၈ ရက်မှ ၉ ရက်အထိ ပို့ကုန် တန်ဖိုး အမေရိကန်ဒေါ်လာ သုည ဒသမ ၂၂၀၇ သန်း၊ သွင်းကုန် တန်ဖိုး အမေရိကန်ဒေါ်လာ သုည ဒသမ ၀၁၄ သန်း စုစုပေါင်း ကုန်သွယ်မှုပမာဏ အမေရိကန် ဒေါ်လာ သုည ဒသမ ၂၃၄၇ သန်း ကုန်သွယ်မှု ဆောင်ရွက်နိုင်ခဲ့သည်။

မောတောင် ကုန်သွယ်ရေး စခန်းမှ ဇန်နဝါရီ ၈ ရက်မှ ၉ ရက်အထိ အဓိကတင်ပို့ခဲ့သော ကုန်ပစ္စည်းများမှာ ငါးမျိုးစုံ ၉၆ ဒသမ ၃၉ တန်၊ ဂျင်းခရုအရှင် ၇ ဒသမ ၈ တန်၊ ကဏန်းအသေ ၈ ဒသမ ၄ တန်၊ ရေခူဆားနယ် တစ်တန်၊ ရေချိုပုစွန် သုည ဒသမ ၃၅ တန်၊ ကျောက်ပုစွန်အရှင် သုည ဒသမ ၃၄ တန်၊ ပုစွန်ငါးပိ ၅ ဒသမ ၅ တန်၊ ငှက်ပျောသီး တန် ၅၀၊ ငရုတ်သီးစိမ်း ၅၀ ဒသမ ၆၄၁ တန် တင်ပို့နိုင်ခဲ့သည်။ သွင်းကုန်အနေဖြင့် သစ်သီး ၄၈ ဒသမ ၅ တန်၊ ကြွေပြား စတုရန်းမီတာ ၈၀၀ တင်သွင်းနိုင်ခဲ့သည်။

ဇန်နဝါရီ ၉ ရက်တွင် ပြင်ပငွေလဲနှုန်းမှာ မြန်မာငွေကျပ် တစ်သိန်းလျှင် ဘတ် ၁၀၂၀၊ တစ်ဘတ်လျှင် မြန်မာငွေကျပ် ၉၈ ဒသမ ၀၄ ကျပ်ခန့်ရှိကြောင်း သိရသည်။

## ပဲစင်းငုံသီးနှံစိုက်ပျိုးခြင်းဖြင့် တောင်သူများ အကျိုးအမြတ်ရရှိ

**ဆိပ်ဖြူ ဇန်နဝါရီ ၁၀**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်အတွင်းရှိ တောင်သူများသည် ကုန်းတွင်းပိုင်း ယာမြေများတွင် မြေပဲ၊ နှမ်း၊ ပဲစင်းငုံ၊ ပဲတီစိမ်း၊ ပဲလွမ်းဖြူသီးနှံမျိုးစုံ နှစ်စဉ်စိုက်ပျိုးလျက်ရှိပြီး ဒေသခံတောင်သူများအတွက် ဝင်ငွေကောင်းမွန်သည့် ပြည်ပပို့ကုန်ပဲစင်းငုံသီးနှံကို နှစ်စဉ်စိုက်ပျိုးကြကြောင်း၊ ပဲစင်းငုံသီးနှံကို မိုးရာသီ ကဆုန်၊ နယုန်၊ ဝါဆိုလတို့တွင် စတင်စိုက်ပျိုးကြပြီး တန်ဆောင်မုန်းလတွင် စတင်ရိတ်သိမ်းရကြောင်း၊ ပဲစင်းငုံ စိုက်ဧက ၃၀၀၀ ခန့်ကို သီးထပ်သီးညှပ် အဖြစ် နှစ်စဉ်စိုက်ပျိုးကြရာ ယခုနှစ်တွင် သီးထပ် စိုက်ပျိုးမှုများကို ပိုမိုတိုးချဲ့စိုက်ပျိုးလာကြကြောင်း သိရသည်။

ပဲစင်းငုံသီးနှံ စိုက်ပျိုးထုတ်လုပ်မှု ကုန်ကျစရိတ် အနေဖြင့် တစ်ဧကလျှင် မျိုး၊ သွင်းအားစု၊ လုပ်သားခ အပါအဝင် စုစုပေါင်း ငွေကျပ် နှစ်သိန်းခန့် ကုန်ကျကြောင်း၊ အထွက်နှုန်းအနေဖြင့် တောင်သူတစ်ဦးချင်းမှာ သွင်းအားစုအမျိုးမျိုးသုံးစွဲမှု မတူညီ၍ အထွက်နှုန်းကွာခြားမှုရှိပြီး တစ်ဧကလျှင် ၅-၁၀ တင်း ထွက်ရှိကြောင်း၊ ဈေးနှုန်းအနေဖြင့် တစ်တင်းလျှင် သီးနှံပေါ်စအချိန်တွင် ဒေသပေါက်ဈေး ကျပ် ၁၀၂၀၀၀ ဖြင့် ရောင်းချရပြီး တစ်ဧကအထွက် ခုနစ်တင်းနှုန်းဖြင့် တွက်ချက်ပါက ၇၁၄၀၀၀ ကျပ် ဝင်ငွေရရှိ၍ အကျိုးအမြတ်အနေဖြင့် ၅၁၄၀၀၀ ကျပ် ရရှိကြောင်း ပဲစင်းငုံစိုက်တောင်သူတစ်ဦးထံမှ သိရသည်။

ပြည်တွင်းမှ ထွက်ရှိသည့် ပဲစင်းငုံသီးနှံများကို ပြည်တွင်းစားသုံးမှု နည်းပါးသော်လည်း ပြည်ပပို့ကုန်အဖြစ် နှစ်စဉ်တင်ပို့လျက်ရှိပြီး ဈေးကွက်ခိုင်မာမှုရှိ၍ ဝယ်လက်အများဆုံးနှင့် စားသုံးမှုများသော အိန္ဒိယနိုင်ငံ၏ ပဲစင်းငုံလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်သည့်အတွက် မြန်မာနိုင်ငံသည် အိန္ဒိယဈေးကွက်တွင် အရေးပါသည့်နိုင်ငံဖြစ်ကြောင်း၊ ဈေးကွက်အနေဖြင့် အိန္ဒိယ၊ နီပေါ၊ ဘင်္ဂလားဒေ့ရှ်၊ ပါကစ္စတန်နိုင်ငံတို့သို့ ပဲစင်းငုံသီးနှံကို နှစ်စဉ်တင်ပို့လျက်ရှိရာ ပြည်ပဈေးကွက် အခိုင်အမာရှိပြီး တောင်သူများအတွက် ဝင်ငွေကောင်းမွန်လျက်ရှိသော ပဲစင်းငုံသီးနှံကို ပိုမိုတိုးချဲ့စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

### ၁၀.၁.၂၀၂၄ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ်၊ မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်း‌စ) | ကြက်သွန်ဖြူ(ကြူကုတ်) | နှမ်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၂၈၀၀ | | ၆၃၀၀ | ၁၆၀၀၀ | ၅၈၀၀ | ၁၆၀၀၀ | ၄၀၀၀ | ၁၈၀၀၀ | ၉၀၀၀ | ၅၀၀၀ | ၇၀၀၀ | ၁၀၀၀ | ၈၅၀၀ | ၇၅၀၀ | ၅၀၀၀ | ၂၃၀၀ | ၅၀၀၀ | ၁၂၀၀၀ | ၂၂၀၀၀ | ၂၂၀၀၀ | ၂၆၀၀၀ | ၁၆၀၀၀ |
| ၂ | လားရှိုး | ၃၅၀၀ | | ၇၃၀၀ | ၁၇၀၀၀ | ၆၀၀၀ | ၁၆၀၀၀ | ၄၅၀၀ | ၁၃၀၀၀ | ၁၁၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၁၀၀၀ | ၈၅၀၀ | ၇၇၀၀ | ၄၀၀၀ | ၃၅၀၀ | ၄၅၀၀ | ၁၂၀၀၀ | ၂၂၀၀၀ | ၂၂၀၀၀ | ၃၀၀၀၀ | ၁၆၀၀၀ |
| ၃ | ကျိုင်းတုံ | ၃၈၀၀ | | ၇၀၀၀ | ၁၆၀၀၀ | ၆၀၀၀ | ၁၆၅၀၀ | ၄၂၀၀ | ၁၆၀၀၀ | ၁၀၀၀၀ | ၅၃၀၀ | ၅၀၀၀ | ၁၂၀၀ | ၉၅၀၀ | ၇၀၀၀ | ၃၅၀၀ | ၃၅၀၀ | ၄၈၀၀ | ၁၃၀၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | | ၁၇၀၀၀ |
| ၄ | တောင်ကြီး | ၃၂၀၀ | ၃၀၀၀ | ၆၃၀၀ | ၁၆၅၀၀ | ၅၅၀၀ | ၁၉၀၀၀ | ၄၀၀၀ | ၁၃၅၀၀ | ၁၄၀၀၀ | ၆၅၀၀ | ၅၀၀၀ | ၆၀၀ | ၁၀၀၀၀ | ၆၅၀၀ | ၅၀၀၀ | ၃၈၀၀ | ၄၄၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၂၈၀၀၀ | ၁၅၀၀၀ |
| ၅ | လှိုင်ကော် | | | | | | | | | | | | | | | | | | | | | | |
| ၆ | ဘားအံ | ၃၂၀၀ | | ၅၀၀၀ | ၁၆၀၀၀ | ၅၆၀၀ | ၁၄၀၀၀ | ၄၀၀၀ | ၁၈၀၀၀ | ၁၃၀၀၀ | ၆၈၀၀ | ၆၀၀၀ | ၈၀၀ | ၇၅၀၀ | ၆၅၀၀ | ၃၀၀၀ | ၃၀၀၀ | ၄၂၀၀ | ၁၀၅၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၈၀၀၀ |
| ၇ | မော်လမြိုင် | ၃၀၀၀ | | ၄၇၀၀ | ၁၆၀၀၀ | ၅၂၆၀ | ၁၆၀၀၀ | ၄၀၀၀ | ၁၉၀၀၀ | ၁၅၀၀၀ | ၈၀၀၀ | ၇၀၀၀ | ၈၀၀ | ၁၂၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၃၅၀၀ | ၄၄၀၀ | ၁၀၀၀၀ | ၁၇၀၀၀ | ၁၇၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၈ | ထားဝယ် | ၃၉၀၀ | | ၆၆၀၀ | ၁၇၀၀၀ | ၅၇၀၀ | ၁၄၅၀၀ | ၄၀၀၀ | ၁၈၅၀၀ | ၁၄၀၀၀ | | ၅၀၀၀ | ၆၀၀ | ၇၉၀၀ | ၆၅၀၀ | ၄၀၀၀ | ၃၅၀၀ | ၄၅၀၀ | ၁၂၅၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | |
| ၉ | မြိတ် | ၃၃၀၀ | | ၅၃၀၀ | ၁၆၀၀၀ | ၅၆၅၀ | ၁၄၀၀၀ | ၄၃၀၀ | ၁၅၅၀၀ | ၁၄၀၀၀ | ၉၀၀၀ | ၇၇၀၀ | ၁၁၀၀ | ၉၅၀၀ | ၆၇၀၀ | ၃၆၀၀ | ၄၀၀၀ | ၄၄၀၀ | ၁၂၅၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၂၃၀၀၀ | |
| ၁၀ | ရန်ကုန် | ၃၄၀၀ | | ၅၀၀၀ | ၁၆၀၀၀ | ၅၁၅၀ | ၁၈၀၀၀ | ၄၃၀၀ | ၂၂၀၀၀ | ၁၃၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၈၀၀ | ၇၅၀၀ | ၆၈၀၀ | ၄၀၀၀ | ၃၈၀၀ | ၄၆၀၀ | ၁၀၀၀၀ | ၁၇၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၁၁ | ပုသိမ် | ၃၃၅၀ | | ၅၂၅၀ | ၁၆၀၀၀ | ၅၃၇၀ | ၁၇၀၀၀ | ၃၀၀၀ | ၂၂၀၀၀ | ၁၃၀၀၀ | ၅၀၀၀ | ၈၀၀၀ | ၃၀၀ | ၆၅၀၀ | ၆၆၀၀ | ၃၅၀၀ | ၃၂၀၀ | ၄၀၀၀ | ၁၀၀၀၀ | ၁၉၀၀၀ | ၁၉၀၀၀ | ၂၅၀၀၀ | ၉၀၀၀ |
| ၁၂ | စစ်တွေ | ၅၀၀၀ | | ၇၅၀၀ | ၃၅၀၀၀ | ၅၄၀၀ | ၆၀၀၀၀ | ၂၈၀၀၀ | ၃၅၀၀၀ | ၃၅၀၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၂၀၀၀ | ၁၀၀၀၀ | ၁၃၀၀၀ | ၁၅၀၀၀ | ၈၀၀၀ | ၄၂၀၀ | ၁၅၀၀၀ | ၃၂၀၀၀ | ၃၂၀၀၀ | ၃၂၀၀၀ | |
| ၁၃ | ဟားခါး | ၆၆၀၀ | | | ၁၈၅၀၀ | - | ၄၅၀၀၀ | ၇၀၀၀ | ၂၅၀၀၀ | | | ၄၀၀၀ | ၁၂၀၀ | | ၁၁၅၀၀ | | ၅၀၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၂၅၀၀၀ | ၂၀၀၀၀ | | ၂၂၀၀၀ |
| ၁၄ | မုံရွာ | ၄၈၀၀ | ၄၄၀၀ | ၅၄၀၀ | ၁၂၅၀၀ | ၅၅၀၀ | ၁၂၀၀၀ | ၃၂၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၉၀၀၀ | ၄၀၀၀ | ၇၀၀ | ၇၀၀၀ | ၈၀၀၀ | ၃၀၀၀ | ၃၀၀၀ | ၄၂၀၀ | ၁၂၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၁၂၀၀၀ |
| ၁၅ | မန္တလေး | ၄၀၀၀ | | ၆၅၀၀ | ၁၂၀၀၀ | ၅၆၅၀ | ၁၂၀၀၀ | ၄၂၀၀ | ၁၇၀၀၀ | ၁၆၀၀၀ | ၇၀၀၀ | ၆၅၀၀ | ၈၀၀ | ၇၅၀၀ | ၆၄၀၀ | ၅၅၀၀ | ၃၅၀၀ | ၄၂၀၀ | ၁၀၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၁၃၀၀၀ |
| ၁၆ | ပခုက္ကူ | ၃၂၀၀ | | ၅၃၀၀ | ၁၂၀၀၀ | ၅၄၀၀ | ၁၇၀၀၀ | ၂၈၀၀ | ၁၆၀၀၀ | ၁၃၀၀၀ | ၉၀၀၀ | ၄၅၀၀ | ၆၅၀ | ၇၅၀၀ | ၈၀၀၀ | ၂၈၀၀ | ၃၀၀၀ | ၄၀၀၀ | ၁၁၀၀၀ | ၁၈၀၀၀ | ၁၇၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ |
| ၁၇ | မကွေး | ၄၀၀၀ | | ၆၇၀၀ | ၁၃၅၀၀ | ၅၅၀၀ | ၁၃၀၀၀ | ၃၀၀၀ | ၁၃၀၀၀ | ၁၂၅၀၀ | ၈၅၀၀ | ၅၅၀၀ | ၇၀၀ | ၆၂၀၀ | ၆၅၀၀ | ၃၇၀၀ | ၃၆၀၀ | ၄၂၀၀ | ၁၁၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၁၂၅၀၀ |
| ၁၈ | ပြည် | ၃၀၀၀ | | ၅၀၀၀ | ၁၃၅၀၀ | ၅၅၀၀ | ၁၈၀၀၀ | ၃၈၀၀ | ၁၆၀၀၀ | ၁၂၀၀၀ | | ၆၅၀၀ | ၆၀၀ | ၇၀၀၀ | ၆၅၀၀ | ၄၀၀၀ | ၃၅၀၀ | ၃၈၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၁၃၀၀၀ |
| ၁၉ | ပဲခူး | ၃၂၀၀ | | ၅၂၀၀ | ၁၄၀၀၀ | ၅၄၀၀ | ၁၅၀၀၀ | ၄၆၀၀ | ၁၉၀၀၀ | ၁၅၀၀၀ | | ၇၀၀၀ | ၄၅၀ | ၇၅၀၀ | ၆၈၀၀ | ၃၅၀၀ | ၃၃၀၀ | ၄၄၀၀ | ၁၀၀၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၂၃၀၀၀ | ၇၀၀၀ |
| ၂၀ | ပျဉ်းမနား | ၃၁၅၀ | | ၆၅၀၀(သစ်) | ၁၄၀၀၀ | ၅၃၀၀ | ၁၄၀၀၀ | ၃၅၀၀ | ၁၃၅၀၀ | ၁၄၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၅၀၀ | ၇၅၀၀ | ၆၈၀၀ | ၄၀၀၀ | ၃၆၀၀ | ၄၂၀၀ | ၁၀၀၀၀ | ၁၄၀၀၀ | ၁၄၅၀၀ | ၂၄၀၀၀ | ၁၁၀၀၀ |
| ၂၁ | နေပြည်တော် | ၃၁၅၀ | | ၆၅၀၀(သစ်) | ၁၄၀၀၀ | ၅၃၀၀ | ၁၆၀၀၀ | ၃၆၀၀ | ၁၅၀၀၀ | ၁၄၀၀၀ | ၆၂၀၀ | ၅၆၀၀ | ၅၀၀ | ၇၅၀၀ | ၆၈၀၀ | ၄၂၀၀ | ၃၈၀၀ | ၄၂၀၀ | ၁၀၀၀၀ | ၁၆၀၀၀ | ၁၄၅၀၀ | ၂၄၀၀၀ | ၁၁၀၀၀ |
| ၂၂ | ကလေး | ၃၀၀၀ | ၄၄၀၀ | | ၁၅၀၀၀ | ၉၀၀၀ | ၂၄၀၀၀ | ၅၀၀၀ | | ၁၄၀၀၀ | ၅၀၀၀ | ၇၀၀၀ | ၈၀၀ | ၉၅၀၀ | ၈၀၀၀ | ၄၀၀၀ | ၆၀၀၀ | ၄၃၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၂၂၀၀၀ | | ၁၂၀၀၀ |

## ပြန်ကြားရေးဝန်ကြီးဌာန
## သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း
## စက္ကူကုန်ကြမ်းဝယ်ယူရန်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ ၂၀၂၃-၂၀၂၄ခု၊ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုရန်ပုံငွေမှ အောက်ဖော်ပြပါ သတင်းစာ စက္ကူကို **(မြန်မာကျပ်ငွေဖြင့်)** ဝယ်ယူမည်ဖြစ်ပါသဖြင့် ဈေးနှုန်းအဆိုပြုလွှာများ တင်သွင်းရန် ဖိတ်ခေါ်ပါသည် -

| စဉ် | ပစ္စည်းအမျိုးအမည် | ရေတွက်ပုံ | အရေအတွက် |
|---|---|---|---|
| (က) | 30" Newsprint Paper<br>(Standard, Normal Bright)<br>Basic Weight – 45.0 ± 1.0 GSM<br>Reel Width – 30 inches (762 mm)<br>Reel Diameter – 42 inches(1070 mm) | တန် | ၈၆၈ |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၀-၁-၂၀၂၄ ရက်မှ ၂၃-၁-၂၀၂၄ ရက်အထိ ရုံးချိန်အတွင်း ရုံးအမှတ်(၇)၊ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ နေပြည်တော်တွင် စက္ကူတင်ဒါ (၁)စောင်လျှင် ၅၀,၀၀၀/- ကျပ်နှုန်းဖြင့် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၂၃-၁-၂၀၂၄ ရက် နံနက် ၀၉:၃၀ နာရီမှ ညနေ ၁၆:၃၀ နာရီအတွင်း ရုံးအမှတ်(၇)၊ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ နေပြည်တော်သို့ ပေးသွင်းရန် ဖြစ်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန်သောတင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါ အာမခံကြေးအဖြစ် တင်ဒါတင်သွင်းမည့် ပစ္စည်း တန်ဖိုး၏ ၁%အား မြန်မာနိုင်ငံတော်ဗဟိုဘဏ်က အသိအမှတ်ပြုထားသည့် ဘဏ်တစ်ခုခုတွင် PG (Performance Bank Guarantee) ပြုလုပ်၍ ပေးသွင်းရမည်ဖြစ်သည်။

၅။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း ၀၆၇-၃၄၁၂၁၂၃၊ ၀၆၇-၃၄၁၂၆၆၂၊ ၀၁-၈၂၀၁၁၉၂ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ**
**ပြန်ကြားရေးဝန်ကြီးဌာန**
**သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း**
**ရုံးအမှတ်(၇)၊ နေပြည်တော်**
**ဖုန်း၊ ၀၆၇-၃၄၁၂၁၂၃၊ ၀၆၇-၃၄၁၂၆၆၂၊ ၀၆၇-၃၄၁၂၁၂၈**

**တင်ဒါတင်သွင်းရန်လိပ်စာ**
**ပြည်တွင်း/ပြည်ပပစ္စည်းများ**
**ဝယ်ယူရေးနှင့် ထုခွဲရောင်းချရေး**
**ကော်မတီ၊ ပြန်ကြားရေးဝန်ကြီးဌာန**
**သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း**
**ရုံးအမှတ်(၇)၊ နေပြည်တော်**
**ဖုန်း၊ ၀၆၇-၃၄၁၂၁၂၃၊**
**၀၆၇-၃၄၁၂၆၆၂၊ ၀၆၇-၃၄၁၂၁၂၈**

## "လုပ်ငန်းအမှတ်တံဆိပ်အမည် အမှတ်အသားအတွက် သတိပေးကြေညာချက်"

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ၄၉လမ်းထောင့်၊ အမှတ်-၉၁/၉၃တွင်ဖွင့်လှစ် တည်ထောင်ထားသော " COMPU TECH (Right Way To Getting Ahead)" ၏ လွှဲအပ်ညွှန်ကြားချက်အရ ဖော်ပြပါ လုပ်ငန်းအမှတ်တံဆိပ်အမည် အမှတ်အသားနှင့်ပတ်သက်၍ အောက်ပါအတိုင်း သတိပေးကြေညာအပ်ပါသည်-

COMPU TECH
Right Way To Getting Ahead

အထက်ဖော်ပြပါ လုပ်ငန်းအမှတ်တံဆိပ် အမည်အမှတ်အသားအား COMPU TECH (Right Way To Getting Ahead)" ၏ တစ်ဦးတည်း မူပိုင်အဖြစ် တရားဝင် သုံးစွဲရန်အတွက် ရန်ကုန်မြို့စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံး၌ စာချုပ်အမှတ်(၄/၁၁၄၅၉ ) ဖြင့် (၂၁ -၁၂ -၂၀၂၃)ရက်နေ့တွင် တရားဝင် မှတ်ပုံတင်ထားရှိပြီးဖြစ်ပါသည်။

အဆိုပါ လုပ်ငန်းတံဆိပ် အမည်အမှတ်အသားဖြင့် "COMPU TECH (Right Way To Getting Ahead)"မှ ဝန်ဆောင်မှုများမှာ " IT နှင့် ပတ်သက်သော Trainingများ နှင့် IT နှင့် ပတ်သက်သော Service များ "အားလုံးတို့တွင် ပြုလုပ်သုံးစွဲသွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်မိတ်ဆွေလုပ်ငန်း၏ ခွင့်ပြုချက် တစ်စုံတစ်ရာမရှိဘဲ အထက်ပါ လုပ်ငန်းအမှတ်တံဆိပ်အမည်အမှတ်အသားတစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ပုံတူပုံမှား၊ ထင်ယောင်ထင်မှား၊ ဆင်တူယိုးမှား တစ်ခုခုဖြင့် တုပခြင်း၊ သုံးစွဲခြင်း မပြုလုပ်ကြရန်၊ အကယ်၍ လိုက်နာဆောင်ရွက်ခြင်း မရှိပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေး ကြေညာအပ်ပါသည်။

**ဦးရဲကျော်သိန်း [၁၂/ရကန(နိုင်)၀၅၀၂၅၅] ၏**
**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်တင့်ဥာဦး (LL.B,D.B.L,D.I.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၅၁၃၁)**
**အမှတ်-၁၁၅၊ သုမိတ္တာ (၄)လမ်း၊ (၁)ရပ်ကွက်၊ မြောက်ဥက္ကလာပ မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၄၈၀၀၆၆၇၅**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
## ဗန်းမော်တက္ကသိုလ်
## "(၁၃)ကြိမ်မြောက်ဘွဲ့နှင်းသဘင် လျှောက်လွှာခေါ်ယူခြင်း"

ဗန်းမော်တက္ကသိုလ်တွင် ကျင်းပပြုလုပ်ခဲ့သော **၂၀၂၂-၂၀၂၃ ပညာသင်နှစ် နေ့သင်တန်း**၏မဟာဝိဇ္ဇာ/သိပ္ပံဘွဲ့၊ ဝိဇ္ဇာ/သိပ္ပံ(ဂုဏ်ထူး)၊ ဝိဇ္ဇာ/သိပ္ပံဘွဲ့ ဘွဲ့ရစာမေးပွဲအောင်မြင်ခဲ့ကြသူများနှင့် **၂၀၂၃ ပညာသင်နှစ် အဝေးသင် သင်တန်း**၏ ဝိဇ္ဇာ/သိပ္ပံဘွဲ့ ဘွဲ့ရစာမေးပွဲအောင်မြင်ခဲ့ကြသူများသည် ဗန်းမော်တက္ကသိုလ်(၁၃)ကြိမ်မြောက်ဘွဲ့နှင်းသဘင် တက်ရောက်ဘွဲ့ယူရန်နှင့် အဝေးရောက်ဘွဲ့ယူ ရန်လျှောက်လွှာများ တင်သွင်းလျှောက်ထားနိုင်ပါသည်။

**ဘွဲ့နှင်းကြေး**

| | | |
|---|---|---|
| တက်ရောက်ဘွဲ့ကြေး | ၁၅၀၀၀/-ကျပ်(ကျပ်တစ်သောင်းငါးထောင်တိတိ) | |
| အဝေးရောက်ဘွဲ့ကြေး | ၁၀၀၀၀/-ကျပ်(တစ်သောင်းတိတိ) | |
| လျှောက်လွှာတင်သွင်းရမည့်ရက် | | (၈-၁-၂၀၂၄)ရက်မှ<br>(၂၆-၁-၂၀၂၄)ရက်အထိ |

**မှတ်ချက်**

၁။ သတ်မှတ်လျှောက်လွှာပုံစံများကို စာမေးပွဲနှင့် ဘွဲ့နှင်းသဘင်ဌာနခွဲမှ ရယူဖြည့်စွက်ပြီး လျှောက်ထားရမည်။
၂။ လွန်ခဲ့သော(၃)လအတွင်း ရိုက်ကူးထားသော (၁.၅'' x ၂'')ရောင်စုံဓာတ်ပုံ (နောက်ခံအပြာရောင်)(၄)ပုံ ပူးတွဲ၍ လျှောက်ထားရမည်။
၃။ သတ်မှတ်ဘွဲ့ကြေးများကို ကိုယ်တိုင်ပေးသွင်းသူများသည် ဗန်းမော်တက္ကသိုလ် ငွေလက်ခံဌာနတွင် ပေးသွင်းရမည်။
၄။ ရပ်ဝေးမှ ပေးပို့သူများသည် စာတိုက်ငွေပို့လွှာ(Postal Money Order) ဖြင့်သာ ပေးပို့ရမည်ဖြစ်ပြီး ငွေပို့လွှာ၏အောက်ခြေတွင် "ဘွဲ့နှင်းသဘင်ကြေးပေးပို့ခြင်း"ဟုဖော်ပြရမည့်အပြင် လျှောက်လွှာရှင်၏ အမည်၊ စာမေးပွဲအောင်မြင်သည့်ခုနှစ်၊ စာမေးပွဲခုံအမှတ်၊ အထူးပြုဘာသာ စသည်များကို တိကျစွာဖော်ပြ၍ ပါမောက္ခချုပ်၊ ဗန်းမော်တက္ကသိုလ်သို့ လိပ်မူ၍ လျှောက်ထားရမည်။
(ပြည့်စုံစွာ ဖော်ပြထားခြင်းမရှိသည့် ငွေပို့လွှာများကို လက်ခံမည် မဟုတ်ပါ။)
၅။ တက်ရောက်ဘွဲ့လျှောက်ထားပြီး ဘွဲ့နှင်းသဘင်အခမ်းအနားသို့ ဘွဲ့တက်ရောက်ယူရန်ပျက်ကွက်သူများကို အဝေးရောက်ဘွဲ့ လက်မှတ်များထုတ်ပေးသည့် အချိန်မှသာ ထုတ်ပေးမည်ဖြစ်ပါသည်။
၆။ ယခင်နှစ်များက ဘွဲ့စာမေးပွဲအောင်မြင်သူများသည် အဝေးရောက်ဘွဲ့အတွက်သာ လျှောက်ထားနိုင်သည်။

**သင်တန်းရေးရာဌာန**
**ဗန်းမော်တက္ကသိုလ်**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၇)၊ လူနေရပ်ကွက်အမှတ်(၁၃)၊ သမာဓိလမ်း၊ မြေကွက်အမှတ်(၈၄၅/က) ဟုခေါ်တွင်သော အကျယ်အဝန်း(၂၀ x ၆၀)ပေရှိ ဦးသိန်းဝင်းအမည်ပေါက် ပါမစ်မြေကွက်ကြီးနှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အဦ အပါအဝင် ရေမီးစုံ အကျိုး ခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင်လက်ရှိထား ပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဦးမြသွင် [၁၂/သဃက(နိုင်)၀၂၉၉၁၈] ကိုင်ဆောင်သူမှ တရားဝင်လက်ရှိထားပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ထုတ်ဖော်ဝန်ခံကတိပြုပြီး ရောင်းချရန် ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အေးအေးဌေး [၈/ဂဂန(နိုင်)၀၇၈၈၁၆]မှ အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား မူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ကျွန်ုပ်၏မိတ်ဆွေဘက်မှ အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်အေးအေးဌေး၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မော်မော်မြင့် (LL.B, D.B.L, D.I.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၄၃၃)**
**အမှတ် (၈၄၆)၊ သမာဓိလမ်း၊ (၁၃) ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၅၀၅၉၈၆၂၄၊ ၀၉-၂၅၃၅၆၀၀၇၀**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ (၁၄၅) ရပ်ကွက်၊ မြေကွက်အမှတ် (၁၀၆)၊ (အလျား ၄၀ ပေ × အနံ ၆၀ ပေ) အကျယ်အဝန်းရှိ ပါမစ်မြေကွက် အမည်ပေါက် **ဦးခင်မောင်လွင် (၁၂/အစန (နိုင်) ၀၃၆၇၇၄)** ၏ ရန်ကုန်မြို့၊ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံးမှ အထွေထွေကိုယ်စားလှယ်လွှဲစာ မှတ်ပုံတင်အမှတ်- ၇၆၅၃ (၈-၇-၂၀၂၀) ရရှိသူ **ဒေါ်သန့်သန့်ဇင် (၉/မလန (နိုင်) ၁၁၃၇၅၂)** က အထက်ပါ မြေကွက်အား စီမံခန့်ခွဲရောင်းချပိုင်ခွင့်ရှိပါကြောင်း ဝန်ခံကတိပြု၍ ရောင်းချသဖြင့် ကျွန်ုပ်၏မိတ်ဆွေ **ဦးဇင်ကိုဦး (၁၃/တတန (နိုင်) ၃၄၁၇၄၆)** မှ (၈-၁-၂၀၂၄) ရက်နေ့တွင် ဒေါ်သန့်သန့်ဇင်ထံမှ ဝယ်ယူထားပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
**ဒေါ်လင်းလက်လေးမောင် (LL.B, D.B.L)**
**အထက်တန်းရှေ့နေ (စဉ် - ၃၈၉၀၄)**
**အခန်း (A-၁၁/၁၂)၊ ပထမထပ်၊ အမှတ် (၅၀)၊ ဘဏ်လမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ၀၉ ၄၄၄၂၅၂၂၉၀**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-၇၊မြေကွက်အမှတ်-၃၆၂/ခ၊မြေကွက်တည်နေရာအမှတ်(၃၆၂/ခ)၊သုမင်္ဂလာလမ်း၊(၇)ရပ်ကွက်၊တောင်ဥက္ကလာပမြို့နယ်၊ဒေါ်ပြုံးရီ(၁၂/ဥကတ(နိုင်)၀၈၉၀၂၀)(BGE-065807)အမည်ပေါက်နှစ်(၆၀)ဂရန်မြေအားအမည်ပေါက်-ဒေါ်ပြုံးရီ(မိခင်)ကွယ်လွန်ပြီး၄င်းမကွယ်လွန်မီခင်ပွန်းဦးသန်းဆွေ(ဖခင်ဖြစ်သူ)နှင့်(၆-၁၂-၁၉၈၁)ရက်နေ့တွင်တရားဝင်ကွာရှင်းထားပြီးဖြစ်၍မွေးဖွားသား(၃)ဦးဖြစ်ကြသောဦးလင်းနိုင်(၁၂/ဥကတ(နိုင်)၁၄၀၃၈၃)၊ဦးတင့်နိုင်(၁၂/ဥကတ(နိုင်)၁၄၀၃၈၂)၊ဦးထွန်းထွန်းနိုင်(၁၂/ဥကတ(နိုင်)၁၄၀၁၅၃)တို့မှကျန်ရှိသားများတော်စပ်ကြောင်းကျမ်းကျိန်လွှာ၊ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ဂရန်၊နိုင်/ကတ်များ၊သေစာရင်းများ၊အိမ်ထောင်စုစာရင်း၊ဝန်ဆောင်ခတို့တင်ပြ၍(ပိုင်ဆိုင်)မြေပုံကူးလျှောက်ထားလာမှုအပေါ်တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ပျောက်ဆုံးကြောင်း

ကျွန်မ မအိအိသိမ့် [၈/မဘန(နိုင်)၁၈၅၆၁၇] နိုင်ငံကူးလက်မှတ်စာအုပ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**09-967745649**

## "ကန့်ကွက်နိုင်ကြောင်းကြော်ငြာ"

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၀)၊ မြေကွက်အမှတ်(၅၃၂)၊ မြေကွက်တည်နေရာအမှတ်(၅၃၂)၊ ဒေါနလမ်း၊ (၅၀) ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ ဦးတင်ညွှန့်(AF-၀၄၈၃၀၅) အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ်ဂရန်မြေအား [၁၂/ကတတ(နိုင်)၀၁၂၀၉၃] အမည်ပေါက် ဦးတင်ညွှန့်၏ SP အမှတ်(၂၀၇၀၄/၂၀၂၃)(၂၆-၉-၂၀၂၃) ဖြင့် ရသူ SP ဦးစိုးမိုးအောင်[၁၂/ဗဟန(နိုင်)၀၈၁၇၅၃]မှ ဂရန်၊ SP ပါဝါ၊ ပါဝါမရုပ်သိမ်းကြောင်း ကျမ်းကျိန်လွှာ၊ နိုင်/ကတ် တို့တင်ပြ၍ ဦးစိုးမိုးအောင်မှ အရောင်း မြေပုံကူးလျှောက်ထားလာရာ မြေစာရင်း မှတ်ချက်ရှိ ဘဏ်ချေးမြေပုံကူးယူ လျှောက်ထားခဲ့ခြင်းနှင့် ပတ်သက်ပြီး မြေပုံထုတ်ယူခဲ့သော်လည်း မည်သည့် ဘဏ်တွင်မှ ငွေချေးယူ ခဲ့ခြင်း မရှိကြောင်း၊ ၎င်းမြေပုံမူရင်းမှာ နှစ်ကာလကြာမြင့်ပြီးဖြစ်သဖြင့် ရှာဖွေမတွေ့ရှိဘဲ ပျောက်ဆုံးနေကြောင်း၊ ၎င်းမြေပုံနှင့် ပတ်သက်၍ ပြဿနာ တစ်စုံတစ်ရာ ပေါ်ပေါက်လာပါက လျှောက်ထားသူမှ တာဝန်ယူဖြေရှင်းပေးမည်ဖြစ်ပါကြောင်း၊ ဂရန်မူရင်းမှာလည်း မိမိလက်ဝယ်တွင်ရှိကြောင်းကျမ်းကျိန်လွှာပူးတွဲ တင်ပြလာသဖြင့် SP ဦးစိုးမိုးအောင်မှ အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာခြင်းအား တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍(၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အလုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၃ B)၊ မြေကွက်အမှတ် (ပဋ္ဌမတန်းစား ၁၀၆)၊ မြေကွက်တည်နေရာအမှတ် (၇၁)၊ ဆင်ရေကန်လမ်း၊ ဂဠုန်ရပ်ကွက်၊ အလုံမြို့နယ်၊ မလှလှ (အေဒီ-၀၀၀၉၁၈)၊ ကိုစံမြင့်(အေဒီ-၀၀၁၁၄၂) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် (ခင်ပွန်း)ဦးစံမြင့်သည် (၂၉-၈-၂၀၀၃) ရက်နေ့တွင် ကွယ်လွန်သဖြင့် ၎င်း၏အစုအတွက် (ဇနီး)ဒေါ်ခင်ခင်ဝင်းမှ လည်းကောင်း၊ ကျန်အမည်ပေါက် တစ်ဦးဖြစ်သူ(ဇနီး) ဒေါ်လှလှသည် (၁၀-၆-၂၀၁၁)ရက်နေ့တွင် ကွယ်လွန်သဖြင့် ၎င်း၏အစုအတွက် (ခင်ပွန်း)ဦးလှဌေးမှလည်းကောင်း၊ တစ်ဦးတည်းသော ဇနီး/ခင်ပွန်းများ တော်စပ်ကြောင်း၊ အခြားအမွေဆက်ခံမည့်သူ တစ်ဦးတစ်ယောက်မျှမရှိကြောင်း ရန်ကုန်တိုင်းတရားလွှတ်တော် (၂-၁၀-၂၀၂၃)ရက်စွဲပါ ကျမ်းကျိန်လွှာအမှတ် (၅၁/၂၀၂၃)၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်၊ သေဆုံးမှုလက်မှတ်၊ နှစ်(၆၀)မြေငှားဂရန် (မူရင်း)တို့ကိုတင်ပြ၍ ဒေါ်ခင်ခင်ဝင်း [၁၂/အလန(နိုင်)၀၁၆၆၉၉]၊ ဦးလှဌေး [၁၂/အလန(နိုင်)၀၂၉၉၀၁]တို့မှ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)(ကိုယ်စား)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ဝေဠုဝန်(တောင်)ရပ်ကွက်၊ ဝေဠုဝန်လမ်းကျယ်၊ အမှတ်(၃၁)ဟု ခေါ်တွင်သော (၂) ခန်းတွဲ၊ (၆) ထပ်အဆောက်အဦ၏ (၅) ထပ်၊ ၅-လွှာ (ခြေရင်းခန်း)၊ အကျယ်အဝန်း (အလျား ၁၂ ½ ပေx အနံ ၅၀ ပေ)ရှိ တိုက်ခန်းနှင့်တကွ ယင်းတိုက်ခန်းတွင် တွယ်ကပ်တပ်ဆင်ထားသည့် လျှပ်စစ်မီတာ၊ ရေမော်တာ အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဥပဒေနှင့်အညီ တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်အိအိဇင် [၁၂/ဒဂန(နိုင်)၀၂၉၉၇၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ထိုကဲ့သို့ အရောင်းအဝယ်ပြုခြင်းနှင့် စပ်လျဉ်း၍ နစ်နာမှုတစ်စုံတစ်ရာ အကြောင်းရှိနိုင်သူမည်သူမဆို ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါပြီး (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ချက်မရှိပါက တည်ဆဲဥပဒေများအား မဆန့်ကျင်စေဘဲ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးမျိုးသူရအောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၇၁၄၈)**
**အမှတ် (၄၆/ပထပ်)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၄၄၃၁၁၃၂၁၁**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ အိမ်အမှတ်(၁၆၂)၊ တတိယထပ် (၄-လွှာ)(၂၅ပေx၅၀ပေ) အကျယ်အဝန်းရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းအတွင်းရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဦးစိုးတင့် [၁၂/ကတတ(နိုင်)၀၀၇၆၇၉] မှ လက်ရှိပိုင်ဆိုင်ကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ရောင်းချရန်ကမ်းလှမ်းသဖြင့် ကျွန်ုပ် ဦးဘုန်းမြတ်နိုင် [၁၂/ကတတ(နိုင်)၁၃၄၀၇၄] ကိုင်ဆောင်ထားသူမှ ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့စ၍ (၇)ရက်အတွင်း ခိုင်မာသော စာချုပ်စာတမ်းအထောက်အထား (မူရင်း)များနှင့်အတူတကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**ဦးဘုန်းမြတ်နိုင်**
**[၁၂/ကတတ(နိုင်)၁၃၄၀၇၄]**
**ဖုန်း-၀၉-၄၂၀၀၃၈၇၀၀**

## နှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီးစီးကြောင်းကြေညာခြင်း

ကျွန်မ၏ မိတ်ဆွေ ဦးရဲဇော်ထွေး [၁၂/ရပသ(နိုင်)၀၆၈၁၃၅] နှင့် ဒေါ်နန်းကြည်ဖြူခိုင် [၉/မကန(နိုင်)၁၃၉၆၉၅]တို့သည် ၂၀၂၂ခုနှစ်မှစ၍ အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်လာခဲ့ကြပါသည်။ ထိုသို့ပေါင်းသင်းနေထိုင်လာရင်း ယခုအခါ စိတ်သဘောထားချင်း တိုက်ဆိုင်မှုမရှိတော့ပါသဖြင့် (၇-၁-၂၀၂၄) ရက်နေ့တွင် နှစ်ဦးသဘောတူ စာချုပ်ချုပ်ဆို ကွာရှင်းပြတ်စဲပြီးဖြစ်ပါ၍ တစ်ဦးနှင့်တစ်ဦး မည်သို့မျှ သက်ဆိုင်ခြင်းမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မေသဇင်ဆွေ(LL.B,DBL,DIPL)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၂၄၉)**
**အမှတ်(၂၄၅)၊ ၄လွှာ(A)၊ လေးထောင့်ကန်လမ်းမကြီး၊**
**ဇ/မြောက်ရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၅၁၈၃၇၆၉**

## (၉-၁-၂၀၂၄)ရက်စွဲပါ ကြေးမုံသတင်းစာ၏ စာမျက်နှာ-၂၉တွင်ပါသော ဒေါ်စိန်လှမြင့်၏ လွှဲအပ်ချက်အရ တရားလွှတ်တော်ရှေ့နေများဖြစ်သော ဒေါ်စိုးစိုးမိုး၊ ဒေါ်ခိုင်ခိုင်မော်(ခ)ဒေါ်သန္တာရွှေတို့၏ ပြန်လည် ရှင်းလင်းကြေညာခြင်းအပေါ်ထပ်မံကြေညာချက်

ကျွန်ုပ်မိတ်ဆွေ ဒေါ်သီသီ [၁၂/သဃက(နိုင်)၁၂၅၅၉၉]၏ လွှဲအပ်ချက်အရ ကျွန်ုပ်မှ (၂၂-၁၂- ၂၀၂၃)ရက်စွဲပါ ကြေးမုံသတင်းစာ၏ စာမျက်နှာ-၂၄တွင်ပါရှိသော (၁၉-၁၂-၂၀၂၃)ရက်စွဲပါ ကြေးမုံသတင်းစာ စာမျက်နှာ-၂၁ရှိ ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ (ခ)ရပ်ကွက်၊ မင်္ဂလာလမ်း၊ အမှတ်(၁၄)ရှိ ဒါဘာတိုက်ခန်းနှင့် စပ်လျဉ်း၍ ဒေါ်သီသီလွှဲအပ်ကြေညာချက်အား ဆက်လက်အတည်ပြု၍ ထပ်မံကြေညာအပ်သည်မှာ အထက်ပါမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော(၁၈x၅၀) ပေ ကန်ထရိုက်တိုက်ခန်းများသည် တိုက်ခန်းအင်္ဂါရပ်နှင့်ညီညွတ်သော တိုက်ခန်းများအဖြစ် ပြီးစီးပြီး လူနေထိုင်၍ရသည့် အချိန်၌ ကျွန်ုပ်မိတ်ဆွေမှ (၂၇-၄-၂၀၁၃) ရက်နေ့တွင် "နှစ်ဦးသဘောတူ တိုက်ခန်းအရောင်းအဝယ် စာချုပ်" ချုပ်ဆို၍ ငွေကျပ် ၁၀,၂၀၀,၀၀၀/-ဖြင့် ကန်ထရိုက်တာ ဦးကျော်သိန်းထံမှ ဝယ်ယူပိုင်ဆိုင်လက်ရှိထားခဲ့ကြောင်း၊ ယင်းသို့လက်ရှိထားနေထိုင်သည့်အတွက် ကျွန်ုပ်မိတ်ဆွေပိုင် ဒါဘာတိုက်ခန်း၏ လှေကားခွင် ခေါင်မိုးပေါ်ရှိ - ဒေါ်စိန်လှမြင့်တို့၏ စလောင်းတပ်ဆင်ရန်နှင့် စလောင်းလိုင်းချိန်ညှိရန်အတွက် ကျွန်ုပ်မိတ်ဆွေပိုင် ဒါဘာတိုက်ခန်းအား ဖြတ်ကျော်သွားလာရသည်ဖြစ်၍ ဒေါ်စိန်လှမြင့်၏ ခင်ပွန်း ဦးလှဦး နှင့် သားဖြစ်သူ မျိုးဇော်အောင်(ခ)ဖိုးနီမှ ကျွန်ုပ်မိတ်ဆွေ ဒေါ်သီသီ၊ ဒေါ်မြမြတို့ထံ ခွင့်တောင်း၍ ဒါဘာတိုက်ခန်းသော့အား ဖွင့်ပေးရန်နှင့် တိုက်ခန်းအတွင်းသို့ ဖြတ်သန်းသွားလာခွင့်ပြုရန် အကြိမ်ကြိမ်အကူအညီတောင်းခံ၍ သွားရောက်ခဲ့ရခြင်းသည် ကျွန်ုပ်မိတ်ဆွေမှ . အထက်ပါဒါဘာ တိုက်ခန်း ပိုင်ဆိုင်လက်ရှိထားသည်ကို ဒေါ်စိန်လှမြင့်မှ သိရှိပြီးဖြစ်သည်မှာ မြင်သာကြောင်း (၁၄-၇-၂၀၁၂) ရက်စွဲပါ မြေရှင်နှင့်ကန်ထရိုက်တာတို့ နှစ်ဦးသဘောတူကတိစာချုပ်၏ စာမျက်နှာ -၃ အပိုဒ်- ၁၃အရ အထက်ပါ ဒါဘာတိုက်ခန်းသည် ကန်ထရိုက်တာ အကျိုးခံစားခွင့်ရှိသော မြေရှင်နှင့် မသက်ဆိုင်သော တိုက်ခန်းဖြစ်ကြောင်း၊ ထို့ကြောင့်ကန်ထရိုက်ထံမှ ကျွန်ုပ်မိတ်ဆွေမှ ဝယ်ယူထားခြင်းသည်လည်း တရားဝင် ဝယ်ယူခွင့် ပိုင်ဆိုင်ခွင့်ရှိသော အခန်းဖြစ်ကြောင်း၊ ထို့ပြင်အထက်ပါ ဒါဘာတိုက်ခန်းနှင့် စပ်လျဉ်း၍ သဃ်္ဃန်းကျွန်းခရိုင် တရားရုံးတော်၌ စွဲဆိုထားသော တရားမမှုသည် လည်းကောင်း၊ သဃ်္ဃန်းကျွန်းမြို့နယ် တရားရုံး၌ အပြန်အလှန်စွဲဆိုထားသော ရာဇဝတ်မှုများတွင်သော်လည်းကောင်း၊ အမိန့်တစ်စုံတစ်ရာချမှတ်ရသေးခြင်းမရှိသေးသည့် အခြေအနေတွင် ကျွန်ုပ်မိတ်ဆွေအား (၇-၁-၂၀၂၁)ရက်နေ့၌ သော့ဖျက်၍ အတင်းအဓမ္မဝင်ရောက်ခဲ့သည်ဟုလည်းကောင်း ကျူးကျော်ဝင်ရောက်သူများဟု လည်းကောင်း ကြိုတင်သုံးသပ် သုံးနှုန်းထားခြင်းနှင့် စပ်လျဉ်း၍ တရားဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ၎င်းပြင် ယနေ့ကြေညာပါသည့်နေ့မှစ၍ နောက်နောင် ဒေါ်စိန်လှမြင့်တို့ဘက်မှ ကြေညာသည့် မည်သည့် ကြေညာချက်မဆို ဒေါ်စိန်လှမြင့်၏ တစ်ဖက်သက်ကြေညာချက်သာဖြစ်၍ ကျွန်ုပ်မိတ်ဆွေနှင့် မသက်ဆိုင် မပတ်သက်ကြောင်း၊ ကျွန်ုပ်မိတ်ဆွေမှ အသိအမှတ်ပြုမည်မဟုတ်၍ မည်သို့မျှ အရေးတယူပြု၍ ပြန်လည်ရှင်းလင်းတော့မည် မဟုတ်ကြောင်း၊ အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဥမ္မာဦး**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၆၃၃)**
**ဖုန်း-၀၉-၄၂၁၀၈၀၃၂၅**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၉၊ မြေကွက်အမှတ်-၁၃၃၀၊ မြေကွက်တည်နေရာအမှတ်(၁၃၃၀)၊ ပုန်းညက်မြိုင်လမ်း၊ (၄၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (ဒေါ်သန်းရီ CE-၀၄၄၂၂၂)အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)မြေအား အမည်ပေါက် ဒေါ်သန်းရီမြေကွက်အား ဇနီးဖြစ်သူ ဒေါ်သန်းရီကွယ်လွန်သဖြင့်ခင်ပွန်းဖြစ်သူ ဦးစိန်ထွန်း[၁၂/ဥကတ(နိုင်)၀၂၆၂၅၅]မှ ၎င်းသည်သာ တစ်ဦးတည်းသော တရားဝင်(ခင်ပွန်း)ဖြစ်ကြောင်း၊ ၎င်းမှလွဲ၍ အခြားသောခင်ပွန်း တစ်ဦးတစ်ယောက်မျှမရှိပါကြောင်း၊ ၎င်းတစ်ဦးတည်းသာတရားဝင်ပိုင်ဆိုင်ပါကြောင်း ကျမ်းကျိန်လွှာ၊ ထပ်ဆင့်ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ ဇနီးဖြစ်သူ ဒေါ်သန်းရီ၏သေဆုံးမှုလက်မှတ်၊ ဂရန်၊ နိုင်/ကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းနှင့် ဦးစိန်ထွန်းထံမှ GP.NO.၂၄၅၄၃/၂၀၂၃ (၁၇-၁၁-၂၀၂၃) ဖြင့်ရရှိသူ ဦးအေးမင်း[၉/ဝတန(နိုင်)၀၉၁၄၂၃]မှ အထွေထွေကိုယ်စားလှယ်လွှဲစာ၊ အထွေထွေကိုယ်စားလှယ်လွှဲစာပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် အထွေထွေကိုယ်စားလှယ်လွှဲစာအား ပြန်လည်မရုပ်သိမ်းကြောင်း ကျမ်းကျိန်လွှာ တို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)၊**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတော/မြောက်ရပ်ကွက်၊ ကျွန်းတောလမ်း၊ အမှတ်(၄)ဟုခေါ်တွင်သော (၂) ခန်းတွဲ၊ (၈) ထပ်အဆောက်အဦ၏ (၆)ထပ်၊ ၆-လွှာ(ဘီ)၊ အကျယ်အဝန်း (အလျား ၁၂ ပေ ၆ လက်မ x အနံ ၅၅ ပေ) ရှိ တိုက်ခန်းနှင့်တကွ ယင်းတိုက်ခန်းတွင် တွယ်ကပ်တပ်ဆင်ထားသည့် လျှပ်စစ်မီတာ၊ ရေမော်တာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဥပဒေနှင့်အညီ တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ကြည်ကြည်စမ်း [၉/ကပတ(နိုင်)၀၇၈၅၆၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ထိုကဲ့သို့ အရောင်းအဝယ်ပြုခြင်းနှင့်စပ်လျဉ်း၍ နစ်နာမှုတစ်စုံတစ်ရာအကြောင်းရှိနိုင်သူ မည်သူမဆို ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါပြီး (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ချက်မရှိပါက တည်ဆဲဥပဒေများအား မဆန့်ကျင်စေဘဲ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးမျိုးသူရအောင် (LL.B)၊ တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၁၄၈)**
**အမှတ်(၄၆/ပထပ်)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၄၄၃၁၁၃၂၁၁**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ဦးရေခဲလမ်း၊ ဦးရေခဲကွန်ဒို၊ အမှတ်(၉၇)၊ 4th Floor Level(5)၊ Unit(C)၊ အကျယ်အဝန်း(1447 sqft)အကျယ်အဝန်းရှိသော Room Type ပုံစံ ကွန်ဒိုတိုက်ခန်း(၁)ခန်းနှင့် ယင်းတိုက်ခန်းနှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဒေါ်အေးမြမွန်[၁၂/ကမရ(နိုင်)၀၆၃၆၀၇]မှ တစ်ဦးတည်းပိုင်ဆိုင်သူအဖြစ် ဝန်ခံကတိပြု၍ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုကမ်းလှမ်းသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေ ဦးစောတက်ခေတ်ဦး [၁၂/ကမတ(နိုင်)၀၆၄၁၈၃]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာချုပ်စာတမ်း မူရင်းအထောက်အထားများနှင့် တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင် ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးစောတက်ခေတ်ဦး၏လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်အေးအေးမော်(စဉ်-၇၆၀၇)** | **ဒေါ်သူသူမင်း(စဉ်-၁၂၉၆၅)** |
| **LL.B, D.B.L(WIPO Switzerland)** | **LL.B, D.B.L(WIPO Switzerland)** |
| **ဒေါ်ခင်မို့မို့ထွန်း(စဉ်-၁၅၉၉၄)** | **ဒေါ်မာလာသန်းမြင့်(စဉ်-၁၈၂၅၅)** |
| **(LL.B)** | **(LL.B)(WIPO Switzerland)** |

**(တရားလွှတ်တော်ရှေ့နေများ)**
**ဒေါ်ချယ်ရီဇော်(LL.B) (စဉ်-၄၄၃၉၃)**
**(အထက်တန်းရှေ့နေ)**
**အမှတ်(၄၉)၊ အခန်း(၅+၆)၊ လမ်း(၄၀) ကမ်းနားဘလောက်၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၆၃၁၆၁၂၅၅**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၆) ရပ်ကွက်၊ နှင်းဆီလမ်း၊ Hi-Way Complex၊ တိုက်အမှတ်(C-1), အခန်းအမှတ် (၄၀၂)၊ စတုတ္ထထပ် တိုက်ခန်းအား ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ မူလပိုင်ရှင်ထံမှ အရောင်းအဝယ်စာချုပ်ဖြင့် တိုက်ရိုက်ဝယ်ယူထားပြီး ရန်ကုန်မြို့တော် စာချုပ်စာတမ်းရုံး မှတ်ပုံတင်စာချုပ်အမှတ်-၁၉၇၄၇ (၁၄-၉-၂၀၂၃) အထူးကိုယ်စားလှယ်စာဖြင့် ပြန်လည်ရောင်းချခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုပြောဆိုလာသူ ဦးဝဏ္ဏဆန်း [၁၂/လမန(နိုင်)၁၃၃၀၉၉] ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ချယ်ရီဝင်း [၁၂/လကန(နိုင်)၂၀၂၆၇၃]က အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေပေးစာချုပ်အရ ရောင်းချသူထံသို့ စရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား စာချုပ်စာတမ်း(မူရင်း)များနှင့်အတူ ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ ဒေါ်ချယ်ရီဝင်း [၁၂/လကန(နိုင်)၂၀၂၆၇၃] ၏**
**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဖြိုးဝေ (LL.B, DBL)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၅၈၀ )**
**ဖုန်း-၀၉-၄၂၀၁၃၀၇၆၁၊ ၀၉-၇၈၉၉၀၄၇၅၁**

## ကန့် ကွက် နိုင် ကြောင်း ကြော် ငြာ

ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇၇)၊ မြေကွက်အမှတ်(၅ဘီ/၁)၊ မြေဧရိယာ(၀.၆၀၀)ဧက၊ မြေကွက်တည်နေရာ-အမှတ်(၆၂၁)၊ ရှုံမရိပ်သာလမ်း၊ (၂)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ဒေါ်စန္ဒာသော်(ခ)စတယ်လာသော် (၁၂/ကမရ(နိုင်)၀၃၂၂၂၈)၊အမည်ပေါက်သည့်မြေပိုင်မြေအားအမည်ပေါက်ဖြစ်သူ (ဇနီး) ဒေါ်စန္ဒာသော်(ခ) စတယ်လာသော်သည် (၃.၈.၂၀၂၃)ရက်နေ့တွင် ကွယ်လွန်သဖြင့် (ခင်ပွန်း) ဦးငွေထွန်း (၁၂/ကမရ(နိုင်)၀၃၃၄၀၄)မှ ခင်ပွန်းဖြစ်သူ မိမိတစ်ဦးတည်းကသာလျှင်အမွေဆက်ခံပိုင်ဆိုင်နေထိုင်စီမံခန့်ခွဲလျက်ရှိသည်မှာ မှန်ကန်ပါကြောင်း၊ ကျောက်တံတားခရိုင်တရားရုံး၏ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကျမ်းသစ္စာပြုမြွက်ဆိုလွှာ မှတ်ပုံတင်အမှတ်- ၂၄၁၇/(၆.၁၂.၂၀၂၃)၊ ထောက်ခံကျမ်းသစ္စာပြု မြွက်ဆိုလွှာ(၂)စောင်၊ သေဆုံးမှုလက်မှတ်၊ အမည်ပေါက်ပိုင်ဆိုင်စာချုပ်အမှတ် - ၃၁၀၄/၂၀၀၇ (၇.၈.၂၀၀၇)၊ အိမ်ထောင်စုလူဦးရေစာရင်း၊နိုင်ငံသားစိစစ်ရေးကတ်ပြားတို့ကိုတင်ပြ၍ပိုင်ဆိုင်ကြောင်းစာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-၃၅၊မြေကွက်အမှတ်-၁၃၁၊မြေကွက်တည်နေရာအမှတ်-၁၃၁၊ဇီဇဝါလမ်း၊(၃၅)ရပ်ကွက်၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ဦးတင်ဝင်း(TTE-၁၄၁၈၅၉)အမည်ပေါက်နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)မြေအားမြေအမည်ပေါက်-ဦးတင်ဝင်းထံမှအရောင်းအဝယ်စာချုပ်အမှတ်-၃၁၄၀/၂၀၂၁(၁၂-၁၀-၂၀၂၁)ဖြင့်တရားဝင်မခွဲမစိတ်ရသေးသော(၂၅ပေ×၆၀ပေ)အားဦးဝင်းစိုး(၈/ကမန(နိုင်)၀၀၀၆၉၆)မှဝယ်ယူပြီး၊ဦးဝင်းစိုးထံမှအရောင်းအဝယ်စာချုပ်အမှတ်-၃၅၆၂/၂၀၂၂(၉-၅-၂၀၂၂)ဖြင့်ဒေါ်နန်းလိတ်(၁၃/တခလ(နိုင်)၀၀၀၄၁၆)မှတရားဝင်မခွဲမစိတ်ရသေးသော(၂၅ပေ×၆၀ပေ)အားဝယ်ယူကာနှစ်(၆၀)မြေငှားစာချုပ်(ဂရန်)အရောင်းအဝယ်စာချုပ်၊ဝင်ငွေခွန်ချုပ်တို့တင်ပြ၍မြေကွက်ခွဲရန်မြေပုံကူးနှင့်မြေတိုင်းမြေပုံတို့လျှောက်ထားလာရာတွင်၎င်းပိုင်ဆိုင်သောအစိတ်အပိုင်းအတွက်တစ်ဖက်သတ်မြေကွက်ခွဲရန်မြေပုံကူးနှင့်မြေတိုင်းမြေပုံတို့လျှောက်ထားခွင့်ပြုပါရန်(၂၁-၈-၂၀၂၃)ရက်စွဲပါစာဖြင့်လျှောက်ထားလာခြင်းအတွက်တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

